
www.burmeseclassic.com



BURMESE CLASSIC .com

စိန်သရဖူစာပေ

# ဝင့်ကြွယ်

မိစ္ဆာဘုရင် သိုင်းလုလင်

www.burmeseclassic.com

www.burmeseclassic.com





# ဝင့်ကြွယ်

## မိစ္ဆာဘုရင်သိုင်းလုလင်


| | |
|---|---|
| ဟမှုခွင့်ပြုချက် | – ၅၀၁၁၅၉၀၈၀၈ |
| မျက်နှာဖုံးခွင့်ပြုချက် | – ၅၀၀၂၆၇၀၂၀၉ |
| ပုံနှိပ်ခြင်း | – ပထမအကြိမ် |
| အုပ်ရေ | – ၅၀၀ |
| တန်ဖိုး | – ၅၀ |
| ထုတ်ဝေကာလ | – ၂၀၀၉ခု၊ ဇွန်လ |
| မျက်နှာဖုံးပန်းချီ | – မင်းမြင့်နိုင် |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | – ဒေါ်ခင်ခင်ဝင်း (၀၂၆၇၃၁၅၂)၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | – ဒေါ်တင်တင်အုန်း(၀၃၇၄၄) စိန်သရဖူစာပေ၊ အမှတ် (၆၆)၊ ၆–လမ်း၊ ရန်ကုန်မြို့။ |

ရ၉၅ • ရ၃

ဝင့်ကြွယ်

မိစ္ဆာဘုရင်သိုင်းလုလင် / ဝင့်ကြွယ် – ရန်ကုန်၊ စိန်သရဖူစာပေ ၊ ၂၀၀၉ ။

၂၀၀ – စာ ၊ ၁၁.၉ x ၁၇.၅ စင်တီ။


www.burmeseclassic.com

www.burmeseclassic.com

# ဝင့်ကြွယ်

မိစ္ဆာဘုရင် သိုင်းလုလင်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

မိုးက အငြိုးကြီးစွာ ရွာသွန်းလျက်ရှိသည်။

မိုးစက်ပွင့်တို့နှင့်အတူ လေကြမ်းမိုးတမ ပါယှဉ်တွဲနေသည်ဖြစ်၍ ရွှမ်းဆိုးမြို့တွင်းသို့ဝင်သော လမ်းမကြီးပေါ်၌ လူအသွားအလာ ကင်းရှင်းနေသည်။

သို့သော်...

လူအသွားအလာကင်းရှင်းနေသော လမ်းပေါ်၌ ခေါင်းပေါ်မှာ ခမောက်ပြန့်တစ်လုံးကို ဆောင်းထားသော လူတစ်ယောက် လျှောက်လှမ်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ခမေတ်ပြုနိုင်သည် ထိုလူအား မိုးမစိုအောင် ကာကွယ်နိုင်ခြင်း မရှိပါချေ။

ထို့ကြောင့်—

မီးခိုးရောင်ဝတ်စုံကိုဝတ်ဆင်ကာ ကျောထက်၌ ဆေးခင်ခေါင်းတစ်လက်ကို ချိတ်လွယ်ထားသူ၏ ခန္ဓာကိုယ်ထက်တွင် မိုးရေများ ရွှဲရွှဲစိုလျက်ရှိသည်။

မီးခိုးရောင်ဝတ်စုံရှင်က ချမ်းအေးမှုကို အမှုမထားဘဲ တည်ငြိမ်သော ခြေလှမ်းများဖြင့် မြို့တွင်းသို့ဝင်သော လမ်းမကြီးအတိုင်း လျှောက်လှမ်းလာသည်။

ထိုလူကား သိုင်းလောက၌ မရဏခါးရှင်ဟူသော နာမည်ရရှိထားသူ ဟူရင်လုံပင်ဖြစ်သည်။

မိုးရေထဲ၌ လျှောက်လှမ်းလာသော ဟူရင်လုံမှာ လမ်းမကြီးဘေးမှ စားသောက်ဆိုင်တစ်ဆိုင်ရှေ့သို့ အရောက်၌ လှမ်းနေသော ခြေလှမ်းများ ရပ်တန့်သွားသည်။

ဝါးစိမ်းစားတော်ဆက်။

အဖြူခံပေါ်၌ အစိမ်းရောင်စာလုံးများဖြင့် ရေးခြယ်ထားသော ဆိုင်နာမည်ကိုကြည့်ကာ ဟူရင်လုံ ဆိုင်ထဲသို့လှမ်းဝင်လိုက်သည်။



အဆက်မပြတ်ရွာသွန်းနေသော မိုးကြောင့် ဆိုင်ထဲ၌ စားသောက်သူ အတော်နည်းပါးနေသည်ကို ဟူရင်လုံ တွေ့ရလေသည်။

သူက ဆိုင်ထဲ၌စားသောက်နေသူအချို့ကို မျက်လုံးဝေ့၍ ကြည့်လိုက်ပြီး ထောင့်ကျသောစားပွဲတစ်လုံး၌ နေရာယူကာ ဆိုင်တံခါးဝဘက်သို့ မျက်နှာလှည့်၍ထိုင်လိုက်သည်။

'ဝါးရွက်စိမ်း အရက်တစ်အိုးနဲ့ နံရိုးကင်တစ်ပွဲ ယူလာပေးပါ'

စားပွဲထိုးထွက်ခွာသွားပြီးမကြာမီ မှာထားသော ဝါးရွက် အရက်တစ်အိုးနှင့် အငွေ့ထောင်းထောင်းထနေသော နံရိုးကင်တစ်ပွဲ ရောက်လာသည်။

ဟူရင်လုံက အရက်အိုးကိုဖွင့်ကာ အရက်တစ်ခွက်ငှဲ့ယူသောက်ပြီး မွှေးကြွပ်ရွနေသော နံရိုးကင်တစ်ခုကို ကောက်ယူဝါးလိုက်သည်။

ယင်းအချိန်မှာပင် အဝါရောင်ဝတ်စုံကို ထက်အောက်ဆင်တူဝတ်ဆင်ကာ ကျောထက်၌ ဆေးခင်ခေါင်းတစ်လက်ကို ချိတ်လွယ်ထားသောလူတစ်ယောက် ဆိုင်ထဲသို့ဝင်ရောက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်တံခါးဝရှိရာသို့ မျက်နှာလှည့်ထိုင်နေသော ဟူရင်လုံက ဆိုင်ထဲသို့ဝင်ရောက်လာသူကို မြင်သည်နှင့် မျက်လုံးများမှ အရောင်တောက်ပသွားသည်။

သူ၏မျက်လုံးများက ဆိုင်ထဲသို့ဝင်ရောက်လာသော အဝါရောင် ဝတ်စုံရှင်ထံသို့ ရောက်ရှိနေသည်။

အဝါရောင်ဝတ်စုံရှင်က ဆိုင်ထဲရှိ စားသောက်နေသူများကို မျက်လုံးဝေ့ကြည့်ကာ ဟူရင်လုံထိုင်နေသော စားပွဲရှေ့သို့ ရပ်တန့်ကာ ဟူရင်လုံအား အပြုံးဖြင့် နှုတ်ဆက်လိုက်သည်။

‘ခင်ဗျားနဲ့အတူတူ စားသောက်ခွင့်ပြုနိုင်မလား’

ဟူရင်လုံ အဝါရောင်ဝတ်စုံရှင်၏လှုပ်ရှားမှုကို မျက်တောင်မခတ် စူးစိုက်ကြည့်ရင်း ခေါင်းတစ်ချက်ညိတ်လိုက်သည်။

အဝါရောင်ဝတ်စုံရှင်က ထိုင်ခုံလွတ်တစ်လုံး၌ ဝင်ထိုင်ပြီး အနားသို့ရောက်လာသော စားပွဲထိုး တစ်ယောက်ဘက်သို့ မျက်နှာလှည့်လိုက်သည်။

‘ဝါးရွက်စိမ်းအရက်တစ်အိုးနဲ့ အကောင်းဆုံးစားစရာတွေ အမြန်ယူလာခဲ့’

အဝါရောင်ဝတ်စုံရှင်က ထိုသို့ပြောလိုက်သည်နှင့် စားပွဲထိုးက လျင်မြန်စွာပြေးထွက်သွားသည်



အဝါရောင်ဝတ်စုံရှင်က ဟူရင်လုံရှိရာဘက်သို့ မျက်နှာလှည့်လိုက်သည်နှင့် ဟူရင်လုံထံမှ စကားသံထွက်ပေါ်လာလေသည်။

‘ကျုပ်ကို ဝါးစိမ်းစားသောက်ဆိုင်မှာဆုံတွေ့ဖို့ ဘယ်လို ရည်ရွယ်ချက်နဲ့ ခင်ဗျား ချိန်းလိုက်တာလဲ’

ဟူရင်လုံ၏ အေးစက်သော လေသံကြောင့် အဝါရောင်ဝတ်စုံရှင်၏ မျက်နှာထက်မှ အရယ်ရိပ်တို့ ပျောက်ကွယ်သွားလေသည်။

‘ခင်ဗျားက ကြေးစားလူသတ်သမားတစ်ယောက် မဟုတ်ဘူးလား၊ ခင်ဗျားကို ချိန်းတာ အလုပ်အပ်ဖို့ဆိုရင် ဘာအလုပ် ဆိုတာ ခင်ဗျားသိပြီးသားဖြစ်လိမ့်မယ်လို့ထင်တယ်’

ဟူရင်လုံက မခံ့တန့်ပြီး အရက်အိုးထဲမှ အရက်တစ်ခွက် ငှဲ့ကာ သောက်လိုက်သည်။

ယင်းအချိန်မှာပင် စားပွဲထိုးသုံးယောက်က အရက်တစ်အိုးနှင့် စားသောက်စရာများ ယူဆောင်လာကာ စားပွဲပေါ်၌ ခင်းကျင်းပြင်ဆင်ပေးသည်။

‘ကျုပ်တို့ စားသောက်ရင်း စကားပြောကြမယ်၊ ဒီဝိုင်း အတွက် ကုန်ကျစရိတ်ကို ကျုပ်ရှင်းမှာပါ’

www.burmeseclassic.com



ဟူရင်လုံအား သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်လိုက်ပြီး ပတ်ဝန်းကျင်ကို မျက်လုံးဝေ့၍ကြည့်လိုက်သည်။

'ခင်ဗျား၊ ကျုပ်ကို ဝါးစိမ်းစားသောက်ဆိုင်မှာဆုံဖို့ ချိန်းလိုက်တာ ကျုပ်ကို လူသတ်ခိုင်းဖို့မဟုတ်လား...'

'ကျုပ် လူတစ်ယောက်ကို သတ်တဲ့နေရာမှာ လူအနေအထား ပေါ်မှာ မူတည်ပြီး အခကြေးငွေပြောင်းလဲမှုရှိတယ်ဆိုတာကို တော့ ခင်ဗျားလေ့လာထားပြီးပြီ မဟုတ်လား'

အဝါရောင်ဝတ်စုံရှင်က အရက်အိုးထဲမှ အရက်တစ်ခွက် ထည့်သောက်ပြီး ခေါင်းညိတ်လိုက်သည်။

'ကျုပ်သတ်ခိုင်းတဲ့လူကို ခင်ဗျား သတ်ပေးနိုင်မယ်ဆိုရင် ကျုပ်က ခင်ဗျားကို ရွှေတစ်ဆယ်သားတိတိပေးဖို့ ရည်ရွယ်ထားပါတယ်'

အဝါရောင် ဝတ်စုံရှင်ထံမှ ရွှေတစ်ဆယ်သားပေးမည် ဟူသော စကားကြောင့် ဟူရင်လုံ စိတ်ဝင်စားသွားသည်။

'ရွှေတစ်ဆယ်သားတန်တဲ့လူကို ကျုပ်တစ်ယောက်မှမသတ်ရသေးဘူး၊ ကျုပ် သတ်ပေးရမယ့်လူ ဘယ်သူဆိုတာပြောပါ'

ဟူရင်လုံ ထိုသို့ပြောလိုက်သည်နှင့် အဝါရောင်ဝတ်စုံရှင်၏ မျက်နှာမှာ အပြုံးတစ်မျိုး ဖြစ်ပေါ်သွားသည်။



'ခင်ဗျားသတ်ရမယ့်လူဟာ ကြောင်နက်ပါ'

'ဗျာ... ကျုပ်သတ်ရမယ့်လူဟာ ကြောင်နက် ဟုတ်လား'

ဟူရင်လုံက စိတ်လှုပ်ရှားသွားသော အမူအရာဖြင့် မေး လိုက်လေသည်။

အဝါရောင်ဝတ်စုံရှင်က အိတ်ထဲသို့လက်နှိုက်ပြီး အနီရောင် ကတ္တီပါဖြင့် ပတ်ထားသော လေးထောင့်သဏ္ဌာန်ပစ္စည်းကို စားပွဲပေါ်၌ တင်လိုက်သည်။

'ရွှေတစ်ဆယ်သားအတိရှိတယ်၊ ကျုပ်ပြောတဲ့အလုပ်ကို လက်ခံနိုင်မယ်ဆိုရင် ခင်ဗျားယူထားလိုက်ပါ'

ဟူရင်လုံက ရွှေထုပ်ကိုကောက်ယူခြင်းမရှိဘဲ အရက်အိုး ထဲမှ အရက်တစ်ခွက် ထည့်ယူသောက်လိုက်သည်။

'ကြောင်နက်က တစ်ကိုယ်တော် ဓားပြလုသတ်သမား တစ်ယောက်ပဲ၊ တောင်းဆောင်မှာ ပျံသန်းသွားလာနေတဲ့ ငှက် တစ်ကောင်ကို ရှာလို့တွေ့ရင်တွေ့မယ်၊ ကြောင်နက်လိုလူ တစ် ယောက်ကို ရှာတွေ့ဖို့မလွယ်လှဘူး...'

'ကျုပ်က အလုပ်တစ်ခုကိုလက်ခံရင် တာဝန်ကျေအောင် ဆောင်ရွက်တတ်တဲ့ အလေ့အထရှိတယ်၊ ခင်ဗျားပြောတဲ့လူကို သတ်ဖို့အတွက် ကျုပ်ကို သုံးလတော့ အချိန်ပေးရလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ဟူရင်လုံက တည်ကြည်ခန့်လေးနက်သောအမူအရာဖြင့် ပြောလိုက်သည်။

အဝါရောင်ဝတ်စုံရှင်က သဘောတွေ့ပေါက်ဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

'သိုင်းလောကမှာ ဟူရင်လုံ ကျင်လည်ခဲ့တဲ့ အကွက်စမ်း တစ်လျှောက်လုံးမှာ အမှားအယွင်းမရှိဘူးဆိုတာ ကျုပ်သိထားတယ်.....

'ကြွခင်နက်ကို ခင်ဗျားရှာတွေ့နိုင်မယ်ဆိုတာကိုလဲ ကျုပ်ယုံကြည်ပါတယ်'

မြှောက်ပင့်ပြောဆိုမှုကို မနှစ်သက်သော ဟူရင်လုံက ရွှေထုပ်ကို သိမ်းယူကာ ထိုင်နေရာမှ ထရပ်လိုက်သည်။

ထို့နောက်....

အရက်အိုးကိုယူကာ မော့သောက်လိုက်သည်။

'ခင်ဗျားအနေနဲ့ သုံးလအတွင်းမှာ ကြွခင်နက်ဆိုတဲ့ လူတစ်ယောက် သိုင်းလောကထဲက ရာသက်ပန်အနားယူသွားပြီလို့ သိခွင့်ရရင် ကျေနပ်မယ်မဟုတ်လား....

'ကျုပ်အောင်းထားတဲ့ အချိန်အတိုင်းအတာ အတွင်းမှာ ကြွခင်နက်ကိုတွေ့အောင်ရှာပြီး သတ်ပေးမယ်'



ဟူရင်လုံ စကားဆုံးသည်နှင့် ခြေလှမ်းများကို စတင်ရွှေ့လျားလိုက်သည်။

မိုးတိတ်သွားပြီဖြစ်၍ ဆိုင်ရှေ့လမ်းမပေါ်၌ လူတို့သွားလာလှုပ်ရှားနေသည်။

ဟူရင်လုံက ဆိုင်ပြင်သို့ရောက်သည်နှင့် မြို့ပြင်သို့ထွက်သော လမ်းအတိုင်း လျှောက်လှမ်းလာသည်။

မကြာမီ အရက်ဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်လာသည်။

ဆိုင်နာမည်မရှိသော အရက်ဆိုင်ငယ်လေးတစ်ဆိုင် ဖြစ်လေသည်။

ဟူရင်လုံက အရက်ဆိုင်ရှေ့သို့အရောက်၌ လှမ်းနေသော ခြေလှမ်းများကို ရပ်တန့်လိုက်သည်။

ယင်းအခိုက်မှာပင် ဟူရင်လုံ၏ ကျောနောက်ဘက်မှ အေးစက်သောရယ်သံသဲ့သဲ့ ထွက်ပေါ်လာသည်။

ရယ်သံ၏နောက်ကွယ်တွင် အန္တရာယ်အငွေ့အသက်များ ရောစွက်ပါလာကြောင်း သိုင်းလောကအတွေ့အကြုံရင့်ကျက်နေပြီဖြစ်သော ဟူရင်လုံက သိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက နောက်သို့လှည့်မကြည့်ဘဲ ကျောက်ရုပ် တစ်ရုပ်လို မလှုပ်မယှက် ငြိမ်သက်စွာရပ်နေလိုက်သည်။

'သိုင်းလောကမှာ မရဏဓားဘွဲ့ရထားတဲ့ လူတစ်ယောက်က ဆင်းရဲသားတွေ စားသောက်တဲ့ဆိုင်မှာ စားသောက်ဖို့ စိတ်ကူးရှိတာ အံ့သြစရာပဲ'

ဟူရင်လိုက ကျောနောက်မှထွက်ပေါ်လာသော စကားသံကြောင့် မျက်နှာထက်၌ ထူးခြားသောအပြုံးတစ်မျိုးဖြစ်ပေါ်လာသည်။

ထို့နောက်....

သူက ဆိုင်ထဲသို့လှမ်းဝင်ရန် ခြေလှမ်းပြင်လိုက်သည်။

ဟူရင်လို ဆိုင်တံခါးဝသို့ ရောက်လာသည်။

ဆိုင်ထဲ၌ စားသောက်နေသူ ငါးယောက်ခန့်ရှိနေသည်။

ဟူရင်လိုက စားပွဲလွတ်တစ်လုံး၌ နေရာယူလိုက်သည်။

'အရက်တစ်အိုးနဲ့ ငါးအမဲတစ်ကင် ယူလာပေးပါ'

စားပွဲထိုးတစ်ယောက်အား ငါးကင်နှင့် အရက်တစ်အိုး မှာလိုက်စဉ်မှာ အပြာရောင်ဝတ်စုံကို ထက်အောက်ဆင်တူ



ဝတ်ဆင်ထားသော အသက်သုံးဆယ်ကျော်ခန့်အရွယ်ရှိ လူတစ်ယောက် ဆိုင်ထဲသို့ဝင်ရောက်လာသည်။

အဖိုးတန် အပြာရောင်ပိုးသားဝတ်စုံကို ဝတ်ဆင်ထားသူ၏ ကျောထက်၌ ဓားမားတစ်လက်ကို ချိတ်လွယ်ထားသဖြင့် သိုင်းသမားတစ်ယောက် ဖြစ်ကြောင်း သိရသည်။

အပြာရောင်ဝတ်စုံရှင်၏ခန္ဓာကိုယ်မှာ သေးသွယ်သော်လည်း စူးရှတောက်ပြောင်သော မျက်လုံးများက အတွင်းအားကောင်းသော အဆင့်မြင့်သိုင်းသမားတစ်ယောက် ဖြစ်ကြောင်း ဖော်ပြနေသကဲ့သို့ရှိသည်။

အပြာရောင်ဝတ်စုံရှင်က တည်ငြိမ်သောခြေလှမ်းများဖြင့် ဟူရင်လိုထိုင်နေရာစားပွဲရှေ့သို့ လျှောက်လာသည်။

ထို့နောက်....

အပြာရောင်ဝတ်စုံရှင်က ဟူရင်လိုနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်သည်။

'ကျုပ်က ခင်ဗျားကို အကောင်းဆုံးစားသောက်ဆိုင်တစ်ဆိုင်မှာ ဧည့်ခံဖို့ စိတ်ကူးနေတာ၊ ခင်ဗျားက ဒီဆိုင်ထဲဝင်လာတော့ ဒီဆိုင်ကအရက်နဲ့ပဲ ဧည့်ခံရမှာပဲ....'

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားစားသောက်လိုတဲ့ စားစရာကိုမှာစားပါ၊ ဒီဝိုင်းက ကျသင့်ငွေကို ကျုပ်ရှင်းပေးမယ်'

အပြာရောင်ဝတ်စုံရှင်ကထိုသို့ပြောပြီး ဟူချင်လုံနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံတစ်လုံးပေါ်၌ ထိုင်လိုက်သည်။

စားပွဲထိုးတစ်ယောက်က ဟူချင်လုံမှာထားသော အရက်တင်အိုးနှင့် ငါးကင်တစ်ကောင် ယူဆောင်လာသည်။

'အရက်တစ်အိုးနဲ့ ကြက်ကင်တစ်ကောင် ယူလာပေးပါ'

အပြာရောင်ဝတ်စုံရှင်က အရက်နှင့် ကြက်ကျော်မှာပြီး ဟူချင်လုံဘက်သို့ မျက်နှာလှည့်လိုက်သည်။

'ကျုပ် ဘယ်သူဆိုတာနဲ့ ခင်ဗျားကို ဘာကြောင့်ဧည့်ခံတယ်ဆိုတာ မမေးတော့ဘူးလား'

ဟူချင်လုံက အရက်အိုးထဲမှ အရက်တစ်ခွက်ငှဲ့သောက်ပြီး ခြောက်ကပ်ကပ်လေသံဖြင့် ရယ်လိုက်သည်။

'ခင်ဗျား စေတနာရှိလို့တိုက်ကျွေးတာကို ကျုပ် မငြင်းပါဘူး၊ ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ်၊ ခင်ဗျားကို ကျုပ်မေးဖို့အကြောင်းမရှိဘူး—

'ခင်ဗျား ဘယ်လိုရည်ရွယ်ချက်နဲ့ ကျုပ်ကိုချဉ်းကပ်တယ်ဆိုတာ ခင်ဗျားကလွဲပြီး ဘယ်သူမှသိနိုင်မှာမဟုတ်ဘူး'



ဟူချင်လုံ၏စကားမှာ ရယ်စရာမပါသော်လည်း အပြာရောင်ဝတ်စုံရှင်ထံမှ ရယ်သံထွက်ပေါ်လာသည်

'ခင်ဗျားက ကျုပ်ကို ဘယ်သူဆိုတာမမေးတော့ ကျုပ်ကပဲ ဘယ်သူဆိုတာ ဖွင့်ပြောရတော့မှာပေါ့—

'ကျုပ်ဟာ သိုင်းလောကမှာ နေရာမရှိသေးတဲ့ တော်ဆော တစ်ယောက်ပါ၊ ကျုပ်နာမည်က ကျင်ပိုင်ရှောင်ပါ'

အပြာရောင်ဝတ်စုံရှင်သည် မြောက်ပိုင်းဒေသ၌ကျော်ကြားသော သိုင်းသမားတစ်ယောက်ဖြစ်ကြောင်း ဟူချင်လုံ သိရှိလိုက်သည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

ကျော်ပိုင်ရှောင်သည် အဖြူရောင်သိုင်းသမားတစ်ယောက်ဖြစ်သော်လည်း အသက်ရတော့မြိုး လျှို့ဝှက်သောလူတစ်ယောက်ဖြစ်သည်။

တောင်ပိုင်းနယ်သို့ ကျော်ပိုင်ရှောင် ရောက်ရှိလာသည်မှာ ခြောက်လခန့်မျှသာရှိသေးသော်လည်း သိုင်းလောကမှ အဆင့်မြင့် သိုင်းပညာရှင်အတော်များများကို တိုက်ခိုက်အနိုင်ယူခဲ့လေသည်။

ထူးခြားသည့်အချက်မှာ ကျော်ပိုင်ရှောင်နှင့် တိုက်ခိုက်သူ သိုင်းသမားအားလုံး အနက်ရောင်သိုင်းလောကမှ သိုင်းသမားများ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်....

သိုင်းလောကသားများက ကျင်ပိုင်ရှောင်ကို အမြူရောင်ဆိုင်းသမားတစ်ယောက်အား နားလည်လက်ခံထားခြင်း ဖြစ်လေသည်။

ယခုလည်း၊ ကျင်ပိုင်ရှောင် မည်သို့သောရည်ရွယ်ချက်ဖြင့် ရောက်ရှိလာသည်ကို ဟူရင်လုံမှာ မတွေးတတ်အောင်ရှိနေလေသည်။

ကျင်ပိုင်ရှောင်ဆိုသည် အကြောင်းမဲ့ လာရောက်တွေ့ဆုံခြင်း ဖြစ်မည် မဟုတ်ပေ။

ဟူရင်လုံက ထိုသို့တွေးတောစဉ်းစားနေစဉ်မှာပင် ကျင်ပိုင်ရှောင် မှာထားသောအရက်နှင့် ကြက်ကြော် ရောက်ရှိလာလေသည်။

ထို့နောက်....

နှစ်ယောက်သား အတွေးကိုယ်စီနှင့် ငြိမ်သက်စွာ စားသောက်နေကြသည်။

သိုင်းလောကမှ လူအချို့က ကျင်ပိုင်ရှောင်သည် သိုင်းလောကထဲရှိ ကြေးစားဓားသိုင်းသမားများကိုရှာဖွေသုတ်သင်နေသော လူတစ်ယောက်အဖြစ် ထင်ကြေးပေးကြသည်။



ဟူရင်လုံသည် ကြေးစားလူသတ်သမားတစ်ယောက် ဖြစ်လေသည်။

ထို့ကြောင့်....

ကျင်ပိုင်ရှောင်ကို ဟူရင်လုံ သတိထား၍ စောင့်ကြည့်နေရသော အခြေအနေမျိုး ဖြစ်နေသည်။

ယခုကဲ့သို့ ဟူရင်လုံနှင့် ကျင်ပိုင်ရှောင် နှစ်ယောက်အတူ မျက်နှာချင်းဆိုင် အရက်သောက်နေသည်ကို သိုင်းလောကသားများ တွေ့မြင်ပါက လွန်စွာအံ့အားသင့်ကြမည်ပင်။

အဘယ်ကြောင့်ဆိုသော် ဟူရင်လုံသည် ကြေးစားလူသတ်သမားနာမည်ဖြင့် ထိပ်ဆုံးရောက်နေသူဖြစ်သည်။

သူလိုလူတစ်ယောက်ကို ကျင်ပိုင်ရှောင်လိုလူတစ်ယောက်မှ အရက်တိုက်ခြင်းသည် သူ့အတွက် ကောင်းသောအလားအလာ မဟုတ်ချေ။

"ခင်ဗျား ဘာတွေစဉ်းစားနေတာလဲ၊ ကျုပ်က ခင်ဗျားကို ဘာကြောင့်အရက်တိုက်တယ်ဆိုတာကို စဉ်းစားနေတာလား"

ဟူရင်လုံက အရက်ခွက်ကို မော့သောက်ပြီး ခေါင်းတစ်ချက် ဆတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



၈

ထို့နောက်—

အေးစက်စူးရှသော အကြည့်ဖြင့် ကျော်ပိုင်ရှောင်ကိုကြည့်ကာ တက်ခနဲရယ်လိုက်သည်။

'ခင်ဗျားပြောတာမှန်တယ်၊ ခင်ဗျား အကြောင်း ကျုပ်ကို အရက်တိုက်တယ်ဆိုတာကို ကျုပ်စဉ်းစားနေတာ၊ ခင်ဗျားလို လူတစ်ယောက်က ကျုပ်ကို အကြောင်းမဲ့ အရက်မတိုက်ဘူး ဆိုတာလဲ ကျုပ်သိတယ်...

'ခင်ဗျား ဘယ်လိုရည်ရွယ်ချက်နဲ့ ကျုပ်ဆီကိုရောက်လာတယ်ဆိုတာ အမှန်အတိုင်းပြောဖို့ လိုလိမ့်မယ်ထင်တယ်'

ဟူရင်လုံက ခက်ထန်မှုမရှိသော်လည်း တည်ငြိမ်သော လေသံဖြင့် ပြောလိုက်သည်။

ကျော်ပိုင်ရှောင်က နှုတ်ခမ်းတွန့်ကာ ပြုံးသည်။

'ဟူရင်လုံဆိုတဲ့လူဟာ အလွန်ပါးနပ်တဲ့ လူတစ်ယောက်ဆိုတာ ကျုပ် ဆသောပေါက်ပါတယ်—

'ခင်ဗျားဟာ ကြေးစားလူသတ်သမားလို့ နာမည်ခံယူထားပေမယ့် ကျောင်းသားတုဝမှာ ထိပ်ဆုံးရောက်နေတဲ့လူတစ်ယောက် မဟုတ်လား'



ဟူရင်လုံက ခြောက်ကပ်ကပ်လေသံဖြင့် ရယ်လိုက်သည်။

'ခင်ဗျားပြောမှပဲ ကျုပ်ဟာ လူတော်တစ်ယောက်ဖြစ်မှန်းမသိ ဖြစ်သွားတယ်၊ ကျုပ်မိတ်ဆွေအတော်များများကတော့ ကျုပ်ကို လူညံ့တစ်ယောက်လို့ပဲ သတ်မှတ်ထားတယ်—

'ကျုပ် ဘယ်လောက်ညံ့သလဲဆိုတော့ ကျုပ်ကိုသတ်မယ့်လူနဲ့ အရက်အတူသောက်တယ်ဆိုတာတည်းက ကျုပ်ရဲ့ညံ့ဖျင်းမှုကို ခင်ဗျားသိနိုင်မယ်ထင်တယ်'

ဟူရင်လုံစကားကြောင့် ကျော်ပိုင်ရှောင်မျက်နှာ၌ အပြောင်းအလဲများ ဖြစ်ပေါ်သွားသည်။

ကျော်ပိုင်ရှောင်က အရက်အိုးထဲမှ အရက်တစ်ခွက်ကိုငှဲ့၍ သောက်လိုက်သည်။

'ခင်ဗျားဆီကို ကျုပ်ရောက်လာတဲ့အကြောင်းကို ပြောရမယ်ဆိုရင် ခင်ဗျားဆီက ပညာရပ်တစ်ခုလိုချင်လို့ပါ'

ကျော်ပိုင်ရှောင်ထံမှ မျှော်လင့်မထားသော စကားကြောင့် ဟူရင်လုံမှာ မျက်ခုံးနှစ်ဘက် အပေါ်သို့မြင့်တက်သွားသည်။

'ကျုပ်ဆီက ပညာရပ်တစ်ခုလိုချင်လို့ ဟုတ်လား၊ ဘာလို ပညာရပ်ကို ခင်ဗျားလိုချင်တာလဲ'

'လူသတ်တဲ့ပညာရပ်ပါ'

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပိုင်ရှောင်၏ အဖြေစကားဆုံးသည်နှင့် ဟူရင်လုံ၏ မျက်နှာမှာ ထူးခြားသောအပြုံးတစ်မျိုး ဖြစ်သွားသည်။

၎င်းအပြုံးနှင့် တစ်ချိန်တည်းမှာပင် သူ၏မျက်လုံးနှစ်လုံးက ကျောင်းပိုင်ရှောင်၏ကျောခိုနေရာဘက်သို့ ရောက်ရှိသွားသည်။

အဆင့်မြင့်သိုင်းသမားတစ်ယောက်ဖြစ်သော ကျောင်းပိုင်ရှောင် လျှင်မြန်သောလှုပ်ရှားမှုဖြင့် ကျောနေရာသို့ လှည့်လိုက်လေသည်။

သူ၏နေရာဘက် စားပွဲ၌ အညိုရောင်ဝတ်စုံဝတ်ထားသည့် လူတစ်ယောက် အရက်ထိုင်သောက်လျက်ရှိနေသည်။

သူ တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွား၏။

အညိုရောင်ဝတ်စုံရှင်၏မျက်နှာမှာ ပြုံးနေသော်လည်း ထို အပြုံးက ကြောက်စရာကောင်းသောအပြုံးဖြစ်ကြောင်း ကျောင်းပိုင်ရှောင် သိထားသည်။

ထိုလူသည် သိုင်းလောက၌ ထင်ပေါ်ကျော်ကြားသော နတ်ဓားကျောင်းအိမ်ဖြစ်နေခြင်းကြောင့် သူ တုန်လှုပ်ချောက်ချားသွားခြင်းဖြစ်သည်။

နတ်ဓားကျောင်းအိမ်သည် ဟူရင်လုံ၏ သွေးသောက်မိတ်ဆွေတစ်ယောက်ဖြစ်ကြောင်း သူ သိထားသည်။



'ဟား…ဟား…ဟား'

ကျောင်းပိုင်ရှောင်သည် ကျေနပ်သဘောကျဟန်မျိုးဖြင့် ကျယ်လောင်စွာ ရယ်မောလိုက်၏။

ထူးခြားသော ကျောင်းပိုင်ရှောင်၏အပြုအမူကို နားမလည်နိုင်ဟန်အမူအရာမျိုးဖြင့် ဟူရင်လုံ ကြည့်လိုက်၏။

'ဟူရင်လုံဆိုတာ လူသတ်တဲ့ပညာရပ်တစ်ခု ယူမယ်လို့ စိတ်ကူးတာ၊ ကံကောင်းချင်တော့ နတ်ဓားကျောင်းအိမ်ဆီကပါ လူသတ်တဲ့ပညာရပ်ကို ရလိမ့်မယ်ထင်တယ်…'

'သိုင်းလောကမှာ ထင်ပေါ်ကျော်ကြားတဲ့ အဆင့်မြင့် သိုင်းပညာရှင်နှစ်ယောက်ရဲ့ပညာရပ်တွေကို ကျုပ် မြင်တွေ့ခွင့် ရလိမ့်မယ်လို့ မျှော်လင့်တာပဲ'

ကျောင်းပိုင်ရှောင်က ထိုသို့ပြောပြီး ငွေစအချို့ကို စားပွဲပေါ် တင်ကာ ထိုင်နေရာမှ ထရပ်လိုက်၏။

သူ၏ ထူးခြားသောအပြုအမူကြောင့် ဟူရင်လုံ ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်လိုက်၏။

ဆိုင်ပြင်ဘက်၌ သိုင်းသမားများရောက်ရှိနေသည်ကို ဟူရင်လုံ တွေ့မြင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပိုင်ရှင်ဘာ လျှင်မြန်သောခြေလှမ်းများဖြင့် ဆိုင်အပြင်ဘက်သို့ ရောက်ရှိသွားသည်။

ဟူရင်လုံ၏စားပွဲသို့ ကျောင်းအိမ် ရှေ့ပြောင်းရောက်ရှိလာသည်။

ဟူရင်လုံက အရက်အိုးထဲမှ အရက်တစ်ခွက် ထည့်ပေးလိုက်သည်။

'ကျောင်းပိုင်ရှင်က ကျုပ်တို့နှစ်ယောက်ရဲ့ ပညာရပ်တွေကို ကြည့်ခွင့်ရမယ်လို့ ပြောသွားတယ်၊ သူ ဘာယ်လိုရည်ရွယ်ချက်နဲ့ ရောက်လာတယ်ဆိုတာ ကျုပ် တွေးလို့မရဘူး'

ဟူရင်လုံက စိတ်ရှုပ်ထွေးဟန်ဖြင့် ပြော၏။

ကျောင်းအိမ်ထံမှ ရယ်သံသဲ့သဲ့ ထွက်ပေါ်လာ၏။

'ဒီအရက်ဆိုင်ရဲ့ အရပ်လေးမျက်နှာမှာ အနက်ရောင် သိုင်းသမား အတော်များများ ရှိနေတယ်...

'အနက်ရောင်သိုင်းသမားတွေ ရှိနေတာက ကောင်းသော ရှိခြင်းမျိုးမဖြစ်နိုင်ဘူး၊ ဒါကြောင့် ကျောင်းပိုင်ရှင်က ကျုပ်တို့ နှစ်ယောက်ရဲ့သိုင်းပညာကို ကြည့်ခွင့်ရမယ်လို့ ပြောသွားတယ် ထင်ရတာပဲ'



အနီးပတ်ဝန်းကျင်၌ အသက်ကိုရှန်ရှာမည့်ရန်သူများ ဝိုင်းရံ အားသော်လည်း နတ်ဘေးကျောင်းအိမ် အနည်းငယ်မျှ စိုးရိမ် ဟန်မရှိသောလေသံမျိုးဖြင့် ပြောသည်။

'ဒီလူတွေက ဒီနေရာကို ဘယ်လိုရည်ရွယ်ချက်နဲ့ရောက်လာ ကြတာလဲ'

ဟူရင်လုံက သဘောပေါက်ခြင်းမရှိသော အမူအရာမျိုးဖြင့် မေးလိုက်၏။

'ကျုပ်သိသလောက် ပြောရမယ်ဆိုရင် ဒီလူတွေအားလုံး သေမင်းတောင်ကြားကလူတွေ ဖြစ်လိမ့်မယ်...

'သူတို့က မင်းကို အနိုင်ယူနိုင်လိမ့်မယ်လို့ မျှော်လင့်ထားပုံ ရတယ်၊ အနားယူနေတဲ့စားတွေ အလုပ်ပေးရတော့မယ့်အချိန် ရောက်ပြီထင်တယ်'

နှစ်ယောက်စလုံး တိုင်ပင်မထားဘဲ ပြိုင်တူ ရယ်မောလိုက် ကြသည်။

ရယ်သံက ကျယ်လောင်၍ ဆိုင်ထဲ၌ ရယ်သံများ ပဲ့တင် ထပ်တော်သွားသည်။

ထမင်းအချိန်မှာပင် ဆိုင်ထဲသို့ လူတစ်စု ဝင်ရောက်လာကြ သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူစုကို ဦးဆောင်လာသူမှာ အသက်ခြောက်ဆယ်ခန့် အရွယ် အဘိုးအိုနှစ်ယောက်ဖြစ်၏။

အဘိုးအိုတစ်ယောက်က အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ကျန်အဘိုးအိုတစ်ယောက်က ခရမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

အဘိုးအိုနှစ်ယောက် ဟူရင်လု နှင့် ကျောင်းအိမ်တို့အနီးသို့ ရောက်လာသည်။

မျက်လုံးမျှားက ယူသတ်လိုသောအရိပ်သဏ္ဌာန်များ ဖြစ်ပေါ်နေသည်။

ထိုလူစု စားပွဲအနီးရောက်သည်နှင့် နတ်ခေါ်ကျောင်းအိမ် ထံမှ ကျယ်လောင်သောအသံ ထွက်ပေါ်လာ၏။

'အခုမှ အခက်တွေ့ပြီ ဟူရင်လု ၊ ကျုပ် အခေါင်းတွေ မှာထားဖို့ မေ့ခဲ့နေတယ်၊ သေမယ့်လူတွေအတွက် အခေါင်းတွေကြိုတင်မှာထားသင့်တာတော့ အမှန်ပဲ'

နတ်ခေါ် ကျောင်းအိမ်၏ ကျယ်လောင်သောအသံ ကြောင့် အဘိုးအိုနှစ်ယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ထို့နောက် အနက်ရောင်ဝတ်စုံဝတ်ထားသော အဘိုးအိုထံမှ စကားသံထွက်ပေါ်လာသည်။



'ကျုပ်တို့က အခေါင်းအများကြီးမလိုဘူး၊ အခေါင်းက လူနှစ်ယောက်အတွက်ပဲ လိုတယ်၊ လူနှစ်ယောက် အတွက် အခေါင်းကို ကြိုတင်မှာထားပြီးပါပြီ'

အနက်ရောင်ဝတ်စုံရှင်ထံမှ အေးစက်သောအသံ ထွက်ပေါ်လာသည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

နတ်ခါးကျောင်းအိမ်ဓာ ခြေစဉ်ကုပ်ကပ်လေသံဖြင့် ရယ်လိုက်သည်။

‘သေမင်းစောင်ကြားမှာနေတဲ့ လူတွေအားလုံး အတွက်ကြီးတဲ့ တစ်ကိုယ်ကောင်းသမားတွေပဲ၊ ပင်လယ်ဓားပြ ခုနစ်ယောက်မှာ တူချွန်းနဲ့ စီချင်အိတ်ဖ ပို့ပြီးအတွက်ကြီးတယ်...

‘သူတို့နှစ်ယောက်အတွက် အခေါင်းနှစ်လုံး ကြိုတင်မှာထားပြီး ကျန်တဲ့လူတွေအတွက်တော့ အခေါင်းမှာမထားဘူး၊ တကယ်ဆို နေ့စက်လိုက်ထပည့်တွေအတွက်ပါ အခေါင်းတွေမှာထားသင့်တယ်’

www.burmeseclassic.com

www.burmeseclassic.com



နတ်ခေါ်ကျောင်းအိမ်က ထိုသို့ပြောလိုက်သည်နှင့် အဘိုးအိုနှစ်ယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

'မင်း မှားနေပြီထင်တယ်'

အနက်ရောင်ဝတ်စုံရှင် တုချန်းထံမှ စကားသံထွက်ပေါ်လာသည်။

နတ်ခေါ်ကျောင်းအိမ် လှောင်ပြောင်ဟန် လေသံမျိုးဖြင့် ရယ်လိုက်သည်။

'ကျုပ် သိုင်းလောကမှာ ကျင်လည်လာတဲ့ အချိန်တစ်လျှောက်လုံး အမှားမလုပ်ခဲ့ဘူးဆိုတာ သိုင်းလောကသားတိုင်း သိနိုင်ကြမယ်ထင်တယ်၊ ကျုပ်ပြောတာမှန်တယ်မဟုတ်လား၊ စီချင်အိ'

နတ်ခေါ်ကျောင်းအိမ်က တုချန်းအနီးတွင်ရှိနေသော ခရမ်းရောင်ဝတ်စုံရှင် စီချင်အိကို မေးလိုက်သည်။

စီချင်အိက အေးစက်စူးရှသော အကြည့်ဖြင့် နတ်ခေါ်ကျောင်းအိမ်ကိုကြည့်ကာ ခေါင်းကို လေးပင်စွာညိတ်လိုက်လေသည်။

'နတ်ခေါ်ကျောင်းအိမ် အမှားမရှိသေးလို့ အချိန်ထိ အသက်ရှင်နေတယ်ဆိုတာကို ကျုပ်သိတယ်၊ ဒါပေမယ့် မကြာတော့တဲ့



အချိန်မှာ ကျူးလွန်မိတဲ့ အမှားကို မြင်လာဖို့အကြောင်းရှိပါတယ်...

'ဒါကြောင့် တုချန်းက အခေါင်းတစ်လုံးမှာဖို့စိတ်ကူးကို ဖျက်ပြီး အခေါင်းနှစ်လုံးမှာလိုက်တာပဲ'

နတ်ခေါ်ကျောင်းအိမ် ပခုံးနှစ်ဘက်ကို ဟန်ပါပါ တွန့်လိုက်လေသည်။

'သေမင်းခေါင်ကြော နဲ့ ကျုပ်တို့ ရန်ငြိုးမရှိဘဲ ခင်ဗျားတို့က ဘယ်လိုကြောင့် ရန်ရှာဖို့ကြိုးစားတာလဲ'

စီချင်အိက စိတ်မရှည်သောအမူအရာဖြင့် ခေါင်းညိတ်လိုက်သည်။

'မင်းတို့နဲ့ ရန်ငြိုးမရှိဘူးဆိုတာတော့ မှန်ပါတယ်'

စီချင်အိက စကားကိုရှေ့မဆက်ဘဲ ရပ်တန့်သွားလိုက်လေသည်။

'ရန်ငြိုးမရှိဘဲ ခင်ဗျားတို့က ဘယ်လိုကြောင့် သိုင်းဆရာတွေစုပြီး ဒီနေရာကိုရောက်လာတာလဲ'

'လူတစ်ယောက်က အကူအညီတောင်းလို့ ရောက်လာရတယ်လို့ မင်း နားလည်လိုက်ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဟား....ဟား...ဟား...ဟား'

တစ်ချိန်လုံးငြိမ်ဆိတ်နေသော ဟူရှင်လိုထံမှ ကျယ်လောင်သောရယ်သံ ထွက်ပေါ်လာသည်။

'ကျုပ်ကို လူသတ်ဖို့ လူတွေကငွေပေးပြီးခိုင်းထယ်၊ ခုတော့ ကျုပ်ကိုသတ်ဖို့ သေမင်းတောင်ကြောက်တဲ့ လူတွေကို လူတော်တော်ဖောက်ကြ ငွေပေးပြီးခိုင်းတယ်....

'ငွေလိုချင်တဲ့လူတွေက သေမှာကိုမတွေးဘဲ ကျုပ်ဆီကိုရောက်လာကြတယ်'

နတ်ခေါ်ကျောင်းအိမ် ခေါင်းညိတ်လိုက်သည်။

'ဒီလူတွေက သူတို့သဘောဆန္ဒအတိုင်းဆိုရင် ဒီနေရာကိုရောက်လာကြမှာမဟုတ်ဘူး၊ သူတို့နောက်ကွယ်မှာ သူတို့အရှင်ကြီးအားထားနေတဲ့ လူတစ်ယောက်ရှိနေတယ်....

'အဲဒီလူတစ်ယောက် ရောက်လာမှ မင်းကိုတိုက်ခိုက်ဖို့ ကြိုးစားကြမှာပဲ'

ဟူရှင်လိုက အရက်အိုးထဲမှ အရက်တစ်ခွက်စည်သောက်လိုက်သည်။



'ဒီလူတွေဟာ ကျုပ်တစ်ယောက်တည်းကို သတ်မှာဖို့ရှိသင်နေတာလား၊ ကျုပ်နဲ့အတူ ခင်ဗျားကိုပါသတ်ဖို့ အစီအစဉ်ရှိနေတာပေါ့'

ကျောင်းအိမ်က သဘောပေါက်ဟန် အမူအရာဖြင့် ပြုံးလိုက်သည်။

'ကျုပ်တို့စားသောက်ရင်း နောက်ထပ်ရောက်လာမယ့် လူတစ်ယောက်ကို စောင့်ကြမယ်၊ ဘယ်ပဲဖြစ်ဖြစ် သွေးမူလှေကျွန်းတော့ ရမှာပဲ'

ကျောင်းအိမ်က အနည်းငယ်မျှ စိုးရိမ်ကြောက်လန့်ခြင်းမရှိသော အမူအရာဖြင့်ပြော၏။

ထင်းအခိုက်မှာမင် တုချွန်းထံမှ အေးစက်သောရယ်သံ ထွက်ပေါ်လာသည်။

'မင်းတို့ မဒေါသခင် အကောင်းဆုံးအစားအစာတွေမှာပြီး စားသောက်ကြပါ၊ ကျုပ်တို့စောင့်နေတဲ့လူ ရောက်လာတော့နဲ့ မင်းတို့နှစ်ယောက် သေရမှာပဲ'

ကျောင်းအိမ်နှင့်ဟူရှင်လိုတို့ တိုင်မင်မထားဘဲ ပြုံး၍ ရယ်မောလိုက်၏။

www.burmeseclassic.com



ရယ်သံများ ပျောက်ကွယ်မသွားမီ ဆိုင်ထဲသို့ အဖြူရောင် အရိပ်တစ်ခု လျှင်မြန်စွာရောက်လာသည်။

အသက်ခြောက်ဆယ်ခန့်အရွယ် အဘိုးအိုတစ်ယောက်ပင် ဖြစ်သည်။

'စီချင်အီ...မင်းက ဒီနေရာကို ဘယ်လိုအကြောင်းနဲ့ရောက် လာတာလဲ၊ သေမင်းတောင်ကြားမှာ မင်းဘဝကို ဇာတ်မြှုပ် နေထိုင်တော့မယ်လို့ ကျုပ် ထင်ထားတာ၊ မင်းကို သိုင်းလော ကထဲမှာ တစ်ကြော့ ပြန်တွေ့ရလိမ့်မယ်လို့ မထင်မိဘူး'

ဆိုင်ထဲသို့ ဝင်ရောက်လာသော အဖြူရောင်ဝတ်စုံရှင်၏ စကားကြောင့် စီချင်အီနှင့်တုချန်းတို့မျက်နှာ သွေးဆုတ် ဖြူ ရော်သွားသည်။

၎င်းတို့မျှော်လင့်နေသူ ရောက်ရှိမလာဘဲ ၎င်းတို့အသက်ကို နှုတ်ယူမည့်သူ ရောက်ရှိလာ၍ စီချင်အီနှင့် တုချန်း သွေးပျက် မတတ် ချောက်ချားသွားခြင်း ဖြစ်သည်။

ထိုအဘိုးအိုကား သိုင်းလောက၏ နာမည်ကျော်တစ်ဦးဖြစ်သော တာချင်းခန့်ဖြစ်၍ စီချင်အီနှင့် တုချန်းတို့ ကုန်လှုပ်ချောက်ချား သွားခြင်းဖြစ်သည်။

ထို့အတူ စီချင်အီနှင့် တုချန်းတို့၏ စိတ်အတွေးထဲ အတိတ်မှဖြစ်ရပ်ကို မြင်ယောင်လာသည်။



ရှန်စီ မြစ်ကြောတစ်လျှောက်၌ ဓားပြတိုက် လုယက်နေ သော ဝိညာဉ်ခုနစ်ဖော်သတင်းသည် မြို့ရွာအနှံ့ ပျံ့လွင့်ခဲ့လေ သည်။

သိုင်းလောကမှ ဒုစရိုက်သမားများကို ရှာဖွေနှိမ်နင်းနေ သော တာချင်းခန့်သည် ဝိညာဉ်ခုနစ်ဖော်ကို နှိမ်နင်းရန် မြစ် ကြောင်းအတိုင်း ခရီးထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

ဝိညာစဉ်ခုနစ်ဖော်နှင့် ထိပ်တိုက်ရင်ဆိုင်မိသည်နှင့် တန်ချင်းခန့်၏ ဓားချက်အောက်၌ ဝိညာဉ်ငါးဖော် သေဆုံးသွားလေသည်။ ဝိညာစဉ်ခုနစ်ဖော်ထဲ၌ အပါအဝင်ဖြစ်သော စီချင်အိန္ဒင့် တုချွန်းသည် ထွက်ပြေးလွတ်မြောက်ပြီး သေမင်းဆောင်ကြားနှင့် ပုန်းအောင်းနေသည်။

ထိုအချိန်မှစတင်၍ ဝိညာစဉ်ခုနစ်ဖော်သတင်း ပျောက်ကွယ်သွားသည်။

www.burmeseclassic.com

ထို့ကြောင့် စီချွင်အိနှင့် တချိန်းမှာ မတွေ့ချင်သော လူ တစ်ယောက်ကို တွေ့ရသဖြင့် အေ့ပျက်မတတ် တုန်လှုပ် ချောက်ချားသွားခြင်း ဖြစ်သည်။

တန်ချင်းခန့်က ဟူရင်လုံတို့ထိုင်နေရာစားပွဲသို့ လျှောက်လာပြီး ထိုင်ခုံလွတ်တစ်လုံး၌ ဝင်ထိုင်လိုက်သည်။

'မင်းတို့နှစ်ယောက် ဒီမှာလာပြီး အနားယူနေကြတာ ထင်တယ်'

အတိုးအိုတန်ချင်းခန့်က ဟူရင်လုံ၏မျက်နှာကို စူးစိုက်ကြည့်ရင်း မေးလိုက်သည်။

ဟူရင်လုံက စိတ်ရှုပ်ထွေးဟန် အမူအရာမျိုးဖြင့် ခေါင်းခါလိုက်သည်။

'အစကတော့ ဦးလေးခန့်ပြောသလို အနားယူဖို့ပါပဲ၊ ဒါပေမယ့် သေမင်းတောင်ကြားကလူတွေ ခုချိန်ထိထွက်မသွားသေးတာ ကျုပ် စဉ်းစားလို့မရဘူး'

ဟူရင်လုံက ထိုသို့ပြောလိုက်သည်နှင့် တန်ချင်းခန့် မျက်လုံးနှစ်ဘက် အပေါ်သို့မြင့်တက်သွားသည်။

'ဟား...ဟား...ဟား...ဟား'



တန်ချင်းခန့် ကျယ်လောင်စွာရယ်မောပြီး ကျောနောက်ဘက်၌ ရှိနေသော စီချွင်အိတို့လူစုရှိရာဘက်သို့ မျက်နှာလှည့်လိုက်သည်။

'မင်းတို့ ထွက်မသွားကြသေးဘူးလား'

တန်ချင်းခန့်က ထိုသို့ပြောလိုက်သည်နှင့် စီချွင်အိနှင့် တချိန်း တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ ဆိုင်ပြင်သို့ လျင်မြန်စွာထွက်ပြေးသွားလေသည်။

စီချွင်အိနှင့် တချိန်း ထွက်ခွာသွားသည်နှင့် ကျန်ရှိနေသော တပည့်များ နောက်မှပြေးလိုက်သွားသည်။

ဆိုင်ထဲ၌ ဆိုင်ရှင်အလုပ်သမားများနှင့် တန်ချင်းခန့်၊ ဟူရင်လုံ၊ နတ်စားကျောင်းအိမ်တို့သုံးဦးသာ ကျန်နေရစ်သည်။

ဟူရင်လုံက အရက်အိုးထဲမှ အရက်တစ်ခွက်ငှဲ၍ တန်ချင်းခန့်ထံသို့ ကမ်းပေးလိုက်သည်။

တန်ချင်းခန့်က အရက်ခွက်ကိုမော့သောက်ပြီး အသားတစ်စခုကို ကောက်ယူဝါးလိုက်သည်။

'သူရဲကောင်းသုံးဖော်သတင်းနဲ့ ပတ်သက်ပြီးတော့ မင်းတို့ ဘာတွေကြားမိလဲ'

www.burmeseclassic.com



တန်ချင်းခန့်က ကျောင်းအိမ်နှင့် ဟူရင်လုံကိုမေးသည်။

ဟူရင်လုံက ခေါင်းခါယမ်းသည်။

ကျောင်းအိမ်ထံမှ စကားအံထွက်ပေါ်လာသည်။

'သူရဲ့ကောင်းသုံးဖော်ပျောက်ဆုံးမှုကို ကျုပ်အာ လက်လှမ်းမီသလောက် လေ့လာစုံစမ်းနေတာမဲ့၊ ဒါပေမယ့် ခုချိန်ထိ တော့ ဘာမှထူးခြားမှုရှိမလာဘူး။'

ကျောင်းအိမ်က စဉ်းစားရခက်သောအသွင်မျိုးဖြင့် ပြောလေသည်။

'ကျုပ်လဲ သွားလာရင်း ဒီကိစ္စကို လှတ်လှမ်းမီသလောက် တော့ စုံစမ်းလေ့လာနေတာပဲ၊ သူရဲကောင်းအသုံးဖော် ဘယ်လို အကြောင်းနဲ့ ပျောက်ဆုံးနေတယ်ဆိုတာ မသိရဘူး။'

အဘိုးအိုတန်ချင်းခန့် တစ်စုံတစ်ခုကိုအလေးအနက်စဉ်းစား ခတွေးတောပြန်မျိုးဖြင့် နှုတ်ဆိတ်သွားသည်။

'သူ့ရဲ့ကောင်းသုံးဖော်ပျောက်ဆုံးမှုနဲ့ ပတ်သက်ပြီး သတင်း တစ်ခုတော့ မကြာခင်ထွက်ပေါ်လာလိမ့်မယ်လို့ ထင်တာပဲ'

ကျောင်းအိမ်က တွေးတွေးဆဆပြောလိုက်သည်။

ယင်းအခိုက်မှာပင် ဆိုင်ထဲသို့ လူတစ်ယောက်ပြေးဝင်လာ ခဲ့သည်။



ဆိုင်ထဲသို့ဝင်ရောက်လာသူက တန်ချင်းခန့်အနီးသို့ ရောက် လာပြီး တန်ချင်းခန့်ကို အရိုအသေပြုလိုက်သည်။

'တန်ဂေဟာမှာ အရေးကြီးတဲ့အကြောင်းကိစ္စတစ်ခု ဖြစ် ပေါ်နေလို့ သခင်လေးက သခင်ကြီးကို အခေါ်လွှတ်လိုက် ပါတယ်'

တန်ချင်းခန့် မသိမသာ မျက်နှာပျက်သွားသည်။

တန်ချင်းခန့်၏သားဖြစ်သူ တန်ခုန်းလီသည် အကြောင်းမဲ့ အခေါ်လွှတ်မည်မဟုတ်ကြောင်း တန်ချင်းခန့် တွေးသည်။

'တန်ဂေဟာမှာ အရေးပေါ်ကိစ္စတစ်ခုရှိနေပြီ၊ မင်းတို့ နှစ်ယောက် စိတ်ဝင်စားမှုရှိရင် ကျုပ်နောက်က လိုက်ခဲ့ပါ'

တန်ချင်းခန့် ထိုသို့ပြောပြီး ထိုင်ရာမှထရပ်ကာ ဆိုင်မြင် အတ်သို့ လျင်မြန်စွာပြေးထွက်သွားသည်။

ဟူရှင်လုံနှင့် ကျောင်းအိမ်တို့ စကားဆိုင်းခြင်းမရှိဘဲ ထိုင်နေ ရာမှ ထရပ်လိုက်သည်။

'တန်ဂေဟာမှာ အရိပ်မဲ့လက်ဝါး တန်ခုန်းလီ ဦးသျှင်နဲ့ အဖေဖြစ်သူ တန်ချင်းခန့်ကို အခုခေါ်လွှတ်တာ အတော်အရေး ကြီးတဲ့ အကြောင်းကိစ္စကြောင့်ဖြစ်လိမ့်မယ်...

www.burmeseclassic.com



'ဒီနေ့အတွက် ကျုပ်တို့အဖို့ ထူးခြားဖြစ်စဉ်အစ်ရ ကြုံတွေ့ရလိမ့်မယ်လို့သင်္ဘာပဲ၊ တန်မိသားစုကို လိုအပ်ရင် အကူအညီပေးနိုင်အောင် ကျုပ်တို့ အမြန်ဆုံးလိုက်သွားမယ်...

ကျောင်းအိမ်က ထိုသို့ပြောပြီး ရှေ့မှဦးဆောင်၍လှမ်းထွက်လေသည်။

ဟူရင်လုံက နောက်မှကပ်လျက် လိုက်မ ါလာသည်။

ကျောင်းအိမ်နှင့် ဟူရင်လုံ ဆိုင်ပြင်သို့ရောက်ရှိလာချိန်မှစ၍ ဘန်ချုင်းခန့်၏အရိပ်အယောင်ကို တွေ့မြင်ရခြင်းမရှိတော့ချေ။

★

အခန်း ( ၅ )

တုံကင်းမြို့။

နယ်ခြားဒေသရှိ အေးချမ်းသာယာသော မြို့ငယ်တစ်မြို့ဖြစ်သည်။

လှပချမ်းမြေ့ဖွယ်ကောင်းသော မြို့လေးသည် ယခုသော်ကောင်းကင်ယံမှ တိမ်မည်းညိုတို့က တုံကင်းမြို့၏အလှကိုဖျက်ဆီးထားသည်။

တစ်မြို့လုံးသည် မိုးအမှောင်ရိပ်ကြောင့် ချောက်ချားဖွယ်ရာငြိမ်သက်တိတ်ဆိတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



တုံဆောင်းမြို့စွန်၏ ခြံကျယ်ကြီးအတွင်း၌ ခမ်းနားထည်ဝါသော အဆောက်အဦးကြီးတစ်ခုရှိသည်။

၎င်းအဆောက်အဦးကား တန်ဂေဟာ ဖြစ်သည်။

တန်ဂေဟာ၏ပိုင်ရှင်ဖြစ်သော တန်ချင်းခန်၌ သားတစ်ယောက် သမီးတစ်ယောက်ရှိသည်။

တန်ချင်းခန်၏သား တန်ခုန်းလီသည် သိုင်းပညာထူးချွန်သော်လည်း အရက်ကို လွန်စွာကြိုက်နှစ်သက်သူတစ်ယောက် ဖြစ်လေသည်။

တန်ခုန်းလီသည် အရက်သောက်ခြင်းအမှုကို အမြဲလိုသော စိတ်စင်စားသူတစ်ယောက် ဖြစ်သည်။

ယနေ့လည်း တန်ခုန်းလီ၏ အချစ်ဆုံးသူငယ်ချင်းဖြစ်သူ သရဖူဓားသမား တန်ချင်အိ ရောက်ရှိနေ၍ နှစ်ယောက်အတူ စားသောက်ခန်းမထဲ၌ အရက်ဝိုင်းဖွဲ့ စားသောက်နေသည်။

အမှန်တော့ တန်ချင်အိသည် အရက်ကြိုက်သူတစ်ယောက် မဟုတ်ချေ။

အရက်သောက်ခြင်းထက် သိုင်းပညာရပ်များကို တီထွင်ကြံဆ လေ့လာမှုကို အဓိကထားသူတစ်ဦးဖြစ်သည်။



ထို့ကြောင့် အသက်ငယ်ငယ်နှင့် သိုင်းလောကထဲ၌ သရဖူ ဓား သမားဘွဲ့ကို ရရှိထားခြင်းဖြစ်သည်။

တန်ခုန်းလီသည် သရဖူဓားသမား တန်ချင်အိ၏ သူငယ်ချင်း ဖြစ်သလို တန်ခုန်းလီ၏ညီမဖြစ်သူ တန်ကျင်းကျင်းသည် တန်ချင်အိ၏ ချစ်သူဖြစ်သည်။

ထို့ကြောင့် တန်ချင်အိသည် အခွင့်အခါသင့်တိုင်း တန်ဂေဟာသို့ အလည်ရောက်ရှိလာတတ်သည်။

တန်ခုန်းလီနှင့် တန်ချင်အိ မျက်နှာချင်းဆိုင်စားသောက်နေစဉ် လုံခြုံရေးတာဝန်ကျသော အစောင့်သိုင်းသမား တစ်ယောက် စားသောက်ခန်းမထဲသို့ ဝင်ရောက်လာသည်။

အစောင့်သိုင်းသမားက တန်ခုန်းလီကို အရိုအသေပြုလိုက်လေသည်။

‘ဂေဟာရှေ့မှာ လူရှောင်းတဲ့ အုပ်စုတစ်စု ရောက်နေပါတယ်’

အစောင့်သိုင်းသမား၏ စကားကြောင့် တန်ခုန်းလီမှာ မျက်ခုံးနှစ်ဘက် အပေါ်သို့ မြင့်တက်သွားသည်။

www.burmeseclassic.com

'ဂေဟာရှေ့မှာ လူချောင်းဆဲ့လူတစ်စု ရောက်နေတယ် ဟုတ်လား၊ အဲဒီလူတွေ ဘယ်လိုသဘောနဲ့ လာရောက် တာလဲ၊ မင်းတို့ မေးခွန်းမထုတ်ကြဘူးလား'

တန်ခုန်းလီ၏ တင်းမာပြတ်သားသော စကားကြောင့် အစောင့်သိုင်းသမားမျက်နှာ သွေးဆုတ်ဖြူလျော်သွားသည်။

'လူချောင်းတဲ့အုပ်စုက တန်သခင်ကြီးနဲ့ တွေ့ခွင့်ရဖို့ စောင့်ဆိုင်းနေပါတယ်'

ထူးခြားသော အကြောင်းအရာတစ်ခုဖြစ်နေ၍ တန်ခုန်းလီ ထိုင်နေရာမှ ထရပ်လိုက်သည်။

'ကျုပ် အကျိုးအကြောင်း သိရအောင် ခေါ်တွေ့ကြည့်မယ်၊ ခင်ဗျား ဒီမှာပဲနေ'

တန်ခုန်းလီက လျင်မြန်သောလှုပ်ရှားမှုဖြင့် စားသောက်ခန်း အပြင်ဘက်သို့ လှမ်းထွက်လိုက်သည်။

ဟန်ချင်အီက ထိုင်နေခြင်းမရှိဘဲ တန်ခုန်းလီ၏နောက်မှ လိုက်ပါလာသည်။

တန်ခုန်းလီနှင့် ဟန်ချင်းအီ ဂေဟာတံခါးသို့ ရောက်ရှိလာသည်။



ဂေဟာရှေ့၌ လူလေးယောက်ထမ်းသော ဝေါယာဉ်တစ်စီး ရှိနေပြီး ဝေါယာဉ်ပေါ်၌ မီးခိုးရောင်ဝတ်စုံကို ဝတ်ဆင်ထားသော လူတစ်ယောက်ရှိနေသည်ကို တွေ့မြင်ရသည်။

ထိုဝတ်စုံရှင်အား တွေ့မြင်လိုက်သည်နှင့် တန်ခုန်းလီမှာ အသက်ထားသော အချက်အချိန်များ ပျောက်ကွယ်သွားတော့သည်။

ဝေါယာဉ်ပေါ်၌ထိုင်နေသူက လူသေကောင်တစ်ယောက်၏ မျက်နှာမျိုးဖြင့် တန်ခုန်းလီကို စူးစိုက်ကြည့်သည်။

ယင်းအခိုက်မှာပင် တန်ခုန်းလီ၏နောက်ကျောမှ စကားသံ ထွက်ပေါ်လာသည်။

'ဝေါယာဉ်ပေါ်မှာထိုင်နေတဲ့လူဟာ အဆိပ်ပါရဂူ ကျင်စန်ပိုင်ပဲ'

ကျောနောက်မှာရှိနေသော ဟန်ချင်အီထံမှ ထွက်ပေါ်လာသော စကားသံကြောင့် တန်ခုန်းလီမှာ မျက်နှာပျက်သွားသည်။

အဆိပ်ပါရဂူ ကျင်စန်ပိုင်ဟာ ရောင်းချမည့်လူသုံးယောက်ကို ကြိုးများဖြင့်တုပ်နှောင်ထား ဝေါယာဉ်တစ်ဘက်၌ စီတန်း ရပ်တန့်ထားသည်။

www.burmeseclassic.com



ထိုလူသုံးယောက်သည် သိုင်းလောကတွင် နာမည်ကျော်ကြားသော လူရဲကောင်းသုံးဖော်ဖြစ်သည်။

ဝူလင်းကြူ၊ လွှတ်ထန်နှင့် မာကျန်းတို့ သုံးဦးဖြစ်သည်။

သိုင်းလောကမှ ထိပ်သီးသိုင်းပညာရှင် သူရဲကောင်း သုံးယောက်ကို အဆိပ်ပါရဂူက ဖမ်းချုပ်ထားပြီး ရောင်းစားရန် တန်ဂေဟာစာရွှေသို့ ရောက်ရှိလာသည်။

တန်ခုန်းလီက အနားမှာရှိနေသော လုံခြုံရေးမှူး လူယုံတော် လောက်ပန်ကို စကားတိုးတိုးပြောလိုက်သည်။

လုံခြုံရေးမှူး လောက်ပန်က လျှင်မြန်စွာထွက်ခွာသွားသည်။

တန်ခုန်းလီက ဝေါယာဉ်ထက်၌ရှိနေသော အဆိပ်ပါရဂူ ကျင်စန်ပိုင်ရှိရာဘက်သို့ မျက်နှာလှည့်လိုက်သည်။

ကျင်စန်ပိုင်က အနက်ရောင်သိုင်းလောကတွင် ထင်ပေါ်ကျော်ကြားသော လူတစ်ယောက်ဖြစ်သည်။

ကျင်စန်ပိုင်သည် အဆိပ်အမျိုးမျိုးကို ကျွမ်းကျင်နိုင်နင်းသူ တစ်ယောက်ဖြစ်ပြီး၊ လက်နက်မဲ့သိုင်းပညာရပ်၌ ထူးချွန်သူ တစ်ယောက်ဖြစ်သည်။



အဆိပ်ဖက်ဆွေရှိရှိမှုများကို ကိုသရာ၌ ကျွမ်းကျင်သူ တစ်ယောက်ဖြစ်၍ အနက်ရောင် သိုင်းလောကသားများ၏ အထောင်ကြီး လေးစားမှုကို ခံယူရရှိထားသူတစ်ယောက်ဖြစ်သည်။

ဝေါယာဉ်ထမ်းသောသူ လူလေးယောက်သည် အာမန်သိုင်းသမားမဟုတ်ဘဲ သဲကန္တာရ၌ ကန္တာရမုဆိုးလေးဖော်အဖြစ် ကျော်ကြားသော ဓားပြလေးယောက်ဖြစ်ကြောင်း ဟန်ချုံးအီ သိရှိထားသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

'ဝေါယာဥ်ထမ်းတဲ့ လူလေးယောက်ကတော့ မြောက်ပိုင်း သဲကန္တာရမှာ ဓားပြတိုက် လုယက်နေတဲ့ ကန္တာရမုဆိုးလေးဖော် ဖြစ်တယ်၊ ဒီလူလေးယောက် ဘယ်လိုကြောင့် ဝေါယာဥ်ထမ်းတဲ့အလုပ်ကို လုပ်နေတာလဲဆိုတာ စဥ်းစားစရာပဲ'

ဟာန်ချစ်အိဏာ တွေးတွေးဆဆ ပြောလိုက်သည်။

ဟန်မုန်းလီမှာ ကျောက်ရုပ်ထုထားစဥ်အလား မလှုပ်မယှက် ရပ်မြဲရပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းအခိုက်မှာပင် ဝေါယာဉ်ထက်၌ထိုင်နေသော အဆိပ်ပါရဂူထံမှ အေးသံထွက်ပေါ်လာသည်။

'သရဖူဓားသမား ဟန်ချင်အိက လူသတ်တဲ့အလုပ်ကို လုပ်တယ် မဟုတ်လား၊ ကျုပ်ချောင်းတဲ့လူ သုံးယောက်ကို မင်းက သတ်ဖို့ စိတ်ဝင်စားလိမ့်မယ်ထင်တယ်'

အဆိပ်ပါရဂူက ဟန်ချင်အိကို စူးစိုက်ကြည့်ရင်း ပြောလိုက်လေသည်။

ဟန်ချင်အိက အေးစက်သောအပြုံးဖြင့် အဆိပ်ပါရဂူကို ကြည့်လိုက်သည်။

'ကျုပ်က လူသတ်တဲ့အလုပ်ကိုလုပ်တာ မှန်တယ်၊ ဒါပေမယ့် လူပေးတဲ့အလုပ်ကိုတော့ ဘယ်တုန်းကမှ မလုပ်ခဲ့တာ အမှန်ပဲ၊ ခင်ဗျား ဒီနေရာကို လူချောင်းဖို့ရောက်လာတာ တန် သူဌေးနဲ့ တွေ့ဆုံဖို့ပဲမဟုတ်လား....'

'ကျုပ်ကို မမျှော်လင့်ဘဲတွေ့လို့ ခင်ဗျားရဲ့အသိစိတ်တွေ ချို့ယွင်းသွားပြီထင်တယ်၊ ခင်ဗျားတကယ်ချောင်းရမှာက တန် သူဌေးပဲ မဟုတ်လား'

ဟန်ချင်အိ ထိုသို့ပြောလိုက်သည်နှင့် အဆိပ်ပါရဂူ၏ မျက်နှာဝယ် အပြောင်းအလဲများ ဖြစ်ပေါ်သွားသည်။



အဆိပ်ပါရဂူ ကျီစနိုင်ပိုင်၏ အကြည့်က တန်ခုန်းလီ ထံသို့ ရောက်လာသည်။

'ကျုပ်သိသလောက် ပြောရမယ်ဆိုရင်တော့ တန်သူဌေးလေးက အရက်သောက်တဲ့အလုပ်တစ်ခုပဲ စိတ်ဝင်စားလိမ့်မယ် ထင်တယ်....'

'ကျုပ်ချောင်းမယ့်လူသုံးယောက်ကို အရှက်တစ်အိုးလောက် စိတ်ဝင်စားမယ် မထင်ဘူး'

'ဟား....ဟား....ဟား'

တန်ခုန်းလီထံမှ ကျယ်လောင်သောရယ်သံ ထွက်ပေါ်လာသည်။

'ခင်ဗျားအတွေးအခေါ် မဆိုးပါဘူး၊ ခင်ဗျားပြောသလို ကျုပ်က အရက်လောက် ဘယ်ကိစ္စကိုမှ စိတ်မဝင်စားတတ်ပါဘူး....'

'ကျုပ်အတွက်တော့ အရက်သောက်တဲ့အလုပ်က အကောင်းဆုံးပါပဲ'

တန်ခုန်းလီ၏စကားဆုံးသည်နှင့် ဟန်ချင်အိထံမှ အေးစက်သော ရယ်သံသဲ့သဲ့ ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟန်သူဌေးလေး ပြောတဲ့စကားကို ခင်ဗျားကြားတယ် မဟုတ်လား၊ ခင်ဗျားရဲ့အနေအထားကိုမှာ သူဌေးလေးမှ စိတ်မဝင်စားရင် ဘယ်သူမှစိတ်ဝင်စားမှာမဟုတ်ဘူး'

ဟန်ချင်အိ ထိုသို့ပြောလိုက်သည်နှင့် ကျင်စန်ပိုင် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

'ဟန်သူဌေးလေး စိတ်ဝင်စားမှုမရှိပေမယ့် ဟန်ချင်အိကတော့ စိတ်ဝင်စားလိမ့်မယ်ထင်တယ်၊ ကျုပ်ရောင်းမယ့် လူသုံးယောက်ကို ဟန်ချင်အိ ဝယ်ဖို့ စိတ်ကူးရှိနေတယ်မဟုတ်လား'

ဟန်ချင်အိသည် မျက်ခုံးနှစ်ဘက် အပေါ်သို့မြင့်တက်သွားပြီး စဉ်းစားဟန်ပြုကာ ခေါ်ယူဖွယ်သောလေသံဖြင့် ပြောသည်။

'ခင်ဗျားက လူသုံးယောက်ကို ကျုပ်ဝယ်ဖို့ စိတ်ကူးရှိတယ်ဆိုတာ ဘာကြောင့်ပြောနိုင်တာလဲ'

အဆိုပ်ပါရဂူ၏မျက်နှာထက်၌ ကောက်ကျစ်စဉ်းလဲသော အပြုံးတစ်မျိုး ဖြစ်ပေါ်သွား၏။

'မင်းမဝယ်ရင် သူရဲကောင်းသုံးယောက် သေရလိမ့်မယ်ဆိုတာ မင်းသဘောပေါက်လိမ့်မယ်ထင်တယ်...'

www.burmeseclassic.com



'ရောင်းတဲ့အချိန်မှာ မဝယ်မိရင် မင်း တစ်ချိန်မှာ နောင်တရဖို့အကြောင်း ရှိလာနိုင်တယ်'

အဆိပ်ပါရဂူသည် ကောက်ကျစ်သောလူတစ်ယောက် ဖြစ်ကြောင်း သိထားသဖြင့် ဟန်ချင်အိ စဉ်းစားသွား၏။

'ခင်ဗျား အတော်သတ္တိကောင်းတဲ့လူတစ်ယောက်ပဲ၊ ဟန်ချင်အိဆိုတဲ့လူရဲ့ဘဝမှာ ပြိုင်ဘက်ရန်သူတစ်ယောက်ကို ရှုံးနိမ့်တာမျိုး မရှိသေးဘူးဆိုတာကို ခင်ဗျား သိထားသင့်တယ်... ကျုပ်ကိုရန်ပြုဖို့ကြိုးစားသူမှန်သမျှ သိုင်းလောကထဲက ရာသက်ပန် အနားယူသွားရတယ်'

ဟန်ချင်အိစကားကြောင့် ကျင်စန်ပိုင် မျက်နှာပျက်သွားသည်။

သို့သော်...

ဟန်ဆောင်ကောင်းသူတစ်ယောက်ဖြစ်၍ မျက်နှာ၌ အပြုံးတစ်ခု ရုတ်ချည်းဖြစ်ပေါ်လာသည်။

'ဟန်ကျင်းကျင်းဆိုတဲ့မိန်းကလေးဟာ အတော်လှတယ်လို့ ကြားမိတယ်၊ ကျုပ်သခင်လေးသာမြင်ရင် စိတ်ဝင်စားသွားမှာ အမှန်ပဲ'

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကားကြောင့် တန်ခူနီးလီချက်နှာနီမြန်းသွားသ
ဟန်ချွင်အိ လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

'ခင်ဗျားသခင်လေးက ဘယ်သူလဲ'

'ကိုယ်ပျောက်တစ္ဆေ ရှောင်ကျင်းလေ'

အဆိပ်ပါရုရု လေးတွဲသောလေသံဖြင့်ပြော၏။

ကိုယ်ပျောက်တစ္ဆေရှောင်လေ့ဆည် တစ်ကိုယ်တော် ကြေ
ခားလူသတ်သမားတစ်ယောက်အဖြစ် ကျင်လည်လှုပ်ရှားရ
တစ္ဆေဂိုဏ်းကို ထူထောင်ခဲ့သည်။

အဆိပ်ပါရုရုသည် တစ္ဆေဂိုဏ်း၏ ဂိုဏ်းသားတစ်ယော
အဖြစ် ခံယူထားပြီဖြစ်ကြောင်း ဟန်ချွင်အိ နားလည်လို
သည်။

'ခင်ဗျားရဲ့အရှောင်းအဝယ်ကိစ္စကို ပြောပါ'

ဟန်ချွင်အိက အေးစက်သောလေသံဖြင့် ပြော၏။

ဆင်းအခိုက်မှာပင် ဝေါယာဉ်ထမ်းသောလူလေးယော
ဝေါယာဉ်ကို မြေပြင်ပေါ်သို့ ချလိုက်သည်။



'အရောင်းအဝယ်သဘောကိုပြောရမယ်ဆိုရင်တော့ ဟန်ချွင်
ဆိုတဲ့ လူတစ်ယောက် တန်ဂေဇာနဲ့ မပတ်သက်တော့ဘူး
တဲ့ ကတိပေးရင် လူသုံးယောက်ကို ဓားလက်ထဲကိုလွှဲအပ်
က်မယ်'

အဆိပ်ပါရုရု၏ စကားအပေါ် ဟန်ချွင်အိ စိတ်ဆိုးဒေါသ
တ်ဖွန့် မရှိသော်လည်း ဒေါသမထိန်းချုပ်နိုင်သော ဆန်ခုန်း
လက်တစ်အက်ကို ဆုပ်ယမ်းလိုက်သည်။

✱

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

'ဖွစ်—'

ဆော်တိုးသံသဲ့သဲ့ထွက်ပေါ်လာပြီး ဓားပျံတစ်လက်ဟာ လေကိုခွင်းကာ အဆိပ်ပါရဂူထံသို့ ပြေးဝင်သွားသည်။

ဓားရောင်တစ်ချက်ဝင်းလက်သွားပြီး အဆိပ်ပါရဂူ မီမီထံ ပြေးဝင်လာသော ဓားပျံကို ရိုက်ထုတ်လိုက်သည်။

'ချွင်း—'

လက်နက်ချင်းထိခတ်မိသံ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး ဓားပျံမှာ လွင့်ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မေးပျက် မေးရှည်ဖြင့် ဟန့်တားခေါ်ထုတ်ယူလိုက်သူမှာ ပေါ်ဦးထမ်းသော မုဆိုးလေးဖော်အနက်မှ အသက်အကြီး ဆုံးဖြစ်သော တုမိန်မင်းဖြစ်သည်။

တုမိန်သည် မေးလွတ်ကိုဖွေ့ယမ်းကာ လျင်မြန်သော လှုပ်ရှားမှုဖြင့် တန်ခုန်းလီရှေ့သို့ ခုန်လွှားရောက်ရှိသွားသည်။

'ဗွစ်...'

'ဗွစ်—'

လေတိုးသံများ အဆက်မပြတ်ထွက်ပေါ်လာပြီး မေးရိုင်းမှားရောင်များ တန်ခုန်းလီ၏ ခန္ဓာကိုယ်ကို လွှမ်းအုပ်သွားလေသည်။

တန်ခုန်းလီအာ လိပ်ပြာတစ်ကောင် ပျံဝဲသလို ကွေ့ဝိုက် တိမ်းရှောင်နေသည်။

ဟန်ချင်အီက လှုပ်ရှားမှုမရှိဘဲ တိုက်ပွဲကို စိတ်ဝင်စားစွာ ကြည့်နေသည်။

မေးသမားတုမိန်သည် သိုင်းကွက်များကို တစ်မျိုးပြီး တစ်မျိုး ပြောင်းလဲတိုက်ခိုက်နေသော်လည်း မေးသွားကလေ ကိုသာ ခုတ်မိသည်။



တန်ခုန်းလီမှာ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်း တိမ်းရှောင်နေရာမှ လက်နှစ်ဘက်ကို စကောင်လှုပ်ရှားလိုက်လေသည်။

'ဖောက်—'

'အား—'

လူတစ်ယောက် နာကျင်စွာဟစ်အော်သံနှင့်အတူ တုမိန်၏ နည်တိုင်၌ အပေါက်ငယ်နှစ်ပေါက် ဖြစ်ပေါ်ကာ နီရဲသော သွေးများ စိမ့်ယိုစီးကျလာသည်။

'တောင်ဖောက်လက်ညှိုးသိုင်းကွက်'

အဆိပ်ပါရဂူထံမှ အထိတ်တလန့်ရေရွတ်လိုက်သော စကားသံ ထွက်ပေါ်လာသည်။

'တန်သူဌေးလေးရဲ့ အရိပ်မဲ့သိုင်းကွက်က အတော် အဆင့်မြင့်တာပဲ၊ ဒါကြောင့် သိုင်းလောကမှာ နာမည်ကျော်ကြားနေတာပါပဲ'

တန်ခုန်းလီက အစောင့်သိုင်းသမားများ ရှိရာဘက်သို့ မျက်နှာလှည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူက ယုံကြည်စိတ်ချရအောင် တပည့်ဖြစ်သူ မုကျန်ကို ကြည့်လိုက်သည်။

'မုကျန် ငါ့အတွက် အရက်တစ်အိုး အမြန်သွားယူခဲ့'

တန်ခုန်းလီ၏စကားဆုံးသည်နှင့် မုကျန်မှာ လျင်မြန်စွာ ပြေးထွက်သွားသည်။

ပတ်ဝန်းကျင်တစ်ခုလုံး အပ်ကျသံမျှပင် မကြားရလောက်အောင် တိတ်ဆိတ်သွားသည်။

တန်ခုန်းလီမှာလိုက်သော အရက်အိုးကို ယူဆောင်ကာ မုကျန် ပြန်ရောက်လာသည်။

တန်ခုန်းလီသည် အရက်အိုးကိုယူပြီး မော့သောက်လိုက်သည်။

'ဟား...ဟား...ဟား....ဟား'

အဆိပ်ပါရဂူထံမှ ကျယ်လောင်သောရယ်သံ ထွက်ပေါ်လာသည်။

တန်ခုန်းလီသည် သဘောမကျသောအမူအရာမျိုးဖြင့် အဆိပ်ပါရဂူကို ကြည့်လိုက်သည်။

'မင်းက အသက်ငယ်ငယ်နဲ့ အရက်အတော်သောက်တာပဲ'



တန်ခုန်းလီက ဟုတ်မှန်ကြောင်း ခေါင်းညိတ်လိုက်သည်။

'ကျုပ်က အရက်ကိုအဖော်လို သဘောထားတာဆယ်၊ ခင်ဗျားက အရက်သောက်ချင်တဲ့ဆန္ဒ ရှိလား'

အဆိပ်ပါရဂူ မျက်နှာရှုံ့မဲ့သွားသည်။

'ကျုပ်က အရက်သောက်သင့်တဲ့အချိန်မျိုးမှာပဲ သောက်တယ်၊ သောက်သင့်တဲ့အချိန်မဟုတ်ဘဲ သောက်ရင် အရက်ဟာ လူကို အန္တရာယ်ပြုတတ်တယ်'

တန်ခုန်းလီက မထေ့တထေ့အပြုံးဖြင့် အဆိပ်ပါရဂူကို ကြည့်လိုက်သည်။

'ကျုပ်က အရက်သောက်ပေမယ့် ခင်ဗျားတို့အားလုံးရဲ့ အသက်ကို နှုတ်ယူနိုင်တယ်ဆိုတာကိုတော့ ခင်ဗျားတို့ သိထားဖို့ လိုလိမ့်မယ်'

'ကျုပ်က မင်း အသက်ငယ်ငယ်နဲ့ အရက်ဆိပ်သင့်ပြီးတော့ သေမှာစိုးလို့ သတိပေးတာပါ'

တန်ခုန်းလီက ခေါင်းခါယမ်းလိုက်သည်။

'ခင်ဗျားအနေနဲ့ ကျုပ်သေမှာကိုတွေးပြီး စိုးရိမ်နေမယ့်အစား ခင်ဗျားတို့ ဘယ်လိုသေရမည်ဆိုတာကိုသာ စဉ်းစားထားဖို့ လိုတယ်'

www.burmeseclassic.com

www.burmeseclassic.com



တန်ခုန်းလီက ထိုသို့ပြောပြီး ဟန်ချင်းအိအားသို့ မျက်နှ
ရှုံ့လိုက်သည်။

'ခင်ဗျား၊ လူသုံးယောက်ကိုဝယ်ဖို့ စိတ်ကူးရှိလား'

ဟန်ချင်အိက ခေါင်းခါယမ်းလိုက်သည်။

'ဝယ်ဖို့မလိုပါဘူး၊ သူတို့သေသွားရင် သူ့ရဲ့ကောင်းသုံးယော
အနေစင်အဖွဲ့က လွတ်မြောက်သွားမှာမဲ'

'ခင်ဗျားက လူခါးပြတိုက်မလို့လား'

ဟန်ချင်အိ နှုတ်ဆိတ်နေလိုက်သည်။

အဆိပ်ဝါရဂူထံမှ စကားသံထွက်ပေါ်လာသည်။

'ကျုပ်ဆီက လူကို ဓားပြတိုက်ဖို့ထက် မင်းရှေ့အချစ်ဆုံး
မိတ်ဆွေ တန်ခုန်းလီကို အဆိပ်မြေပေးလိုက်ပါဦး'

အဆိပ်ပါရဂူထံမှ မျှော်လင့်မထားသော စကားကြော
ဟန်ချင်အိ အထိတ်တလန့်ဖြင့် တန်ခုန်းလီကို ကြည့်လိုက်
လေသည်။

တန်ခုန်းလီ၏မျက်နှာမှာ အညိုရောင်ယန်းပြောင်းသည်
ဟန်ချင်အိ သတိထားမိသည်။



ဟန်ချင်အိမျက်နှာမှာ ရှက်ချည်းဆင်းမသွားပြီး ရက်လုံး
အိမ်၌ လူသတ်လိုသောအရိပ်အယောင်များ ဖြစ်ပေါ်လာစေလေ
သည်။

တန်ခုန်းလီကို အဆိပ်ဖြင့်လုပ်ကြံရန်ကြိုးစားသူမှာ တုမိန့်
ဖြစ်ကြောင်း သဲ့ရေးမိပြီး ဟန်ချင်အိက ဓားအိမ်ထဲမှဓားကို
ဆွဲယူလိုက်သည်။

✱

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ဟန်ချင်အိ၏လှုပ်ရှားမှုကို သဘောပေါက်နားလည်သော တန်ခုန်းလီက လက်ပြဟန့်တားလိုက်ပြီး တုမိန်ရပ်နေရာသို့ တစ်လှမ်းချင်းလျှောက်လှမ်းသွားလေသည်။

အခြေအနေမဟန်ကြောင်း သဘောပေါက်သော တုမိန်သည် နောက်သို့ တစ်လှမ်းချင်း ဆုတ်ခွာသွားသည်။

ထိုသို့ဆုတ်ခွာရင်း တုမိန်က မထင်မှတ်သောတိုက်ခိုက်မှုဖြင့် တန်ခုန်းလီကို စတင်တိုက်ခိုက်လိုက်သည်။

တုမိန်၏တိုက်ခိုက်မှုကို ထိမ်းရှောင်ရင်း တုမိန်အသုံးပြုသော သိုင်းကွက်များသည် တန်ခုန်းလီမမြင်ဖူးသော သိုင်းကွက်များဖြစ်ကြောင်း သတိထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်….

တုမိန်ကို ဖမ်းချုပ်စစ်ဆေးဖန်ကြံရွယ်ပြီး တန်ခုန်းလီက တုမိန်၏လက်အစုံဘက်ကို ဖမ်းချုပ်ရန်ကြိုးစားလိုက်သည်။

တန်ခုန်းလီက ခဏအတွင်းမှာပင် တုမိန်၏လက်ကောက်ဝတ်ကို ဖမ်းချုပ်ဆုပ်ကိုင်လိုက်သည်။

တုမိန်က ရုန်းထွက်ရန် အစွမ်းကုန်ကြိုးစားသည်။

တန်ခုန်းလီ၏ ချုပ်ကိုင်မှုအောက်မှ တုမိန် လွတ်မြောက်သွားသော်လည်း တုမိန်၏လက်တစ်ဘက်မှာ လက်ကောက်ဝတ်မှ ပြတ်၍ကျန်နေရစ်သည်။

တုမိန်မှာ လက်တစ်ဘက်ဆုံးရှုံးသွားရသလို နာကျင်မှုကြောင့် မျက်နှာမှာ ရှုံ့မဲ့လျက်ရှိသည်။

တန်ခုန်းလီသည် အိတ်ကပ်ထဲမှ ဆေးပုလင်းငယ်တစ်လုံးကို ထုတ်ယူပြီး အနီရောင်ဆေးတစ်လုံးကို လက်ဝါးပေါ်သို့ သွန်ချကာ ပါးစပ်ထဲသို့ ထည့်လိုက်သေသည်။

ထွက်ပြေး၍မလွတ်နိုင်ကြောင်း သိသွားသော တုမိန်အ အိပ်ကပ်ထဲမှဆေးတစ်လုံးကို နှိုက်ယူပြီး ပါးစပ်ထဲသို့ ထည့်လိုက်သည်။



တုမိန်မှာ ဝမ်းထဲသို့ ဆေးလုံးရောက်သွားသည်နှင့် ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားပြီး မြေပြင်ပေါ်သို့လဲကျသွားလေသည်။

ပြင်းထန်သောအဆိပ်ဆေးလုံးကို မျိုမိ၍ တုမိန် သေဆုံးသွားပြီဖြစ်ကြောင်း တန်ခုန်းလီနှင့် ဟန်ချင်အိ နားလည်လိုက်လေသည်။

တန်ခုန်းလီက မြေပြင်ပေါ်သို့ လဲကျသေဆုံးနေပြီဖြစ်သည့် တုမိန် အနီးသို့လျှောက်လာပြီး တုမိန်၏မျက်နှာထက်မှ မျက်နှာဖုံးအတုကို ဖြုတ်လိုက်သည်။

တုမိန်ဟုန်ခေါ်ဆောင်သော မျက်နှာစိမ်းတစ်ယောက်၏ မျက်နှာကို တွေ့မြင်လိုက်ရသည်။

တန်ခုန်းလီနှင့် ဟန်ချင်အိ ထိုလူကိုမသိ၍ ခေါင်းပြိုင်တူ ယမ်းခါလိုက်သည်။

တန်ခုန်းလီ၏ ခေါင်းထဲသို့ အတွေးတစ်ခုဝင်ရောက်လာသေသည်။

တန်းဂုဟာထဲသို့ ရန်သူများ ဝင်ရောက်မွှေနှောက်နေပြီဖြစ်၍ အကျင်းပိုင်း၏အခြေအနေကိုသိရှိရန် ဂူဟာဘက်သို့ သျှင်မြန်စွာပြေးထွက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တန်ခုန်းလီ ဂေဟာထဲသို့ ဝင်ရောက်လာပြီး ညီမဖြစ်သူ တန်ကျင်းကျင်းနေထိုင်ရာ အဆောင်ဆီသို့ ပြေးထွက်လာလေသည်။

တန်ကျင်းကျင်းနေထိုင်ရာ အခန်းရှေ့၌ မိန်းကလေး တစ်ယောက် လဲကျနေသည်ကို တွေ့မြင်လိုက်ရသည်။

အခန်းတံခါးနားရှိ လဲကျနေသူမိန်းကလေးသည် တန်ကျင်းကျင်း၏ အခန်းဖော် ရှောင်မေဖြစ်သည်။

မိန်းကလေး၏ ခန္ဓာကိုယ်တစ်ခုလုံး သွေးများရွှဲစိုနေ၍ တန်ခုန်းလီက မိန်းကလေးကိုထူမရန် ဟန်ပြင်လိုက်သည်နှင့် မိန်းကလေး၏ခန္ဓာကိုယ်မှ တစ်ချက်လှုပ်လှုပ်ကာ လက်တစ်ဖက် အပေါ်သို့မြှောက်တက်လာသည်။

တန်ခုန်းလီ လျင်မြန်သောလှုပ်ရှားမှုဖြင့် မိန်းကလေး၏ လက်ကို ဖမ်းချုပ်ကာ ကိုယ်ပေါ်မှ သွေးကြောကွက်အချို့ကို လက်ဖြင့်ထောက်လိုက်သည်။

မိန်းကလေး၏လက်ထဲ၌ ကိုင်ဆောင်ထားသော ဓားတိုတ ကြမ်းပြင်ပေါ်သို့ကျရောက်သွားသည်။

မိန်းကလေးသည် ရှောင်မေအဖြစ် ဟန်ဆောင်ထားသော မိန်းကလေးတစ်ယောက်ဖြစ်သည်။



တန်ခုန်းလီသည် သတိရှိမနေခဲ့ပါက ရန်သူ၏ဓားချက်ဖြင့် သေဆုံးသွားရမည်မှာ အမှန်ဖြစ်သည်။

တန်ခုန်းလီက အေးစက်တင်းမာသော အမူအရာဖြင့် အကြောပိတ်ထားသော မိန်းကလေးကို ကြည့်လိုက်သည်။

'မိန်းကလေးက ဘယ်သူလဲ၊ ဘယ်ဂိုဏ်းအဖွဲ့ကလဲ'

တန်ခုန်းလီ၏ အမေးစကားကို မကြားသည့်အလား မိန်းကလေးမှာ မလှုပ်မယှက် ငြိမ်သက်နေသည်။

ဒေါသပေါက်ကွဲနေသော တန်ခုန်းလီ၏ လက်တစ်ဖက် လှုပ်ယမ်းသွားသည်။

'ဖျန်း....'

ပါးပြင်နှင့် လက်ဖဝါး ထိရိုက်မိသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

'ရှင့် ကိုသတ်ပစ်မယ်ဆိုလဲ သူတာ ဘာမှပြောမှာမဟုတ်ဘူး၊ ခင်များသိချင်တာကို ကျုပ် ပြောနိုင်စိမ့်မယ်'

ဓားသံနှင့်အတူ ကျောနောက်သို့ လူတစ်ယောက် ရောက်ရှိလာကြောင်း တန်ခုန်းလီ သိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒူလာ လျှင်မြန်သော လှုပ်ရှားမှုဖြင့် အသံလာရာအောက်သို့ မျက်နှာလှည့်လိုက်သည်။

ကျောခနေ့ရာ၏အောက် ဆယ်ပေခန့်အကွာ၌ အနက်ရောင် ဝတ်စုံကို ထက်အောက် ဆင်တူဝတ်ကာ ကျောက်ဆောက်၌ လူ၏ ဦးခေါင်းခွံပါသော ဓားရှည်တစ်လက်ကို ချိတ်ဆွဲထားသော လူတစ်ယောက်ကို တွေ့မြင်လိုက်ရသည်။

'မင်း ဘယ်သူလဲ'

တန်ခွန်းလီက အေးစက်တင်းမာသောလေသံဖြင့် မေးလိုက်လေသည်။

အနက်ရောင်ဝတ်စုံရှင်က တန်ခွန်းလီ၏ အမေးစကားကို အဖြေမပေးဘဲ ကျောက်ဆောက်၌လွယ်ထားသော ဓားအိမ်ထဲမှ ဓားကို ထုတ်ယူလိုက်သည်။

အေးစက်သော အငွေ့အသက်များ ပတ်ဝန်းကျင်တစ်ဝိုက်မှာ လွှမ်းခြုံလာသည်။

ဂေဟာအပြင်ဘက်မှာ မိုးက ရွာသွန်းစပြုလာသည်။

'မိုးတောင်ရွာလာပြီ၊ ခင်ဗျား မိုးရွာထဲမှာ ဒီလိုပဲနေဖို့ အစီအစဉ်ရှိလား'



တန်ခွန်းလီက အေးစက်စွာသောလေသံဖြင့် အဆိပ်ပါရဂူကို ပြောလိုက်သည်။

အဆိပ်ပါရဂူမျက်နှာမှာ ရှောက်ကျစ်ခဉ်လဲသော အပြုံး တစ်မျိုး ဖြစ်ပေါ်သွားသည်။

'မင်းပြောတာမှန်တယ်၊ မိုးတွေရွာလာပြီဆိုတော့ ကျုပ်ဒီနေရာမှာ ဆက်မနေသင့်တော့ဘူး၊ နေရာရွှေ့ဖို့ အချိန်တန်လောက်ပြီ'

အဆိပ်ပါရဂူ ထိုသို့ပြောပြီး လူသုံးယောက်ကို ဝေ့ယဉ်ဆမ်းရန် အချက်ပြလိုက်သည်။

✶

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

ဝေါယာဉ်ထမ်းသူများ ထွက်ခွာရန် ခြေလှမ်းပြင်လိုက်သည်နှင့် ဟန်ချင်အိတာ လျှင်မြန်သောလှုပ်ရှားမှုဖြင့် ဝေါယာဉ်ထွက်ခွာမည့် လမ်းရှေ့မှ ပိတ်ဆို့ ရပ်တန့်လိုက်သည်။

ဟန်ချင်အိတာ ထိုသို့ဟန့်တားမည်မထင်၍ အာဆိပ်ပါရှဂူ၏ ချက်နှာ ပျက်ယွင်းသွားလေသည်။

'မင်းတာ ကျုပ်တို့ကိုထွက်သွားဖို့ပြောပြီး ဘာယ်လိုကြောင့် တန့်တားတာလဲ'

ဟန်ချင်အိတာ ခြောက်ကပ်ကပ်လေသံဖြင့် ရယ်မောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားကို လူသုံးယောက်အတွက် အဆိပ်ဖြေဆေးမပေးဘဲ ထွက်သွားတာမျိုး မဖြစ်သင့်ဘူး၊ ဒီနေရာကထွက်သွားမယ်ဆိုရင်လဲ အဆိပ်ဖြေဆေးထားခဲ့ပြီးမှ ထွက်သွားခွင့်ပြုနိုင်မယ်'

အဆိပ်ပါရဂူက ဝေါယာဉ်ကို မြေပြင်သို့ချရန် လက်ပြလိုက်သည်။

'ခင်ဗျားတောင်းတဲ့ အဆိပ်ဖြေဆေးကို ကျုပ် ပေးခဲ့ချင်ပါတယ်၊ ခက်တာက အဆိပ်ဖြေဆေးပေးမယ့်လူက ခုချိန်ထိ ရောက်မလာသေးဘူး'

'ကျုပ် ရောက်လာပါပြီ'

အဆိပ်ပါရဂူထံမှ စကားဆုံးသည်နှင့် လူတစ်ယောက်၏ စကားသံ ထွက်ပေါ်လာပြီး အစိမ်းရောင် ကတ္တီပါဝတ်ရုံကို လွှမ်းခြုံထားသော လူတစ်ယောက် ဝေါယာဉ်အနီးသို့ ရောက်လာသည်။

အသက်ခြောက်ဆယ်ကျော်ခန့်အရွယ် အဘိုးအိုတစ်ယောက် ဖြစ်သည်။

အဘိုးအိုက ဟန်ချင်အိကို နီရဲတောက်ပြောင်သောမျက်လုံးများဖြင့် ကြည့်လိုက်သည်။



'မင်းက အဆိပ်မိထားတဲ့ လူသုံးယောက်အတွက် အဆိပ်ဖြေဆေးလိုချင်ရင် ကျုပ်ပေးဖို့ အဆင်သင့်ရှိပါတယ်၊ ဒါပေမယ့် မင်းရဲ့ ကျုပ်ကို တိမ်ခြွေဓားကွက်ကိုပြမှဖြစ်မယ်'

အစိမ်းရောင်ကတ္တီပါဝတ်ရုံ အဘိုးအိုထံမှ မျှော်လင့်မထားသော စကားကြောင့် ဟန်ချင်အိ အံ့အားသင့်သွားသေးသည်။

သူအသုံးပြုသော တိမ်ခြွေဓားကွက်ကို သိုင်းလောကတွင် သိရှူနည်းပါးလှပေသည်။

သို့သော်....

အဘိုးအို၏တောင်းဆိုမှုကို လိုက်လျောရန် ဟန်ချင်အိက ဆုံးဖြတ်ပြီး ကျောထက်၌လွယ်ထားသော ဓားအိမ်ထဲမှ ဓားကို ထုတ်ယူလိုက်သည်။

ထို ဓားအိမ်ထဲမှဓားကို ထုတ်ယူလိုက်သည်နှင့် တစ်ချိန်တည်းမှာပင် မီးခိုးတန်းလို အလင်းတန်းများ အဘိုးအိုထံသို့ တိုးဝင်ရောက်ရှိလာသည်။

အဘိုးအိုက လက်တစ်ဘက်ကိုဝှေ့ယမ်းလိုက်သည်နှင့် အနီရောင် အလင်းတန်းနှစ်ခုက ဟန်ချင်အိထံသို့ တိုးဝင်လာသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အနီရောင်အလင်းတန်းနှစ်ခုသည် လက်သန်းလုံးခန့်အရွယ်ရှိ၍ အဆိပ်ပြင်းသော မြွေနှစ်ကောင်ပင် ဖြစ်သည်။

သိုင်းလောက၌ ထိုသို့သော မြွေမျိုးကို လက်နက်သဖွယ် အသုံးပြုတိုက်ခိုက်တတ်သူမှာ မြွေဘုရင်တစ်ဦးသာရှိကြောင်း ဟန်ချင်အိ ကြားသိထားသည်။

ဟန်ချင်အိက သတိကြီးစွာထား၍ ဓားကိုဝှေ့ယမ်းကာ တိမ်းလွှဲခြားကွက်ဖြင့် မြွေနှစ်ကောင်ကို ခုတ်ပိုင်းလိုက်လေသည်။

သူ၏ဓားချက်ကြောင့် မြွေနှစ်ကောင်မှာ လေထဲ၌ အပိုင်းပိုင်း အစိတ်စိတ် ပြတ်တောက်ကာ မြေပြင်ပေါ်သို့ကျရောက်သွားလေသည်။

ဟန်ချင်အိ၏ ဝဲဘက်လက်ဖျံ၌ အစ်ခနဲနာကျင်မှု ဖြစ်ပေါ်သွား၍ ဝဲဘက်လက်ဖျံကို ကြည့်လိုက်သည်နှင့် သေးငယ်၍ နက်မှောင်သော အဆိပ်အပ်တစ်ချောင်း စိုက်ဝင်နေသည်ကို တွေ့မြင်လိုက်ရသည်။

မြွေဘုရင်ထံမှ ပစ်လွှတ်သော လက်နက်ပုန်းပင်ဖြစ်သည်။

ဟန်ချင်အိက အေးစက်သောအကြည့်ဖြင့် မြွေဘုရင်ကို ကြည့်လိုက်သည်။



'ကျုပ်ဖော်စပ်ထားတဲ့အဆိပ်က ဘယ်လိုအဆိပ်ဖြေဆေးနဲ့မှ ကုလို့မရဘူး၊ မကြာတော့တဲ့အချိန်မှာပဲ မင်းက သေရတော့မယ်'

မြွေဘုရင်က အောင်နိုင်သူတစ်ယောက်၏ လေသံမျိုးဖြင့် ပြောသည်။

ဟန်ချင်အိမှာ အနည်းငယ်မျှ ကြောက်ရွံ့တုန်လှုပ်သော အသွင်သဏ္ဍာန်မရှိဘဲ ရှေ့သို့လှမ်းထွက်လိုက်သည်။

'ဟန်ချင်အိ၊ မင်း ထပ်ပြီးမလှုပ်ရှားနဲ့၊ မင်း ရှေ့ဆက်တိုးသွားရင် မင်းကိုကယ်ဖို့ ကျုပ် ခြေတစ်လှမ်းနောက်ကျသွားလိမ့်မယ်'

ဟန်ချင်အိနောက်ကျောမှ ကျယ်လောင်သော သတိပေးစကားသံ ထွက်ပေါ်လာသည်။

အသံရှင်မှာ တန်ခွန်းလီဖြစ်ကြောင်းသိ၍ ဟန်ချင်အိက ခြေလှမ်းများကို ရပ်တန့်ထားလိုက်သည်။

သူ့အနီးသို့ တန်ခွန်းလီ ရောက်လာသည်၊

တန်ခွန်းလီလက်ထဲ၌ လူတစ်ယောက်ကို ချုပ်ကိုင်ဖမ်းဆီးလာကြောင်း တွေ့မြင်ရသည်။

www.burmeseclassic.com



အဆိပ်ပါရဂူသည် တန်ခုန်းလီ ဖမ်းချုပ်ခေါ်ဆောင်လာသူကို မြင်သည်နှင့် မျက်နှာတစ်ပြင်လုံး သွေးဆုတ်ဖြူရော်သွားသည်။

မြွေဘုရင်မှာ၊ မျက်နှာပျက်ယွင်းသွားသော်လည်း စေါရင့်သိုင်းသမားတစ်ယောက်ဖြစ်၍ မျက်နှာထက်မှာ အပြုံးတစ်မျိုး လျှင်မြန်စွာဖြစ်ပေါ်လာခဲ့သည်။

ယင်းအခိုက်မှာပင် တန်ခုန်းလီက ခါးကြားမှ ဓားတိုတစ်ချောင်းကိုထုတ်ယူပြီး ဖမ်းချုပ်ခေါ်ဆောင်လာသူ၏ လည်တိုင်၌ ထောက်ထားလိုက်သည်။

တန်ခုန်းလီ ဖမ်းချုပ်ခေါ်ဆောင်လာသူမှာ ကိုယ်ပျောက်တစ္ဆေ ရှောင်လွေ့ဖြစ်သည်။

မြွေဘုရင် အတန်ကြာငြိမ်သက်နေပြီး ရှုံးလွှမ်းသွားသူ တစ်ယောက်ကဲ့သို့ ရယ်မောလိုက်သည်။

'ဟား...ဟား...ဟား...ဟား'

'တန်သခင်လေးကို ကျုပ်က အရက်သမားတစ်ယောက်လို ထင်ထားတာ၊ တကယ်တော့ တန်သခင်လေးက ပညာရှိတစ်ယောက်ပဲ'



တန်ခုန် လီက တင်းမာခက်ထန်သော အမူအရာဖြင့် မြွေဘုရင် အဘိုးအိုကို ကြည့်လိုက်သည်။

'တန်ဂေဟာမှာ သိုင်းပညာအားကိုးနဲ့ ရမ်းကားလို့မရဘူး ဆိုတာ ခင်ဗျားတို့အားလုံး သိထားစေချင်တယ်'

တန်ခုန်းလီ၏ တင်းမာသောစကားကြောင့် မြွေဘုရင်၏ မျက်နှာထက်မှာ အရယ်ရိပ်များ ပျောက်ကွယ်သွားလေသည်။

'တန်သခင်လေးက ကျုပ်ထင်တာထက်ပိုပြီး ဉာဏ်ရည် ထက်မြက်ပါတယ်၊ ကျုပ်တို့ကလဲ တန်ဂေဟာကို အကြောင်းမဲ့ ရောက်လာတာတော့ မဟုတ်ပါဘူး'

မြွေဘုရင်က စကားကိုရှေ့မဆက်ဘဲ ရပ်တန့်ထားသည်။

'ခင်ဗျားက မြွေဘုရင်ဆိုတာ ကျုပ်သိတယ်'

တန်ခုန်းလီက အေးစက်သောလေသံဖြင့် ပြောလိုက်လေသည်။

မြွေဘုရင်၏ မျက်နှာထက်၌ ကောက်ကျစ်စဉ်းလဲသော အပြုံးတစ်မျိုး ဖြစ်ပေါ်လာသည်။

'ကျုပ်လက်ထဲမှာရှိတဲ့လူက တစ္ဆေဂိုဏ်းချုပ်ဆိုတာ ကျုပ်သိထားတယ်၊ ခင်ဗျားတို့အနေနဲ့ ခင်ဗျားတို့ဂိုဏ်းချုပ် ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာ ခွေးသေကောင်အသော တိရစ္ဆာန်အစ်အောင်လို သေ
မယ့်အဖြစ်မျိုး၊ လိုလားမှာမဟုတ်ဘူးဆိုတာ ကျုပ်သိတယ်'

တန်ခွန်းလီစကားအား မြွေဘုရင်နှင့် အဆိပ်မဲ့ရဂူတို့အား
ချုပ်လှုပ်ရှားရှားဖြစ်သွားစေသည်။

ထို့နောက်—

မြွေဘုရင်၏အကြည့်သည် ဟန်ချင်အီထံသို့ ကျရောက်လာ
လေသည်။

'ကျုပ်တို့က တချွေဂိုဏ်းချုပ်ကို တန်ဖိုးထားသလို သခင်
လေးကလဲ ဟန်ချင်အီ အဆိပ်သင့်ပြီးသေမှာကို လိုလားမှာ
မဟုတ်ဘူးလို့ ထင်တယ်'

တန်ခွန်းလီက လွန်စွာဒေါသထွက်ဟန် အမူအရာမျိုးဖြင့်
မြွေဘုရင်ကို စူးစိုက်ကြည့်လိုက်သည်။

'ဟန်ချင်အီရဲ့အဆိပ်ကို ကျုပ် ဖြေဝေးနိုင်တယ်ဆိုတာ
ခင်ဗျားသိထားဖို့လိုလိမ့်မယ်'

မြွေဘုရင်က ခေါင်းခါယမ်းလိုက်သည်။

'ဟန်ချင်အီကိုယ်ထဲမှာရှိနေတဲ့ အဆိပ်ကို ဘယ်သူမှဖြေလို့
မရဘူး၊ ဒါပေမယ့် ကျုပ်က သူ့ကိုယ်ထဲမှာရှိတဲ့အဆိပ်ကို ဖြေ
ပေးမှာပါ'



တန်ခွန်းလီက လျှို့ဝှက်သောအပြုံးဖြင့် ခေါင်းတစ်ချက်
ညိတ်လိုက်သည်။

ထို့နောက်—

တန်ခွန်းလီလက်ထဲ၌ ချုပ်ကိုင်ထားသော ကိုယ်ပျောက်
တချွေ ရှောင်လေ့ကို ကြည့်လိုက်သည်။

'ခင်ဗျားက ဟန်ချင်အီကို အဆိပ်ဖြေပေးရင် ကျုပ်ကလဲ
တချွေဂိုဏ်းချုပ်အဆိပ်ကို ဖြေပေးမယ်'

မြွေဘုရင်မှာ မျက်ခုံးနှစ်ဘက် အပေါ်သို့မြင့်တက်သွား
လေသည်။

'အဆိပ်ဖြေဆေးပေးရုံနဲ့ မလုံလောက်ဘူးဆိုတာ ကျုပ်သိ
တယ်၊ တချွေဂိုဏ်းချုပ်ရဲ့ခန္ဓာကိုယ်မှာ ပိတ်ထားတဲ့သွေးကြော
တွေ ပြန်ဖွင့်ပေးဖို့လဲလိုလိမ့်မယ်'

မြွေဘုရင်သည် လွန်စွာခါးနပ်သူတစ်ယောက်ဖြစ်ကြောင်း
တန်ခွန်းလီ သဘောပေါက်နားလည်လိုက်သည်။

'တချွေဂိုဏ်းချုပ်ကိုယ်ပေါ်မှာ အဓိက ပင်မသွေးကြော
ကွက်လေးနေရာကို ပိတ်ထားတယ်၊ ကျုပ် သွေးကြောအချက်
သုံးကွက် ပြန်ဖွင့်ပေးလိုက်မယ်'

မြွေဘုရင် မျက်နှာပျက်ယွင်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'သေ့ုးကြောကွက်အားလုံးပြန်ဖွင့်မပေးဘဲ ဘယ်လိုကြောင့် တစ်ကွက်ချန်ထားရတာလဲ'

တန်ခုန်းလီ မျက်နှာမဲ့သွားသည်။

'ကျုပ်က ပိတ်ထားတဲ့သေ့ုးကြောကွက်အားလုံး ပြန်ဖွင့်ပေးချင်ပေမယ့် ကျုပ်ညီမ တန်ကျင်းကျင်း ပျောက်နေတယ်၊ ကျုပ်ညီမ ကျုပ်တို့လက်ထဲပြန်ရောက်မှ ကျန်တဲ့သေ့ုးကြောကွက်ကို ဖွင့်ပေးမယ်'

မြွေဘုရင်က စိတ်မသက်သာသော အမူအရာဖြင့် ခေါင်းယမ်းပါသည်။

'တန်ကျင်းကျင်းပျောက်နေတဲ့ကိစ္စ ကျုပ်တို့နဲ့ မဆိုင်ဘူး၊ ဒီပတ်ဝန်းကျင်မှာ သေမင်းတောင်ကြားက သိုင်းသမားတွေရှိနေတယ်'

တန်ခုန်းလီက ပါးစပ်ပိတ်ထားလိုက်သည်။

မြွေဘုရင်က ရွှေသိုဘခ်လှမ်းချင်းလျှောက်သွားပြီး ဟန်ချင်အိကို အဆိပ်ဖြေဆေးကမ်းပေးသည်။

ဟန်ချင်အိက အဆိပ်ဖြေဆေးကို သောက်လိုက်သည်။



မြွေဘုရင်ပေးသောဆေးလုံးသည် အဆိပ်ဖြေဆေး အမှန်ဖြစ်၍ ဟန်ချင်အိက တန်ခုန်းလီကို ခေါင်းယမ်းပြလိုက်လေသည်။

တန်ခုန်းလီက လက်ထဲ၌ချုပ်ကိုင်ထားသော တစ္ဆေဂိုဏ်းချုပ်ကို အဆိပ်ဖြေဆေးတိုက်ပြီး ပိတ်ထားသောသေ့ုးကြောကွက်များကို ဖွင့်ပေးလိုက်သည်။

★

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၀ )

'ဝုန်း.....'

ကျယ်လောင်သောမြည်သံနှင့်အတူ မျဉ်ချပ်များကွာထွက်သွားသည်။

တန်ချင်းခန့် ဒေါ်သမောက်ကဲ့သော နံရံကိုလက်သီးနှင့်ထိုးလိုက်ခြင်းဖြစ်သည်။

သူသာ နံရံကိုလက်သီးနှင့်ထိုးလိုက်သော်လည်း၊ ဒေါ်သရှိန်မပြေသေးဘဲ နီရဲသောမျက်လုံးဖြင့် သားဖြစ်သော တန်ခွန်းလီကို ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းတစ်ယောက်လုံးရှိနေရဲ့သားနဲ့ သမီး ရန်သူနေ့ခက်ကို ပါသွားတာ မင်း သေဖို့ဘဲကောင်းတယ် တန်ခုန်းလီ...

'မင်းသင်ထားတဲ့ သိုင်းပညာက မင်းညီမတစ်ယောက်ရဲ့ အန္တရာယ်ကို မကာကွယ်နိုင်တာ မင်း အချိန်ပြည့် အရက်မူးနေတာကြောင့်ဖြစ်မှာပဲ'

ဖခင်ဖြစ်သူ ဒေါသတကြီးပြောဆိုနေသော စကားအပေါ် တန်ခုန်းလီက နှုတ်တုံ့မပြန်ဘဲ ငြိမ်သက်နေလိုက်သည်။

ယင်းအခိုက်မှာပင် စားသောက်ခန်းမထဲသို့ လူနှစ်ယောက် ဝင်ရောက်လာသည်။

ထိုလူနှစ်ယောက်မှာ ဟူရင်လုံနှင့် နတ်ခါးကျောင်းအိမ် ဖြစ်သည်။

တန်ချင်းခန်က စားသောက်ခန်းမထဲသို့ဝင်လာသော လူနှစ်ယောက်ကိုကြည့်ကာ မျက်နှာထက်မှ တင်းမာမှုများ လျော့ပါးသွားသည်။

'သူ့ရဲ့ကောင်းအခိုးယောက်ကို မင်းတို့ မြင်ခဲ့ပြီးပြီလား'

ဟူရင်လုံနှင့် နတ်ခါးကျောင်းအိမ် တိုင်ပင်ထားသည့် အလား ပြိုင်တူခေါင်းညိတ်လိုက်သည်။



'ကျုပ်တို့ ကြည့်ရှုစစ်ဆေးပြီးပါပြီ၊ ဒီလိုသုံးယောက် သုံးလေကော် အနာယူဖို့လိုလိမ့်မယ်'

နတ်ခါးကျောင်းအိမ်၏စကားကို ထောက်ခံဟန်ဖြင့် ဟူရင်လုံ ခေါင်းညိတ်လိုက်သည်။

အဘိုးအို တန်ချင်းခန် စိတ်မသက်သာသော အမူအရာဖြင့် သက်ပြင်းချလိုက်သည်။

ထို့နောက်...

အရက်အိုးထဲမှ အရက်တစ်ခွက်ကို ငှဲ့ယူသောက်လိုက်လေသည်။

'အားလုံးထိုင်ကြပါ၊ ကျုပ်တို့ စားသောက်ရင်း စကားပြောကြမယ်'

လူအားလုံး တန်ချင်းခန်နှင့် မျက်နှာချင်းဆိုင် ထိုင်ခုံလွတ်များပေါ်၌ နေရာယူလိုက်သည်။

'ကျုပ်သမီးကိုဖမ်းခေါ်သွားတာ သေမင်းတောင်ကြားက လူတွေ မဖြစ်နိုင်ဘူး၊ တစ္ဆေဂိုဏ်းကလူတွေရဲ့လက်ချက်ပဲ ဖြစ်လိမ့်မယ်လို့ ကျုပ်ထင်တယ်...

www.burmeseclassic.com

www.burmeseclassic.com



'သေမင်းတောင်ကြားမှာနေတဲ့ လူတွေက ဂိုဏ်းအဖွဲ့ရှိတဲ့ လူတွေ မဟုတ်ဘော့ တစ်ယောက်တစ်မျိုး ထင်ရာစိုင်းနေကြတာ၊ တံခွန်ဂိုဏ်းက သေမင်းတောင်ကြားကလူတွေကို စည်းရုံးသိမ်းသွင်းထားတာမျိုးတော့ ဖြစ်နိုင်စရာအကြောင်းရှိတယ်'

တန်ချင်းခန့်က တွေးတွေးဆဆပြောသည်။

ယင်းအခိုက်မှာပင် ဟန်ချင်အိထံမှ စကားသံထွက်ပေါ်လာသည်။

'တံခွန်ဂိုဏ်းရဲ့ ပင်မဌာနချုပ်စခန်း ဘယ်မှာရှိတယ်ဆိုတာ ဘယ်သူသိလဲ'

လူအားလုံး၏အကြည့်မှာ ဟန်ချင်အိထံသို့ ကျရောက်လာလေသည်။

သူမေးသောအကြောင်းကို မည်သူမျှ ဖြေနိုင်ခြင်းမရှိ၍ အတွေးကိုယ်စီနှင့် ငြိမ်သက်သွားကြသည်။

အတန်ကြာမှ အဘိုးအို တန်ချင်းခန့်ထံမှ စကားသံထွက်ပေါ်လာသည်။

'ကိုယ်ပျောက်တံခွန် ရှောင်လေ့က တံခွန်ဂိုဏ်းကိုထူထောင်တာ မကြာသေးပေမယ့် အလွန်ကောက်ကျစ်စဉ်းလဲပြီး ဉာဏ်များတဲ့ လူတစ်ယောက်ဆိုတာကိုတော့ သိထားဖို့လိုလိမ့်မယ်...



'အနက်ရောင် ထိပ်သီးသိုင်းသမား အတော်များများကို ရှောင်လေ့က စည်းရုံးသိမ်းသွင်းထားတယ်၊ တံခွန်ဂိုဏ်းဖော် လူတွေအားလုံး အဆိပ်အမျိုးမျိုးကိုအသုံးပြုပြီး အဖြူရောင် သိုင်းသမားတွေကို ဒုက္ခပေးနေတယ်...

'ကျုပ်တို့ တန်ဂေဟာကို ကျူးကျော်ရန်စလာတဲ့အကြောင်းက ကျုပ်တို့ တန်မျိုးနွယ်စုတွေရဲ့ အဆိပ်ဆေးကျမ်း၊ ပဒေသာစာအုပ်ကို ရယူဖို့ ခြေလှမ်းစသတာ ဖြစ်လိမ့်မယ်'

စားသောက်ခန်းမထဲ ရှိနေသူအားလုံး အဘိုးအို တန်ချင်းခန့်၏ စကားကို စိတ်ဝင်စားသွားသည်။

'သိုင်းလောကမှာ ကျုပ်တို့ တန်ဂေဟာကိုဘယ်သိုင်းဂိုဏ်းအဖွဲ့ကမှ ကျူးကျော်ရန်စတာမျိုးမရှိခဲ့ဘူး၊ တံခွန်ဂိုဏ်းက ခုလို ကျူးကျော်ရန်စလာတာ တံခွန်ဂိုဏ်းရဲ့အရှိန်အဝါ မြင့်မားထိုးတက်အောင်၊ သိုင်းလောကသားတွေ စိတ်ဝင်စားလာအောင် ဖန်တည်းလိုက်တဲ့ဖြစ်ရပ်ပဲ...

'ဒီကိစ္စနဲ့ပတ်သက်ပြီး မင်းတို့ ဘာလုပ်သင့်တယ်ဆိုတာကို ကျုပ်ကိုအကြံပြုပါ'

အဘိုးအိုတန်ချင်းခန့်က အကြံဉာဏ်တောင်းခံလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မာန်ချင်အိ၊ ဟူရင်လုံနှင့် နတ်ခါးကြောင်းအိမ် တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်လိုက်သည်။

ဟန်ချင်အိထံမှ စကားသံထွက်ပေါ်လာသည်။

'တန်ကျင်းကျောင်းကို ရန်သူလက်ထဲကကယ်တင်နိုင်ဖို့အတွက် တာချွေဂိုဏ်းရဲ့လှုပ်ရှားမှုကို အစီအစ လှလားဖို့လိုလိမ့်မယ်—

'တာချွေဂိုဏ်းမှာ အရေးပါအရာရောက်တဲ့ လူတစ်ယောက်ကို ဖမ်းချုပ်စစ်ဆေးလိုက်ရင် အဖြေမှန်ကို သိရလိမ့်မယ်လို့ ထင်ပါတယ်'

ဟန်ချင်အိက ထိုသို့ပြောလိုက်သည်နှင့် ဟူရင်လုံထံမှ စကားသံ ထွက်ပေါ်လာသည်။

'သူတွေးတဲ့အတွေးမျိုး ကျုပ်လဲတွေးမိတယ်၊ ကျုပ်တို့ နီကိစ္စကို အမြန်ဆုံးလှုပ်ရှားရလိမ့်မယ်....

'တန်မိန်းကလေးက ရန်သူလက်ထဲရောက်နေတာ၊ တန်ဂေဟာမိသားစုရဲ့ ဂုဏ်သိက္ခာကိုထိခိုက်စေတယ်ဆိုတာကို ကျုပ်သဘောပေါက်တယ်'

ထို့နောက်—



စားသောက်ရင်း တာချွေဂိုဏ်း၏ မင်းဌာနချုပ်စခန်း ည်ရှိရာကို ရှာဖွေတွေ့ရှိနိုင်ရေးအတွက် အသေးစိတ်ဆွေးနွေး ိုင်ကြလေသည်။

စားသောက်ပြီးသည်နှင့် စားသောက်ဆိုင်ခန်းမထဲမှ ဦးစွာ က်လာသူမှာ ဟန်ချင်အိ ဖြစ်သည်။

ပျောက်ဆုံးနေသော တန်ကျင်းကျင်းသည် ဟန်ချင်အိ တ်ထပ်ရန်ရည်ရွယ်ထားသော ချစ်သူဖြစ်၍ ဟန်ချင်အိရင်ထဲ င် တန်ကျင်းကျင်းပျောက်ဆုံးမှုအတွက် နေ့မထိထိုင်မသာ ဝေဒနာတစ်ရပ် ရင်မှာဖြစ်ပေါ်လျက် ရှိလေသည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

တန်ဂေယာဇဉ်ဖြစ်ပွားခဲ့သော ဖြစ်ရပ်အတွက် သတင်းရရှိရန် လူတစ်ယောက်ရှာရမည်ဟု ဟန်ချင်အီ တွေးသည်။

'မီးအိမ်နီ'

ဟန်ချင်အီက လမ်းမပေါ်မှာ လျှောက်လှမ်းလာရင် လူတစ်ယောက်၏ နာမည်ကို ရေရွတ်လိုက်သည်။

မီးအိမ်နီသည် မီးအိမ်တစ်လုံးမဟုတ်ဘဲ လူတစ်ယောက်၏ နာမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းလောက၌ ကျင်လည်လှုပ်ရှားနေသူမှန်သမျှ သတင်းရောင်းသော မီးအိမ်နီ၏နာမည်ကို ကြားသိထားသည်။

မီးအိမ်နီသည် သတင်းရောင်းရာ၌ သတင်းတိကျမှန်ကန်မှုရှိသလို သတင်းရှာဖွေစုဆောင်းမှု ပညာရပ်၌ ထူးချွန်သူတစ်ဦး ဖြစ်သည်။

သိုင်းလောက၌ အရေးကြီးသောသတင်းတစ်ခုကို ရယူလိုပါက မီးအိမ်နီထံသို့ မလွဲမသွေရောက်ရမည် ဖြစ်သည်။

ယခုလည်း ရန်သူနေရာသို့ ပါသွားသော ဓာန်ကျား ကျောင်း၏သတင်းကို ရရှိနိုင်ရေးအတွက် မီးအိမ်နီကို တွေ့အောင် ရှာရမည်ဖြစ်ကြောင်း ဟန်ချင်အိ နားလည်လိုက်သည်။

လမ်းပေါ်မှာ အမှောင်ထုတို့က ကြီးစိုးစပြုလာလေ လူ အသွားအလာ ကင်းရှင်းနေသည်။

မြို့ပြင်သို့ထွက်သော လမ်းမကြီးအတိုင်း လျှောက်လှမ်း လာရင်း အရက်ဆိုင်တစ်ဆိုင်ရှေ့သို့ အရောက်မှာ ဟန်ချင်အိ လှမ်းနေသောခြေလှမ်းများ ရပ်တန့်သွားလေသည်။

ဟန်ချင်အိသာ နာမည်မရှိသောအရက်ဆိုင်ထဲသို့ လှမ်းဝင် လိုက်သည်။



သူက ထောင့်ကျသောစားပွဲတစ်လုံး၌ နေရာယူပြီး အရက် တစ်အိုးနှင့် အသားကင်တစ်ပွဲ မှာယူစားသောက်လိုက်သည်။

အင်းရဲသားများစားသောက်သော ဆိုင်တစ်ဆိုင်ဖြစ်၍ ဆိုင် ထဲရှိ လူအများစုမှာ လမ်းတေလေများဖြစ်ကြောင်း တွေ့မြင်ရ လေသည်။

ဟန်ချင်အိက ဆိုင်တံခါးပေါက်ရှိရာသို့ မျက်နှာလှည့်ထိုင်ရာ ဆိုင်ထဲသို့ဝင်လာသူများကို စောင့်ကြည့်အကဲခတ်နေစဉ် မှာ လမ်းတေလေအဝတ်အစားနှင့် လက်ထဲ၌ ဝါးစိမ်းတုတ် တစ်ချောင်းကို ကိုင်ဆောင်ထားသော အသက်ငါးဆယ်ခန့် အရွယ် လမ်းတေလေတစ်ယောက် ဆိုင်ထဲသို့ဝင်ရောက်လာ သည်ကို မြင်သည်နှင့် မျက်လုံးများ အရောင်တောက်ပသွား လေသည်။

'အစ်ကိုချန်ယို'

ဟန်ချင်အိ ခေါ်သံကြောင့် လမ်းတေလေက ဆိုင်ထဲရှိလူ များကို မျက်လုံးဝေ့ဝဲကြည့်ရင်း ဟန်ချင်အိကို တွေ့မြင်သွား လေသည်။

လမ်းတေလေက ဝမ်းသာရွှင်ပျသောအမူအရာဖြင့် ဟန်ချင် အိ ထိုင်နေရာစားပွဲရှေ့သို့ လျှောက်လာသည်။

www.burmeseclassic.com



'မတွေ့တာ အတော်ကြာသွားပြီ၊ လူချင်းမဆုံဖြစ်ပေမယ့် သတင်းတွေတော့ ကြားတယ်'

လမ်းစောလေးက ဟန်ချင်အိနှင့် မျက်နှာချင်းဆိုင် ခုံလွတ်တစ်လုံး၌ ထိုင်လိုက်သည်။

'အစ်ကို ချန်ယုံ စားချင်တာမှာလိုက်ပါ'

လမ်းစောလေးချန်ယုံ ခေါင်းညိတ်ပြီး အနားသို့ရောက်လာသော စားပွဲထိုးတစ်ယောက်ဆီသို့ မျက်နှာလှည့်လိုက်သည်။

'အရက်တစ်အိုးနဲ့ ယုန်ကင်တစ်ခြမ်း ယူလာပေးပါ'

စားပွဲထိုးထွက်သွားပြီး မကြာမီ အရက်တစ်အိုးနှင့် ယုန်ကင်တစ်ခြမ်း ရောက်ရှိလာသည်။

'ဟန်ချင်အိ ဒီမြို့ကို အကြောင်းကိစ္စနဲ့လာတာလား၊ ဒါမှမဟုတ် သူရဲကောင်းသုံးဖော်ကိစ္စနဲ့ ပတ်သက်နေတာလား'

ဟန်ချင်အိက ဆိုင်ထဲရှိစားသောက်နေသူများကို မျက်လုံးဝေ့ဝဲကြည့်ကာ ခေါင်းတစ်ချက်ညိတ်လိုက်သည်။

'တစ္ဆေဂိုဏ်းကလူတွေရဲ့ ယုတ်မာကောက်ကျစ်တဲ့ လုပ်ရပ်ကြောင့် အဆိပ်မိထားတဲ့ သူရဲကောင်းသုံးဖော်ကို တစ္ဆေဂိုဏ်း



သားတွေလက်ထဲက ကယ်တင်ထားပြီးပြီ၊ လက်တလော အရေးကြီးနေတာက တန်မိန်းလေးပျောက်နေတဲ့ကိစ္စပဲ'

လမ်းစောလေ ချန်ယုံက အရက်တစ်ခွက် ငှဲ့ယူသောက်ပြီး နားမလည်နိုင်သောအမူအရာမျိုးဖြင့် ဟန်ချင်အိကို ကြည့်လိုက်သည်။

'တန်မိန်းလေးဆိုတာ တန်ဂေဟာရဲ့ တန်ကျင်းကျင်းကို ပြောတာလား'

'ဟုတ်တယ်၊ ဟန်ချင်ခန့်ရဲ့သမီး တန်ကျင်းကျင်းကို ခင်ဗျားသိတယ်မဟုတ်လား'

လမ်းစောလေ ချန်ယုံ ခေါင်းညိတ်လိုက်သည်။

'ဟန်ချင်ခန့်ရဲ့သမီး တန်ကျင်းကျင်းကို ကျုပ် ကောင်းကောင်းသိပါတယ်၊ တန်မိသားစုအားလုံး သိုင်းပညာမှာ ထိပ်တန်းအဆင့်မှာရှိနေကြတာပဲ...

'မိန်းလေးလေးပျောက်နေတာ ရန်သူ့လက်ထဲ ကျရောက်နေတာမျိုးတော့ ဟုတ်မယ်မထင်ဘူး၊ တစ်နေရာကို ခရီးလှည့်နေတာမျိုးပဲ ဖြစ်လိမ့်မယ်ထင်ပါတယ်'

ဟန်ချင်အိ ခေါင်းခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'တန်မိန်းကလေး အလည်လွန်ပြီ၊ ပျောက်နေတာမျိုး မဟုတ်ဘူး၊ ရန်သူလက်ထဲအမှန်ရောက်နေမယ်၊ ဘယ်လိုရန်သူ ဆိုတာတော့ ကျုပ် မသိရသေးဘူး....

'တစ္ဆေဂိုဏ်းနဲ့ ပတ်သက်နေတဲ့အကြောင်းတော့ရှိပါတယ် ဒါနဲ့ ကျုပ် လူတစ်ယောက်ကို အရေးတကြီးတွေ့ချင်နေတယ် မီးအိမ်နီကို ကျုပ် ဘယ်မှာတွေ့ရမယ်ဆိုတာ ခင်ဗျားကူညီ ရင် ကူညီပါ'

တန်ချင်အီစကားဆုံးသည်နှင့် လမ်းတေလေချန်ယို အတော် ကြာ တွေဝေသွားသည်။

'မီးအိမ်နီကိုရှာတွေ့ဖို့က ထင်သလောက်မလွယ်ဘူး၊ ကျုံဝှာ မြို့မှာတော့ တွေ့ကောင်းတွေ့နိုင်လိမ့်မယ်....

ကျုံဝှာမြို့က ကျောက်စိမ်း၊ ပျော်ပွဲစားရုံမှာ ငွေသိမ်း တောင်တာထိုင်တဲ့ မိန်းကလေး၊ ကျင်ယုံသင်းက မီးအိမ်နီနဲ့ ရှုစ်သူပဲ၊ ကျင်ယုံသင်းဆီသွားတော့ မီးအိမ်နီက မကြာခဏလာ တာကို ကျုပ်သိထားတယ်'

မီးအိမ်နီကိုတွေ့ဆုံရန် လမ်းစပေါ်လာ၍ တန်ချင်အီမှာ စိတ်ဝင်စားစွာ မှတ်သားထားလိုက်သည်။

လမ်းတေလေဂိုဏ်းသားများသည် အမြို့မြို့အရွာရွာ၌ရှိနေ တတ်၍ သတင်းစုံကိုသိရှိနိုင်ကြောင်း သူက နားလည်ထား လေသည်။



ထို့ကြောင့်....

စားသောက်ပြီးသည်နှင့် သူသည် လမ်းတေလေချန်ယိုနှင့် သိမ်းခွဲ၍ မြို့ပြင်သို့ထွက်သောလမ်းအတိုင်း လျှောက်လှမ်း လာသည်။

လမ်းဘေးဝဲယာမှ အိမ်ခြံများ၌ မီးပုံးများချိတ်ဆွဲထားသော် လည်း လမ်းပေါ်၌ အမှောင်ထုမှာ ကြီးစိုးလျက်ရှိသည်။

'ခစ်....ခစ်....ခစ်....ခစ်'

တန်ချင်အီ ကျောနောက်ဘက်မှ မိန်းကလေးတစ်ယောက် ရယ်သံ ထွက်ပေါ်လာ၍ သူလှမ်းနေသော ခြေလှမ်းများကို ရပ်တန့်လိုက်သည်။

သူက အသံလာရာဘက်သို့ မျက်နှာလှည့်လိုက်သည်နှင့် ကျောနောက်ဘက် ဆယ်ပေခန့်အကွာ၌ အနီရောင်ဝတ်စုံကို အကျအနတ်ဆင်ထားသော မိန်းကလေး တစ် ယောက် ရပ်နေသည်ကို တွေ့မြင်လိုက်ရသည်။

တန်ချင်အီအနီးသို့ လှုပ်ရှားသံမကြားရအောင် ချဉ်းကပ် လာနိုင်သော မိန်းကလေး၏ ကိုယ်ဖော့ပညာမှာ ထိပ်တန်း အဆင့်သို့ ရောက်နေပြီဖြစ်ကြောင်း သူ တွေးမိသည်။

'မိန်းကလေးက ဘယ်သူလဲ'

www.burmeseclassic.com

www.burmeseclassic.com



သူက အမှောင်ထဲမှမိန်းကလေး၏ လှပ်ရှားမှုကို စူးစိုက်ကြည့်ရင်း မေးလိုက်သည်။

'ကျွန်မက လိန်လင်ရှန်ပါ'

ကြာဖြူဂိုဏ်းမှ ကြာဖြူမယ်တော်၏ သမီးဖြစ်ကြောင်း တန်ချင်အိ သိလိုက်သည်။

ကြာဖြူမယ်တော်၏သမီးဖြစ်သူ လိန်လင်ရှန်သည် အဆိပ်လက်နက်ပုန်း၊ မစ်ခတ်မှုပညာရပ်၌ ထူးချွန်သူတစ်ယောက်ဖြစ်ကြောင်း အရှ သိရှိထားသည်။

'မိန်းကလေးရဲ့အမေ ကြာဖြူမယ်နဲ့ သိုင်းလောကထဲမှာ နှစ်ကြိမ်တွေ့ဆုံဖူးတယ်၊ မိန်းကလေး ဒီနေရာကို ဘာကိစ္စအကြောင်းနဲ့ ရောက်လာတာလဲ'

'မိန်းကလေးထံမှ ဝေခွဲမရသောအလေသံတစ်မျိုး ထွက်ပေါ်လာသည်။

'ကျွန်မ ကျုံ့ဂွာမြို့ကိုသွားမလို့ပါ'

ကျုံ့ဂွာမြို့သို့သွားရန် ကြံရွယ်ထားသော တန်ချင်းအိမှာ မိန်းကလေးကို နားမလည်နိုင်မှာန် အံ့မှုအာရာမျိုးဖြင့် ကြည့်လိုက်သည်။



'မိန်းကလေးက ကျုံ့ဂွာမြို့ကိုသွားမှာ ဟုတ်လား၊ ကျုံ့ဂွာမြို့ကို ဘယ်လိုအကြောင်းနဲ့သွားမှာလဲ'

'မီးအိမ်နီဆိုတဲ့လူတစ်ယောက်ကို သွားရှာမလို့ပါ'

လိန်လင်ရှန်ထံမှ မျှော်လင့်မထားသော စကားကြောင့် တန်ချင်အိမှာ မျက်နှာမျက်ယှင်းသွားသည်။

★

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၂ )

ကျုံဖြာသို့သွားမည့် ခရီးစဉ်သည် တိုက်ဆိုင်မှုသက်သက် ဟုတ်နိုင်ကြောင်း တွေးမိသည်။

သူရှာဖွေနေသော မီးအိမ်နီကို လိန်းလင်ရှန်တာ မည်သည့်အတွက်ကြောင့် တွေ့ဆုံရန်ဆန္ဒရှိနေသနည်းဟု အာလျှင်အမြန် တွေးတောစဉ်းစားလိုက်သည်။

'မီးအိမ်နီဟာ သခင်းရှောင်းတဲ့လူတစ်ယောက်မဟုတ်ဘူး၊ မိန်းကလေး.သတင်းဝယ်ဖို့ သူ့ ဆီကိုသွား၊မှာလား သူ့ဆယ်မှာ ရှိတယ်ဆိုတာကိုတော့ သိထားပြီးပြီလား'

www.burmeseclassic.com

www.burmeseclassic.com



ဟန်ချင်အိဆာ စိတ်လှုပ်ရှားသောလေသံဖြင့် မေးလိုက်လေသည်။

လိန့်လင်ရှန်က ကိုယ့်ကိုသိမ့်သိမ့်ခါအောင် ခါယမ်းလိုက်လေသည်။

'ရှင်မေးတဲ့မေးခွန်းတွေကများနေတယ်၊ ကျွန်မ ဘယ်စကားကို အရင်ဖြေရမလဲ'

ဟန်ချင်အိ နှုတ်ဆိတ်နေလိုက်သည်။

'သတင်းရောင်းတဲ့လူ အစ်ယောက်ဆီကို သတင်းဝယ်ဖို့ လွဲပြီး အခြားဘယ်လိုအကြောင်းနဲ့သွားရမှာလဲ၊ မီးအိမ်နီရှိ နေရာကို ကျွန်မ ရှာလို့တွေ့နိုင်မယ်ထင်ပါတယ်'

ဟန်ချင်အိ စိတ်မသက်မသာသောအမူအရာဖြင့် လိန့်လင်ရှန်းကို ကြည့်လိုက်သည်။

မိန်းကလေးနှင့်စကားပြောနေ၍ အကြောင်းထူးမလာနိုင်ကြောင်း တွေးမိကာ ရပ်နေရာမှ လှည့်ထွက်ဟန် ခြေလှမ်းပြင်လိုက်သည်။

ယင်းအခိုက်မှာပင် သူ့အနီးမှ အရိပ်သဏ္ဌာန်တစ်ခု ဖြတ်ကျော်သွားသည်။



သူသွားမည့်လမ်းရှေ့၌ လိန့်လင်ရှန်က ပိတ်ဆို့ရပ်တန့်နေလေသည်။

လိန့်လင်ရှန်၏ မျက်နှာထက်၌ သရော်လှောင်ပြောင်ဟန် အမူအရာတစ်ခု ရှိနေသည်။

'ရှင်က ကျွန်မကို ဆစ်ယောက်တည်းထားခဲ့ပြီး ရှေ့ကသွားမှာလား၊ လိန့်လင်ရှန်ဆိုတဲ့ မိန်းကလေးက ဟန်ချင်အိဆိုတဲ့ သရဖူခါးသမားလောက် ကိုယ်ဖော့ပညာ မကောင်းပေမယ့် ကျိုးဖုံကို မိုးမလင်းခင် အရောက်သွားနိုင်ပါတယ်၊ ရှင်လို့ ကျိုးဖုံမြို့ကို သွားမှာပဲမဟုတ်လား'

ဟန်ချင်အိ သွားမည့်ခရီးစဉ်ကို လိန့်လင်ရှောင်ဆိုနေ၍ လိမ်ညာပြောလည်း အကြောင်းမထူးနိုင်ကြောင်း တွေးမိလေသည်။

'ကျုပ် ဘယ်သွားပြီး ဘာလုပ်မယ်ဆိုတာကို မိန်းကလေး သိနေမှတော့ စကားအထူးပြောဖို့မလိုတော့ဘူးထင်တယ်....

'ကျုပ်မှာ အရေးကြီးတဲ့ အကြောင်းကိစ္စ ရှိနေတော့ မိန်းကလေးကို စောင့်ခေါ်ဖို့ အချိန်မပေးနိုင်တာ ကျုပ်ကို ခွင့်လွှတ်နားလည်ပေးပါ'

ဟန်ချင်အိက ထိုသို့ပြောပြီး လေ၏လျင်မြန်ခြင်းမျိုးဖြင့် ကိုယ်ဖော့ပညာကိုအသုံးပြုပြီး ပြေးထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ကျောနောက်ဘက် တစ်ခေါ်စာ အကွာအဝေးမှ လိန်လင်ရှန်လိုက်ပါလာသည်။

မကြာမီ တောအုပ်ထဲသို့ လိုက်ပါလာသည်။

'လိန်လင်ရှန် မျက်ခြေပြတ်မခံဘဲ လိုက်ပါလာကြောင်းသိ၍ လမ်းကွေ့ချိုးတစ်ခုသို့အရောက်၌ ဟန်ချင်အိုက မြင့်မားသော သစ်ပင်ကြီးတစ်ပင်၏ ထိပ်ဖျားပေါ်သို့ ခုန်တက်လိုက်သည်။

သူရှိနေသောသစ်ပင်ကို ကျော်ဖြတ်ပြီး လိန်လင်ရှန် ရှေ့သို့ ဆက်ပြေးသွားသည်။

ဟန်ချင်အိုက ရှေ့မှပြေးနေသော လိန်လင်ရှန်၏နောက်မှ လိုက်ပါလာသည်။

ထမင်းတစ်အိုးချက်ခန့် ကြာသောအချိန်၌ လူတစ်စုက လိန်လင်ရှန်သွားမည့် လမ်းရှေ့၌ ပိတ်ဆို့ရပ်တန့်နေသည်ကို တွေ့မြင်လိုက်ရသည်။

ဟန်ချင်အိုက မှောင်ရိပ်ကွယ်မှ ဖြစ်ပေါ်လာမည့် အခြေအနေကိုစောင့်ကြည့်နေလိုက်သည်။

မျက်နှာဖုံးစွပ်ထားသော အနက်ရောင်ဝတ်ရုံရှင် ဆယ်ယောက်အနက် ရှေ့ဆုံးရပ်နေသူထံမှ စကားသံထွက်ပေါ်လာလေသည်။



'မိန်းမလေးက ဘယ်သူလဲ၊ ဒီနေရာကိုဘယ်လိုအကြောင်း ရောက်လာတာလဲ'

လိန်လင်ရှန်ထံမှ အေးစက်သောရယ်သံသဲ့သဲ့ ထွက်ပေါ်လာသည်။

'ရှင်တို့က ဓားပြအဖွဲ့သားတွေလား၊ ကျွန်မဘယ်သူဆိုတာ သိလို့ ရှင်တို့အတွက် ဘာမှအကြောင်းထူးလာနိုင်မှာ မဟုတ်ပါဘူး၊ ရှင်တို့ အသက်မသေချင်ဘူးဆိုရင် ကျွန်မသွားမယ့် လမ်းရှေ့က အမြန်ဖယ်လိုက်ပါ'

လိန်လင်ရှန်ထံမှ အေးစက်တင်းမာသောစကားသံ ထွက်ပေါ်လာသည်။

'ဟား...ဟား...ဟား...ဟား'

မျက်နှာဖုံးစွပ်ထားသောလူစုအနက် ခေါင်းဆောင်ဖြစ်သူထံမှ ကျယ်လောင်သောရယ်သံ ထွက်ပေါ်လာသည်။

'မိန်းမလေးက ဘယ်ဂိုဏ်းအဖွဲ့ကလဲ၊ ဘယ်သူ့အစ[illegible]နဲ့ [illegible]ကာပြောတဲ့လေသံက တင်းမာနေတာလဲ၊ ကျုပ်တို့ရန်သူ တစ်ယောက် ဒီလမ်းကလာမယ်ဆိုတာသိထားလို့ စောင့်ကြည့်နေတာ...

www.burmeseclassic.com

www.burmeseclassic.com



'မိန်းကလေး လာတဲ့လမ်းမှာ အသက် နှစ်ဆယ် ကျော် အရွယ် လူငယ်တစ်ယောက်ကို မတွေ့မိဘူးလား'

မျက်နှာဖုံးစွပ်ထားသူ၏ အမေးစကားကြောင့် လိန်လှိုင်ရှန်၏ မျက်လုံးများ အရောင်ပြောင်းသွားသည်။

'ရှင်တို့က လူအသွားအလာမရှိတဲ့ တောထဲမှာ လူတစ်ယောက်ကို မစောင့်နေတယ်မဟုတ်လား။ ဒီအချိန်မှာ ဒီလမ်းကို လာတဲ့လူက ကျွန်မနဲ့ သရဖူခွားသမား ဟန်ချင်အိုပဲရှိတယ်။ ရှင်တို့က ဟန်ချင်အိုကို စောင့်နေတာလား'

ဟန်ချင်အို ထိုသို့ပြောလိုက်သည်နှင့် မျက်နှာဖုံးစွပ်ထားသောလူစု လှုပ်လှုပ်ရွရွဖြစ်သွားသည်။

ခေါင်းဆောင်ဖြစ်ဟန်ရှိသူထံမှ စကားသံထွက်ပေါ်လာလေသည်။

'သရဖူခွားသမား ဟန်ချင်အိုကို မိန်းကလေး တွေ့ခဲ့တယ် မဟုတ်လား။ သူ ဘယ်မှာလဲ'

လိန်လှိုင်ရှန် ခေါင်းယမ်းပြလိုက်သည်။

'ကျွန်မရှေ့က ဟန်ချင်အိုထွက်သွားလို့ ကျွန်မ အမှီလိုက်တာ၊ ရှင်တို့ ဒီနေရာမှာရှိနေရင် ဒီလမ်းကလာတဲ့ ဟန်ချင်အို



ကို တွေ့မှာပဲ၊ ကျွန်မရှေ့က ဟန်ချင်အို ပြေးထွက်လာတာ မကြာသေးဘူး'

လိန်လှိုင်ရှန်က အမှန်အတိုင်းပြောလိုက်သော်လည်း မျက်နှာဖုံး စွပ်ထားသောလူစု၏ ခေါင်းဆောင်ဖြစ်သူ ယုံကြည်ဟန်မရှိတဲ့ ဒေါသမျက်လုံးများဖြင့် လိန်လှိုင်ရှန်ကို ကြည့်သည်။

'မိုးချုပ်စအချိန်ကတည်းက ကျုပ် ဒီနေရာမှာရှိနေတာ၊ ဒီလမ်းက ဘယ်သူမှလာတာမတွေ့ဘူး....

'မိန်းကလေး ကျုပ်တို့မေးတာကို အမှန်အတိုင်းမပြောရင် မိန်းကလေးကို ဖမ်းချုပ်စစ်ဆေးရလိမ့်မယ်'

လိန်လှိုင်ရှန်နှင့် မျက်နှာဖုံးစွပ်ထားသူများ ပြောသောစကားကို ဟန်ချင်အို ကြားနေရသည်။

✱

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၃ )

သူတို့ကြားသို့ ဝင်ရောက်ခြင်းမပြုပါက မိန်းကလေး အတွက် အန္တရာယ်ရှိနိုင်ကြောင်း ဟာန်ချင်အိ တွေးမိသည်။

ထို့ကြောင့်…

သူက အမှောင်ရိပ်ထဲမှပြေးထွက်လာစ လိန်လင်ရှန့်အနီး၌ ရပ်လိုက်သည်။

'ခင်ဗျားတို့ပြောနေတဲ့စကားတွေ ကျုပ် အားလုံးကြား တယ်၊ ခင်ဗျားတို့တွေချင်နေတဲ့ ဟာန်ချင်အိဆိုတာ ကျုပ်ပဲ၊ ခင်ဗျားတို့နဲ့ ရန်ငြိုးရန်စမရှိတဲ့ မိန်းကလေးကို ဒုက္ခမပေးကြ သွားပါစေ'

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ ဟာန်ချင်အီ ရောက်လာ၍ မျက်နှာဖုံးစွပ်ထားသူများ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

'မိန်းကလေးသွားမယ့်ခရီးကို ဆက်ပြီးသွားပါ၊ ကျုပ်ဒီလူတွေနဲ့ စာရင်းရှင်းပြီးမှ ရှေ့ကိုခရီးဆက်မယ်'

ဟာန်ချင်အီက လိန်လင်ရှန်ကို အန္တရာယ်ကင်းစွာ ထွက်ခွာသွားနိုင်ရေးအတွက် လမ်းဖွင့်ပေးလိုက်သည်။

လိန်လင်ရှန်က ရယ်စရာပျက်လုံးတစ်ခုကို ကြားရသည့်အလား ကိုယ်ကိုသိမ့်သိမ့်ခါအောင် ရယ်မောလိုက်သည်။

'ဒီခရီးကို ကျွန်မတို့နှစ်ယောက် ဆတူလာတာ၊ ရှင်မပါဘဲ ကျွန်မတစ်ယောက်တည်းသွားလို့ မဖြစ်ဘူး၊ ဒီလူတွေက ဆော်ချင်လို့ အကြောင်းရှာပြီး ကျွန်မတို့လာမယ့်လမ်းက စောင့်နေတာပါ'

လိန်လင်ရှန်က မိတ်ဆွေတစ်ယောက်လို သဘောထားပြီး ပြောဆိုလာ၍ ဟာန်ချင်အီ အခက်တွေ့သွားသည်။

'ခင်ဗျားတို့ ဘယ်ဂိုဏ်းဖွဲ့ကလဲ၊ ဘယ်လိုအကြောင်းနဲ့ ကျုပ်လာမယ့်လမ်းမှာ ကြိုစောင့်နေတာလဲ'

ဟာန်ချင်အီက အေးစက်တင်းမာသောလေသံဖြင့် မေးလိုက်သည်။



မျက်နှာဖုံးစွပ်ထားသူများအနက် ခေါင်းဆောင်ဖြစ်ဟန်တူသူ ရှေ့သို့ခြေတစ်လှမ်းတိုးလာသည်။

'မင်းက အသက်သေပေးမယ့် သိုင်းလောကရဲ့ ဓားသမားဘွဲ့ကို ရထားတဲ့လူတစ်ယောက်ဖြစ်လို့ မင်း အသက်ငယ်ငယ်နဲ့ သေသွားမှာကို ကျုပ်မလိုလားဘူး၊ ဟာန်ချင်အီ—

'ကျုပ် မင်းကို အကောင်းဆုံးအကြံပေးချင်တာက တန်မိသားစုနဲ့ ပတ်သက်တဲ့ကိစ္စမှာ ဝင်မစွက်ဘဲ ဘေးကရှောင်နေလိုက်ရင် မင်းအတွက် အသက်ရှည်ဖို့အခွင့်အရေး ရှိလိမ့်မယ် ထင်တယ်'

မျက်နှာဖုံးစွပ်ထားသူ၏ စကားကြောင့် ဟာန်ချင်အီက မျက်ခုံးတွန့်ကာ ပြုံးလိုက်သည်။

'တန်မိသားစုက ကျုပ်ရဲ့ အရင်းနှီးဆုံး မိတ်ဆွေတွေပဲ၊ ခင်ဗျားပြောတဲ့စကားအတိုင်းဆိုရင် တန်ဂေဟာက မိန်းကလေး ပျောက်နေတာ ခင်ဗျားတို့လက်ချက်ပဲ ဖြစ်မယ်ထင်တယ်၊ ခင်ဗျားတို့က တစ္ဆေဂိုဏ်းအဖွဲ့ကလူတွေလား'

မျက်နှာဖုံးစွပ်ထားသူ ခေါင်းကိုလေးပင်စွာ ညိတ်သည်။

'ကျုပ်တို့က တစ္ဆေဂိုဏ်းကလာဆိုတာ မှန်တယ်၊ တန်ဂေဟာက မိန်းကလေးပျောက်ဆုံးနေတာ ကျုပ်တို့တစ္ဆေဂိုဏ်းနဲ့ မပတ်သက်ဘူး....

www.burmeseclassic.com



'သေမင်းဆောင်ကြွားကာ လူတွေနဲ့ ဗတ်သတ်နေတယ်လို့ ကျုပ် ကြားမိတယ်'

ဟန်ချင်အိုခေါင်းထဲ၌ ထွေးထောစဉ်းစားစရာများ ဖြစ်ပေါ်လာသည်။

သေမင်းတောင်ကြွားမှ သိုင်းသမားများ တရွေ့ကိုကျော်လက်အောက်သို့ ရောက်ရှိနေကြောင်းရွေးမိသည်။

'ခင်ဗျားတို့က ဘယ်လိုရည်ရွယ်ချက်နဲ့ ကျုပ်ကို ဒီနေရာစောင့်နေတာလဲ၊ ခင်ဗျားတို့က ကျုပ်ကို ဟန့်တားလို့ရမယ် ထင်နေလား'

ဟန်ချင်အို ထိုသို့ပြောလိုက်သည်နှင့် မျက်နှာဖုံးစွပ်ထားသူမှာ မျက်လုံးများအရောင်ပြောင်းသွားသည်။

'သရဖူမြားသမား ဟန်ချင်အိုလိုလူတစ်ယောက်ကို အလွယ်နဲ့ ဟန့်တားလို့မရဘူးဆိုတာ ကျုပ် သဘောပေါက်ပါတယ်…

'မင်းက နောက်ကြောင်းပြန်မလှည့်ဘဲ ရှေ့ဆက်တိုးလာမယ်ဆိုရင်တော့ ကျုပ်တို့က ဟန့်တားရမှာပဲ'

ဟန်ချင်အိုက ဆုံးဖြတ်ချက်ချပြီးသွားသော အမူအရာမျိုးဖြင့် ရှေ့သို့ခြေတစ်လှမ်းတိုးလိုက်သည်။



'ကျုပ်ကတော့ ကျုပ်သွားမယ့်ခရီးကို ဆက်ပြီးသွားရမှာပဲ၊ ခင်ဗျားတို့ဟန့်တားနိုင်တဲ့အစွမ်းရှိရင် တားပေါ့'

ဟန်ချင်အို စကားဆုံးသည်နှင့် ရှေ့သို့တစ်လှမ်းချင်းတိုးလိုက်သည်။

'ဖွင်…'

ဝင်းခနဲလက်သွားသော ဓားရောင်နှင့်အတူ လေတိုးသံတစ်ချက် ထွက်ပေါ်လာပြီး ဓားသွားက ဟန်ချင်အိုထံသို့ အရှိန်အဟုန်ပြင်းစွာ တိုးဝင်လာသည်။

ဟန်ချင်အို ဓားအိမ်ထဲမှဓားကို ထုတ်ယူခြင်းမရှိဘဲ ဓားသွားကို လွတ်ရုံသာ တိမ်းရှောင်လိုက်သည်။

ဓားချက်တစ်ချက်လွဲချော်သွားသည်နှင့် ရန်သူက ဓားကွက်တစ်မျိုးပြောင်းကာ အဆက်မပြတ် တိုက်ခိုက်လာသည်။

ဟန်ချင်အိုက ရန်သူ၏ဓားချက်များကို တိမ်းရှောင်နေစဉ်မှာ မျက်နှာဖုံး စွပ်ထားသူ့မှလူနှစ်ယောက် တိုက်ပွဲကြားသို့ခုန်လွှားဝင်ရောက်လာသည်။

တိုက်ပွဲအခြေအနေကို စောင့်ကြည့်နေသော လီနိုင်ရှန်ဆက်တစ်ဘက်ကို ဖွဲ့ယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝှစ်....'

'ဝှစ်—'

လေတိုးသံများ ထွက်ပေါ်လာပြီး ပန်းပွင့်ဆဲကြာနှံအဆိပ်အပ်များ မျက်နှာဖုံးစွပ်ထားသူနှစ်ယောက်ထံ ပြေးဝင်သွားလေသည်။

ဟန်ချင်အိကို ကျောနောက်ဘက်မှ အလစ်ဝင်ရောက်တိုက်ခိုက်ရန် ကြိုးစားသော လူနှစ်ယောက်မှာ လိန်ခင်ရှိန်ပစ်လွှတ်လိုက်သော အဆိပ်လက်နက်ပုန်း 'ထိမှန်ကာ' အသံမထွက်နိုင်ဘဲ မြေပြင်ပေါ်သို့ လဲကျသွားသည်။

ဟန်ချင်အိက ရန်သူ၏ဓားချက်ကို ကွေ့ဝိုက်တိမ်းရှောင်ရင်း ကျောထက်၌လွယ်ထားသော ဓားအိမ်ထဲမှဓားကို ထုတ်ယူလိုက်သည်။

'ဝှစ်....'

'ချွင်း....'

လေတိုးသံနှင့်အတူ ဓားနှစ်လက်ထိခတ်မိသံ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး မီးပွင့်များဖြာထွက်သွားသည်။

'အား....'



လူတစ်ယောက်၏ နာကျင်စွာဟစ်အော်သံ ထွက်ပေါ်လာလေသည်။

ဟန်ချင်အိနှင့် ယှဉ်ပြိုင်တိုက်ခိုက်နေသော မျက်နှာဖုံးရှင်၏ ရင်ပြင်၌ ဓားနှင့်လန်ပြဲဓားချက်ရာတစ်ခု ဖြစ်ပေါ်လာပြီး ဒဏ်ရာမှ နီရဲသောသွေးများ စီးမိုယိုထွက်ကျလာသည်။

'တိမ်းခြွေဓားကွက်'

မျက်နှာဖုံးရှင်မှာ တိမ်းခြွေဓားကွက်ဟု အထိတ်တလန့် အော်ရှတ်ပြီး မြေပြင်ပေါ်သို့လဲကျသွားသည်။

'တိုက်'

လူတစ်ယောက်၏ အော်သံနှင့်အတူ ဓားရောင်များ ဝင်းလက်သွားသည်။

မျက်နှာဖုံးစွပ်ထားသော လူစုနှစ်ယောက်က ဟန်ချင်အိကို စက်ဝိုင်းသဏ္ဌာန်ဝိုင်း၍ တိုက်ခိုက်လာသည်။

'ဟိုင်း....'

'ယား....'

'ရှူး....'

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲအခြေအနေကို စောင့်ကြည့်နေသော လိန်လင်ရှန်— လက်ထဲမှ ပန်းပွင့်သဏ္ဌာန် လက်နက်မှုန်းများကို ပစ်လွှတ်လိုက်သည်။

'အား...'

'အင့်...'

ပျားတစ်အုပ်လို ဝဲပျံမြေးထွက်လာသော ပန်းပွင့်သဏ္ဌာန် အဆိပ်လက်နက်ပုန်းများထိမှန်ကာ မျက်နှာဖုံးစွပ်များ တစ်ယောက်ပြီးတစ်ယောက် မြေပြင်ပေါ်သို့လဲကျသွားသည်။

တိုက်ပွဲအချိန်ကြာမြင့်မှုမရှိဘဲ လျှပ်တစ်ပြက်အတွင်း ပြီးဆုံးသွား၍ ဟန်ချင်အီက သွေးစွန်းနေသောဓားကို ဓားအိမ်ထဲသို့ ထည့်လိုက်သည်။

ဟန်ချင်အီနှင့် လိန်လင်ရှန် မြေပြင်၌ပြန့်ကြဲနေသော အလောင်းကောင်များအကြား၌ မျက်နှာချင်းဆိုင် ရပ်လိုက်လေသည်။

'ကျုပ်အထွက်နဲ့ မိန်းကလေးက တစ္ဆေဂိုဏ်းသားတွေနဲ့ ရန်ငြိုးဖွဲ့တာ ကျုပ် စိတ်မကောင်းပါဘူး'

ဟန်ချင်အီက အမှန်တကယ်စိတ်မကောင်းဖြစ်ဟန် လေသံမျိုးဖြင့် ပြောဆိုလိုက်သည်။



လိန်လင်ရှန်က အရယ်မျက်နှာဖြင့် ဟန်ချင်အီကို ကြည့်လိုက်သည်။

'သိုင်းလောကထဲမှာ ကျင်လည်သွားလာနေတဲ့ သိုင်းသမားတစ်ယောက်မှန်သမျှ ဂိုဏ်းအဖွဲ့တစ်ဖွဲ့နဲ့တစ်ဖွဲ့ ရန်ငြိုးဖွဲ့တာ အဆန်းမဟုတ်ပါဘူး...'

'ကျွန်မက ရန်ရှာတာမဟုတ်ဘဲ သိုင်းပညာအစားကိုးနဲ့ အသွမ်းသောင်းကျန်းနေတဲ့ ဒုစရိုက်သမားတွေ သေသင့်တာ ကြာပြီ၊ ဒါနဲ့ ရှင်က ကျွန်မရှေ့ကထွက်သွားပြီး ဘယ်လိုကြောင့် ကျွန်မနောက်ကရောက်လာတာလဲ'

လိန်လင်ရှန်၏ အမေးစကားကြောင့် ဟန်ချင်အီက တီးတိုးရယ်မောလိုက်သည်။

လိန်လင်ရှန်ကို အမှန်အတိုင်းပြောလိုသောဆန္ဒများ ဖြစ်ပေါ်လာသည်။

★

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၄ )

'ကျုပ်က သစ်ပင်ပေါ်မှာ ခဏအနားယူနေတုန်းမှာ မိန်းကလေးက ကျုပ်ရှိတဲ့သစ်ပင်အောက်က ဖြတ်ကျော်သွား တာတွေ့မှ မိန်းကလေးနောက်က ကျုပ်လိုက်လာခဲ့တာပဲ—

'သိုင်းလောကမှာ မိန်းကလေးလေးဝက် ကိုယ်ဖော့ပညာစ ထူးချွန်တဲ့ သင်တူရှယ်တူမိန်းကလေးမျိုး မရှိနိုင်တာသေချာ ပါတယ်'

ဟန်ချင်အိစကားကို သဘောကျဟန်ဖြင့် ထိန်ဖြင်ရှန့်က ရယ်မောလိုက်သည်

www.burmeseclassic.com

www.burmeseclassic.com



'ရှင်က ခရီးတစ်ခုကို ကျွန်မနဲ့အတူမသွားချင်လို့ နောက်ချန်နေခဲ့တာမဟုတ်လား၊ ရှင့်ရင်ထဲမှာ ဘယ်လိုဆန္ဒမျိုးရှိတယ်ဆိုတာ ရှင်မပြောဘဲ ကျွန်မသိနိုင်တယ်…

'ရှင်ရှေ့ကသွားမှာလား၊ ကျွန်မကရှောင်သွားရမှာလား၊ ဘယ်လိုပဲသွားသွား၊ ရှင်က ကျွန်မထက် ကိုယ်ဖော့ပညာသာတယ်ဆိုတာကိုတော့ ကျွန်မသိတယ်'

'ကျုပ်တို့နှစ်ယောက် အတူသွားမယ်'

ဟန်ချင်အိထံမှ မျှော်လင့်မထားသော စကားကြောင့် လီနင်လင်ရှန့်၏မျက်နှာမှာ ပြုံးရွှင်သွားသည်။

ယင်းအခိုက်မှာပင်….

'ဟား….ဟား…ဟား…ဟား'

လူတစ်ယောက်၏ ကျယ်လောင်သောရယ်သံ ထွက်ပေါ်လာပြီး ကြီးမားသော ရဲတင်းတစ်လက်ကို ကိုင်ဆောင်ထားသော လူတစ်ယောက် ဟန်ချင်အိတို့သွားမည့်လမ်းရှေ့၌ ထွက်ပေါ်လာသည်။

'သံရဲတင်း ဝမ်းကျင်'

ဟန်ချင်အိထံမှ အံ့အားသင့်စွာဖြင့် ရေရွတ်လိုက်သော စကားသံ ထွက်ပေါ်လာသည်။



သိုင်းလောက၌ ထင်ပေါ်ကျော်ကြားသော လူဆိုးဆန်း သိုင်းသမားသံရဲတင်း ဝမ်းကျင်။ မမျှော်လင့်ဘဲ ရောက်ရှိလာ၍ ဟန်ချင်အိမှာ အံ့အားသင့်သွားသည်။

'တရွှေဂိုဏ်းက အဆင့်မြင့်သိုင်းသမားတွေ အလုံးနဲ့ အနိုင်ယူနိုင်လို့ ဘဝင်မြင့်မသွားကြနဲ့ဦး၊ ကျုပ်ကိုကျော်နိုင်မှ မင်းတို့ ရှေ့ကိုခရီးဆက်ခွင့်ရမယ်….

'ကျုပ်ကို မကျော်နိုင်ရင်တော့ တရွှေဂိုဏ်းသားတွေရဲ့ နောက်ကို မင်းတို့လိုက်ရမှာပဲ'

သံရဲတင်း ဝမ်းကျင်ထံမှ တင်းမာခက်ထန်သောစကားသံ ထွက်ပေါ်လာသည်။

ဟန်ချင်အိ စိတ်မသက်သာသောအမူအရာဖြင့် ခေါင်းယမ်းခါလိုက်သည်။

'သံရဲတင်းဝမ်းကျင်က ကျုပ်တို့ကို ဘယ်လိုကြောင့်ဟန့်တားဖို့ကြိုးစားတာလဲ၊ ကျုပ်တို့ ထင်ယောက်နဲ့တစ်ခေါက်ရန်ငြိုးမရှိဘူးထင်ပါတယ်'

ဟန်ချင်အိက တည်ငြိမ်သောလေသံဖြင့် ပြောလိုက်သည်။

သံရဲတင်း ဝမ်းကျင် ဒေါသထွက်တင်းမာသောအကြည့်ဖြင့် ဟန်ချင်အိကို ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းက သေဖူးမှာလား ဟန်ချင်အီ မဖော်လား၊ ကျုပ်က မင်းကိုသတ်ဖို့ လူတစ်ယောက်ကို စာတီမေးထားတယ်...'

'ရန်ငြိုးမရှိခဲ့ဖမယ့် ကျုပ်အတွက် စာတိစကားအတိုင်း မင်းကိုသတ်ရမှာပဲ'

ဟန်ချင်အီက စကားမဆက်ဘဲ နှုတ်ဆိတ်နေလိုက်သည်။

ထင်းအခိုက်မှာပင် လီနှလင်ရှန့်ထံမှ စကားသံထွက်ပေါ်လာသည်။

'ရှင်က သူများအသက်ကိုသတ်ဖို့ စဉ်းစားနေတာ၊ ရှင့်အသက်သေမှာကိုတော့ မစိုးရိမ်ဘူးမဟုတ်လား။ ရှင်လို သိုင်းလောကထဲမှာ မရှိသင့်တဲ့လူတစ်ယောက်ပဲ'

လီနှလင်ရှန်က ထိုသို့ပြောပြီး လက်တစ်ဘက်ကိုလှုပ်ယမ်းလိုက်သည်နှင့် ပန်းပွင့်လက်နက်ပုန်းများ သံရဲဘင်းဝမ်းကျောင်ထံသို့ ပြေးထွက်သွားသည်။

'ဝှစ်...'

'ဝှစ်...'

'ဖော...ဖော...ဖော...ဖော'



သံရဲဘင်းဝမ်းကျောင် ကျယ်လောင်စွာ ဟာစ်အော်ရယ်မောပြီး လက်တစ်ဘက်ကိုဝှေ့ယမ်းကာ လီနှလင်ရှန် ပစ်လွှတ်လိုက်သော လက်နက်ပုန်းများကို အကျီစနှင့် ခတ်ထုတ်ပစ်လိုက်လေသည်။

'ကလေးဆော့တဲ့ပန်းပွင့်တွေနဲ့ ကျုပ်ကိုပစ်လို့ ဘာမှဖြစ်မှာမဟုတ်ဘူး။ မဆိုင်တဲ့ကိစ္စမှာဝင်မရှုပ်ဘဲ မိန်းကလေး ကိုယ့်လမ်းကိုယ်သွားရင် ကောင်းလိမ့်မယ်'

သံရဲဘင်းဝမ်းကျောင်က လီနှလင်ရှန့်ကို ကြာဖြူမယ်၏သမီးဖြစ်ကြောင်း သိရှိထား၍ ယခုလိုစကားမျိုး ပြောခြင်းဖြစ်ကြောင်း ဟန်ချင်အီ နားလည်လိုက်သည်။

'မိန်းကလေး နောက်ဆုတ်နေလိုက်ပါ၊ သွေးဆာနေတဲ့ သံရဲဘင်းဝမ်းကျောင်ကို ကျုပ်မဲရင်ဆိုင်လိုက်ပါ့မယ်'

ဟန်ချင်အီ ထိုသို့ပြောပြီး ရှေ့သို့လှမ်းတက်လိုက်သည်။

'ခင်ဗျားဘက်က အဆင့်သင့်ဖြစ်ရင် စတိုက်လို့ရပြီ'

ဟန်ချင်အီ အေးစက်သောလေသံဖြင့် ပြောလိုက်သည်။

သံရဲဘင်းဝမ်းကျောင် မယုံနိုင်ဟန်မျက်လုံးဖြင့် သူ့ကိုကြည့်လိုက်သည်။

'မင်းက ဓားမထုတ်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်ဓား ထုတ်ရင် ခင်ဗျားအသက်မရှင်နိုင်တော့ဘူး'

ဟာန်ချင်အိ လေးပင်သော လေသံဖြင့် ပြောလိုက်သည်။

'မင်းတာ အသက်ငယ်သေးလို့က် အဟောဘ်လေ့လွှမ်းထွား တာပဲ၊ ဓားထုတ်ခွင့်မရဘဲ သေချင်တယ်ဆိုရင်လဲ ကျုပ်က မင်းဆန္ဒကိုလိုက်လျောပေးမှာပါ'

သံရဲတင်းဝမ်းကျင် စကားဆုံးသည်နှင့် လက်ထဲ၌ကိုင်ထား သော ရဲတင်းကို ပင့်မြှောက်လိုက်သည်။

ကျယ်လောင်သော လေတိုးသံနှင့်အတူ ကြီးမားသော လေယိုင်းအားတစ်ခု ဟာန်ချင်အိထံသို့ တိုးဝင်လာသည်။

သူက သတိကြီးစွာထား၍ ရဲအင်းခုတ်ချက်ကိုတိမ်းရှောင် လိုက်သည်။

အချိန်မျှားစွာလေးလံသော ရဲအင်းကို ဝမ်းကျင်အာ တုတ် တစ်ချောင်းကဲ့သို့ ဝှေ့ယမ်းတိုက်ခိုက်နိုင်ကြောင်း တွေ့မြင်ရ လေသည်။

သံရဲတင်းဝမ်းကျင် ရဲအင်းကို အဆက်မပြတ်ဝှေ့ယမ်း တိုက်ခိုက် သော်လည်း ဟာန်ချင်အိကို ဒဏ်ရာရအောင်တိုက်ခိုက် နိုင်ခြင်းမရှိ၍ ဒေါသပေါက်ကွဲလာသည်။



ဟာန်ချင်အိအာ ရန်သူ၏ ရဲအင်းခုတ်ချက်များကို ကွေ့ဝိုက် တိမ်းရှောင်ရင်း အေးစက်သောလေသံဖြင့် ရယ်မောလိုက် သေသည်။

'သိုင်းကွက်ဆယ်ကွက် ပြည့်သွားပြီ၊ ခုချိန်ထိ ခင်ဗျား ကျုပ်ကိုသေအောင်မသတ်နိုင်သေးဘူး၊ သိုင်းကွက်ဆယ်ကွက် အတွင်းမှာ ခင်ဗျား ကျုပ်ကိုသေအောင်မသတ်နိုင်ပေမယ့် သိုင်း ကွက်ဆစ်ကွက်တည်းနဲ့ ကျုပ် ခင်ဗျားကို သေအောင်သတ်နိုင် ပါတယ်'

ဟာန်ချင်အိက ထိုသို့ပြောလိုက်သည်နှင့် သံရဲအင်းဝမ်းကျင် ၏ ခါးအပိုမို ပြင်းထန်လာပြီး ကြမ်းတမ်းသော သိုင်းကွက်များကို အသုံးပြုတိုက်ခိုက်လာသည်။

ဟာန်ချင်အိက ဓားအိမ်ထဲမှဓားကို ထုတ်ယူခြင်းမရှိဘဲ တစ်နေရာမှ တစ်နေရာသို့ ကွေ့ဝိုက်တိမ်းရှောင်ရင်း သိုင်းကွက် ဆယ်ပြည့်သွားသည်။

'ဟာန်ချင်အိ ရန်သူကိုညှာမနေနဲ့၊ အသေသတ်ပစ်လိုက်'

မိန်းကလေးလိန်ကင်ရှန်ထံမှစကားသံထွက်ပေါ်လာသည်။

ဟာန်ချင်အိက အေးစက်သောအပြုံးဖြင့် သံရဲအင်းဝမ်းကျင် ကြည့်လိုက်သည်။

ဝမ်းကျင်၏လှုပ်ရှားမှု နှေးကွေးစပြုလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'သိုင်းကွက်နှစ်ဆယ်ပြည့်သွားပြီ ကျုပ် ခေါ်ဆောင်ခဲ မယ့်၊ ခင်ဗျား သတိထားပါ'

ဟန်ချင်အိက စကားဆုံးသည်နှင့် ဓားအိမ်ထဲမှဓားကို ထု ထုတ်လိုက်သည်။

ခင်းခနဲလက်သွားသော ဓားရောင်က သျှပ်တစ်ပြက်အတွ သံရဲထင်းဝမ်းကျင်၏ ခန္ဓာကိုယ်ကို လွှမ်းအုပ်သွားသည်။

ဟန်ချင်အိက လှုပ်ရှားမှုများ ရပ်တန့်လိုက်သည်နှင့် ဓ ရောင်များ ပျောက်ကွယ်သွားကာ ဓားအိမ်ထဲသို့ ဓားပြန်လ ရောက်ရှိသွားသည်။

လှုပ်ရှားမှုများရပ်တန့်သွား၍ ပတ်ဝန်းကျင်၌ အပ်ကျသံ မကြားရလောက်အောင် ငြိမ်သက်တိတ်ဆိတ်သွားသည်။

သံရဲတင်းဝမ်းကျင်၏ ခန္ဓာကိုယ်ပေါ်၌ ဒဏ်ရာမရှိသေ လည်း ကိုယ်အထက်ပိုင်းဝတ်စုံမှာ ဓားဒဏ်ရာများပြည့်လျှ ရှိသည်။

'သိုင်းကွက်တစ်ကွက်တည်းနဲ့ ခင်ဗျားကို ကျုပ် အသေ သတ်နိုင်တယ်ဆိုတာ ခင်ဗျားယုံပြီလား'

ဝမ်းကျင်က နာကျည်းမှုန်းတီးဟန်အကြည့်ဖြင့် ဟန်ခ အိကို ကြည့်သည်။

ထို့နောက်....



လက်ထဲ၌ ကိုင်ဆောင်ထားသော သံရဲဘင်းကို တောင် အရပ်သို့ ပစ်လွှင့်လိုက်သည်။

သံရဲတင်းဝမ်းကျင် သူ့ကိုယ်သူအဆုံးစီရင်တော့ မိုက်ဇာတ် သိမ်းသွားပြီဖြစ်ကြောင်း ဟန်ချင်အိ နားလည်လိုက်သည်။

လိုန်လင်ရှန်ထံမှ စကားသံထွက်ပေါ်လာသည်။

'ရှင်အသုံးပြုသွားတဲ့ ဓားကွက်က အတော်အဆင့်မြင့် တာပဲ၊ အဲဒါ ဘာဓားကွက်လဲ'

'ကျုပ်အသုံးပြုတဲ့ဓားကွက်က တိမ်လွှာနှင်း ခြွေဓားကွက် ပါပဲ'

ထို့နောက်....

သေဆုံးနေသောအလောင်းများကို ကျောခိုင်းကာ ရှေ့သို့ ခရီးဆက်ထွက်ခွာလာသည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

ဟန်ချယ်ဆီနှင့် လီနံရောင်ရှန် နေထွက်စအချိန်၌ ကျုံဝှာမြို့သို့ ရောက်ရှိလာသည်။

နှစ်ယောက်လုံး မနားတမ်း ခရီးကြမ်းနှင်လာ၍ မောပန်းအား အားလောင်မှုများဖြစ်ပေါ်လျက်ရှိသည်။

မြို့ထဲသို့ ဝင်၍သာလမ်းမကြီးအတိုင်း လျှောက်လှမ်းလာပြီး ဦးစွာတွေ့ရသော စားသောက်ဆိုင်ထဲသို့ ဝင်ရောက်လာသည်။

နေထွက်စနံနက်ခင်းဖြစ်၍ ဆိုင်ထဲ၌လူရှင်းနေသောကြောင့် တောင်ဘက်နှင့်နီးသော စားပွဲတစ်လုံး၌ မျက်နှာချင်းဆိုင်ထိုင်ကာ စားသောက်ဖွယ်ရာများ မှာလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အတူ မျက်နှာချင်းဆိုင် စားသောက်နေရင်း မိန်းကလေးလီနန်လင်ရှန်က မီးအိမ်ရှင်ထံမှ မည်သို့သောဆုတောင်းကို ဝယ်ယူလေမည်နည်းဟု ဟန်ချင်အိ တွေးသည်။

လီနန်လင်ရှန်၏အတွင်းရေးကို ဖွင့်ဟမေး၍ မသင့်ကြောင်း စဉ်းစားမိသည်။

အသားကင်တစ်ခုကို ကိုက်ဝါးနေသော လီနန်လင်ရှန်က တွေဝေနေသော ဟန်ချင်အိကိုကြည့်ကာ ပြုံးလိုက်သည်။

'ရှင် ဘာတွေစဉ်းစားနေတာလဲ၊ ကျွန်မ ကျိုဝှာမြို့ကို ဘယ်လိုအကြောင်းနဲ့လာတယ်ဆိုတာကို စဉ်းစားနေတာလား'

ဟန်ချင်အိက ဟုတ်မှန်ကြောင်း ခေါင်းညိတ်လိုက်သည်။

လီနန်လင်ရှန်က စိတ်မသက်သာဟန်အမူအရာဖြင့် သက်ပြင်းချလိုက်သည်။

'ကျွန်မ မီးအိမ်နဲ့တွေ့ဖို့ အရေးကြီးကိစ္စမရှိပါဘူး၊ ခရီးကြုံလို့ တွေ့ချင်တဲ့သဘောပါ'

အရက်အိုးထဲမှ အရက်တစ်ခွက် ငှဲ့ယူသောက်လိုက်ပြီး ဟန်ချင်အိ မိန်းကလေးကို နားမလည်ဟန်အမူအရာမျိုးဖြင့် ကြည့်လိုက်သည်။



'အနက်ရောင်သိုင်းလောကမှာရှိနေတဲ့ သိုင်းလောကသားတွေ အတော်များများက တန်ဂျီဂေဟာမိသားစုရဲ့ ဘိုးဘွားပိုင် အဆိပ်သိုင်းကျမ်းပဒေသာစာအုပ်ကို အလိုရှိနေတယ်....'

'အဆိပ်သိုင်းကျမ်းပဒေသာစာအုပ်ကို ရယူဖို့အတွက် တန်ကျွင်းကျင်းကို တန်ဆာခံအဖြစ် ဂိုဏ်းအဖွဲ့တစ်ခုက ဖမ်းခေါ်သွားတာပဲ'

တန်ဂေဟာမိသားစု၏ အတွင်းရေးကိစ္စများကို လီနန်လင်ရှန်က လေ့လာသိရှိထား၍ ဟန်ချင်အိ အံ့အားသင့်သွားလေသည်။

ရန်သူမိတ်ဆွေ ခွဲခြားမသိနိုင်သေးသော မိန်းကလေးကို သတိထားဆက်ဆံမှဖြစ်မည်ဟု သူ တွေးမိသည်။

မီးအိမ်နှင့်ရှိနိုင်သောနေရာများသို့ သွားလာစုံစမ်းရှာ၍ သူမ မသိအောင် လျှို့ဝှက်စွာသွားလာရမည်ဟုတွေးသည်။

ဟန်ချင်အိက အရက်နှင့် အသားကင်ကိုစားသောက်ရင်း ဆိုင်ထဲသို့ဝင်ရောက်လာသူများကို အကဲခတ် ကြည့်ရှုလေ့လာနေစဉ်မှာ မီးခိုးရောင်ဝတ်စုံများ ဝတ်ဆင်ထားသော လူငါးယောက် ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရသည်။

www.burmeseclassic.com



ကျောထက်၌ ခေါင်းစားကိုယ်စီချိတ်လွယ်ထားသော လူ ငါးယောက်၏ လှုပ်ရှားသွားလာပုံကို ကြည့်ရုံမျှဖြင့် အဆင့်မြင့် သိုင်းသမားများဖြစ်ကြောင်း ဟန်ချင်အီ သိလိုက်သည်။

ဆိုင်ထဲသို့ဝင်လာသူ ငါးယောက်က သူတို့ထိုင်နေရာစားပွဲ အနီးသို့လျှောက်လာပြီး လူတို့ကို ဖိုခုံနောက်ဆိုင် ပိုင်ထား လိုက်သည်။

'သဖေ့ဒါး သမား ဟန်ချင်အီ၊ မင်း အသက်ဖော်ဖော်နဲ့ မသေချင်ဘူးဆိုရင် ငါ့မြို့က အမြန်ဆုံးထွက်သွားပါ'

ဟန်ချင်အီနှင့် စားခုတ်နေရာ၌ ရပ်နေသူထံမှ တင်းမာပြတ်သားသော စကားသံ ထွက်ပေါ်လာသည်။

ဟန်ချင်အီက အေးစက်သောအပြုံးဖြင့် ကြည့်လိုက်၏။

'သိုင်းလောကမှာ ကျုပ်ကို အမိန့်ပေးခိုင်းစေနိုင်တဲ့လူ တစ်ယောက်မှမရှိဘူး၊ ခင်ဗျား ဘယ်သူလဲ၊ ဘယ်လိုအကြောင်းနဲ့ ကျုပ်ကို ဒီမြို့က ထွက်သွားခိုင်းတာလဲ'

သူ တည်ငြိမ်သောအသံဖြင့် မီးခိုးရောင်ဝတ်စုံရှင်ကို စူးစိုက်ကြည့်ရင်း မေးသည်။

'လူတစ်ယောက်က ခင်းကိုသတ်ဖို့ ကျုပ်တို့ သရဲညီနောင် ငါးယောက်ကို တာဝန်ပေးလိုက်တယ်၊ ကျုပ်တို့ဖတ်တွေကို နှာ



မထောင်တဲ့ မင်း၊ ခေါင်မာမယ်ဆိုရင်တော့ ကျုပ်တို့က မင်းကို သတ်ရမှာပဲ'

သရဲညီနောင်ငါးဖော် အနက် ခေါင်းဆောင်ဖြစ်ဟန်ရှိသူ ထိုသို့ပြောပြီး လက်တစ်ဘက်ကို လှုပ်သိမ်းလိုက်သည်နှင့် အဖြူ ရောင်အမှုန်များ ဟန်ချင်အီခေါင်းပေါ် ဝဲကျလာသည်။

ဟန်ချင်အီ လျင်မြန်သောလှုပ်ရှားမှုဖြင့် ထိုင်နေရာမှ ထရပ်ပြီး အင်္ကျီလက်စဖြင့် အဆိပ်မှုန်များကို ဖယ်ထုတ်လိုက်လေ သည်။

ယင်းအချိန်မှာပင် လိန့်လင်ရှန် တိုက်ခိုက်မှုကို စတင်လိုက် သည်။

ပန်းပွင့်သဏ္ဍာန် လက်နက်ပုန်းသုံးခု မီးခိုးရောင်ဝတ်စုံရှင် သုံးယောက် ထံသို့ ပြေးဝင်သွားသည်။

'အနီးကပ်ပစ်လွှတ်တိုက်ခိုက်မှုဖြစ်သော်လည်း သိုင်းလော က အတွေ့အကြုံရင့်ကျက်နေသော သိုင်းသမားများဖြစ်၍ လက် နက်ပုန်းများကို ဖယ်ရှားတိမ်းရှောင်သွားသည်။

'မိန်းကလေး ငြိမ်ငြိမ်နေစိုက်ပါ'

ဟန်ချင်အီထံမှ ခန့်ညားသံထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားမှုများ ရပ်တန့်သွားစဉ်ခဏမှာ ဟန်ချင်အီ စကား ဆက်လိုက်သည်။

'ခင်ဗျားတို့သရဲညီနောင်ငါးဖော်ကို ဘယ်သူက စေခိုင်းတာလဲ၊ တနင်္ဂနွေဂိုဏ်းကလား'

မီးခိုးရောင်ဝတ်စုံရှင် ခေါင်းယမ်းသည်။

'ကျုပ်တို့ကိုခိုင်းတဲ့လူဟာ တနင်္ဂနွေဂိုဏ်းကမဟုတ်ဘူး၊ နေလဂိုဏ်းက နေထွက်သခင်မက စေခိုင်းလိုက်တာပဲ'

နေလဂိုဏ်းသည် လျှို့ဝှက်ဂိုဏ်းတစ်ခုဖြစ်ကြောင်း ဟန်ချင်အီ သိထား၍ အန္တရာယ်အငွေ့အသက်များကို ခံစားသိရှိလိုက်သည်။

သရဲညီနောင်ငါးဖော်သည် တောင်ပိုင်းနယ်၌နာမည်ကျော်ကြားနေသော ကြေးစားလူသတ်သမားများ ဖြစ်၏။

နေထွက်သခင်မသည် အသက်ငယ်ရွယ်ပြီး နတ်သမီးတမျှ ချောမောလှပသော မိန်းကလေးတစ်ယောက်ဟု ဟန်ချင်အီ ကြားသိထားသည်။

'နေထွက်သခင်မဟာ ကျုပ်ဆီကို သူကိုယ်တိုင်လာဖို့ကောင်းတယ်၊ နေထွက်ဂိုဏ်းမှာ ကျုပ်ကို ယှဉ်ပြိုင်နိုင်တဲ့သိုင်းသမား ရှိလို့ ခင်ဗျားတို့ညီနောင်ငါးဖော်ကို လွှတ်လိုက်တာလား'



ဟန်ချင်အီက ထိုင်ခုံပေါ်၌ပြန်ထိုင်ကာ အရက်အိုးထဲမှ အရက်တစ်ခွက် ငှဲ့သောက်လိုက်သည်။

သူ၏ အေးစက်တည်ငြိမ်သော အမူအရာကြောင့် သရဲညီနောင်ငါးဖော် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

ထို့နောက်....

ခေါင်းဆောင်ဖြစ်ဟန်တူသူက ကျောထက်၌ လွယ်ထားသော ဓားအိမ်ထဲမှဓားကို ထုတ်ယူကာ ဟန်ချင်အီလည်ပင်းကို စလွယ်ဖြတ် ခုတ်ပိုင်းလိုက်သည်။

'ဝှစ်...'

ဝင်းခနဲလက်သွားသော ဓားရောင်နှင့်အတူ လေတိုးသံ ထွက်ပေါ်လာပြီး ဓားသွားက ဟန်ချင်အီ လည်တိုင်ပေါ်သို့ ကျရောက်လာသည်။

ဟန်ချင်အီက လှုပ်ရှားတိမ်းရှောင်မှုမပြုဘဲ မလှုပ်မယှက် ရှိနေသည်။

'ဟန်ချင်အီ သတိထား'

လိန့်လင်ရှန်ထံမှ အထိတ်တလန့်အော်ဟစ်သတိပေးစကားသံ ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'အား—'

လူတစ်ယောက်၏ နာကျင်စွာ ဟစ်အော်သံ ထွက်ပေါ်လာ ပြီး မီးခိုးရောင်ဝတ်စုံရှင်လက်ထဲမှဓား လွတ်ကျသွားသည်။

မီးခိုးရောင်ဝတ်စုံရှင်၏ ဇက်ပေါ်၌ ဓားတစ်လက်စိုက်ဝင် လျက်ရှိသည်။

သူ့ရဲညီနောင်ငါးဖော်အနက် ခေါင်းဆောင်ဖြစ်သူကျဆုံး သွား၍ ကျန်ရှိနေသော လူလေးယောက် လှုပ်လှုပ်ရှားရှားဖြစ် သွားသည်။

သို့သော်....

ဟန်ချင်အိက ထူးခြားစွာငြိမ်သက်နေ၍ လိန်လင်ရှန်က သူ့ အပေါ် နားမလည်နိုင်ဘဲရှိသည်။

သူ့ရဲညီနောင်ငါးဖော်၏ ခေါင်းဆောင်ဖြစ်သူကို မည်သူက ပေါက်ဓားဖြင့် ပစ်ပေါက်လေသနည်းဟု လိန်လင်ရှန် တွေးမိ လေသည်။

လိန်လင်ရှန်က ဆိုင်ထဲ၌ရှိနေသူများကို မျက်လုံးဝေ့ဝဲ၍ ကြည့်လိုက်သည်နှင့် ထောင့်စားပွဲတစ်လုံးမှာထိုင်နေသော လူ တစ်ယောက်၏ ထူးခြားသောအမူအရာကို သတိထားမိသည်။



ခေါင်းထက်၌ ခမောက်ပြန့်တစ်လုံးကိုဆောင်းထား ကျော ထက်၌ ဆောင်းခါးတစ်ထက်ချိတ်လွယ်ထားသော အပြာရောင် ဝတ်စုံရှင်သည် သိုင်းလောကတွင် အင်ပေါ်ကျော်ကြားသော ရေတာခေါင်းရှင် ဟူရန်လုံဖြစ်ကြောင်း သိလိုက်သည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၆ )

မရဏစေးရှင် ကြေးစားလူသတ်သမား ဟူရင်လိုသည် သရုပ်ဆောင်သမား ဟန်ချင်အိ၏ မိတ်ဆွေတစ်ယောက်ဖြစ်သည်ဟု လိန်လင်ရှန် ကြားသိထားသည်။

ထို့ကြောင့်—

လိန်လင်ရှန်က အခြေအနေအရပ်ရပ်ကို ဆက်စပ်တွေးတော သဘောပေါက်နားလည်လာသည်။

ဤနေရာ၌ မရဏစေးရှင်ဟူရင်လုံ ရောက်ရှိနေပါက ဟန်ချင်အိနှင့် ဆက်ဆိုင်သောအဖော်များ ထပ်မံရှိနေဦးမည်ဟု တွေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သရဲညီနောင်လေးဖော်ဆို လိန်လင်ရှန်က မျက်လုံးဝိုင်း၍ ကြည့်လိုက်သည်။

သရဲညီနောင်လေးဖော်မှာ လှုပ်ရှားမှုမရှိဘဲ ငြိမ်သက်နေသည်ကို တွေ့မြင်ရသည်။

ထိုလူများငြိမ်သက်နေသည်မှာ သာမန်ငြိမ်သက်နေခြင်းမျိုး မဟုတ်ဘဲ အကြောပိတ်ခံထားရခြင်းဖြစ်ကြောင်း လိန်လင်ရှန် သိလိုက်သည်။

လျှပ်တစ်ပြက်အတွင်းမှာ အဆင့်မြင့်သိုင်းပညာရှင် လေးယောက်ကို မည်သူအကြောပိတ်လိုက်သည်မှန်း လိန်လင်ရှန်မသိလိုက်ဘဲ ရှိသည်။

ယင်းအခိုက်မှာပင် ငြိမ်သက်နေသောလူလေးယောက်ကြားသို့ အစိမ်းရောင်ဝတ်စုံဝတ်ဆင်ထားသော အသက်ငါးဆယ်ခန့်အရွယ် လူတစ်ယောက် တိုးဝင်လာသည်။

အစိမ်းရောင်ဝတ်စုံရှင်က တည်ငြိမ်စွာ အရက်သောက်နေသော ဟန်ချင်အိကိုကြည့်ကာ ပြုံးပြလိုက်သည်။

သို့သော်...



အစိမ်းရောင်ဝတ်စုံရှင်၏အပြုံးများ ရုတ်ခြည်းပင် ပျောက်ကွယ်သွားသည်။

'ဟား...ဟား...ဟား...ဟား'

ဆိုင်တံခါးဝမှ ကျယ်လောင်သောရယ်သံကြီး ထွက်ပေါ်လာသည်။

အတွင်းအားပါသောရယ်သံကြောင့် စားသောက်ဆိုင်ထဲရှိ အသံလှိုင်းများ ပဲ့တင်ထပ်ကာ တုန်ခါမှုများဖြစ်ပေါ်သွားလေသည်။

ဆိုင်ထဲရှိလူအားလုံး၏အကြည့်က ရယ်သံထွက်ပေါ်လာရာ ဆိုင်တံခါးဝသို့ ရောက်ရှိသွားသည်။

တံခါးဝ၌ အသက်ခြောက်ဆယ်ကျော်ခန့်အရွယ် အဝါရောင်ဝတ်စုံကို ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်ရှိနေလေသည်။

အဘိုးအို၏ ဆံပင်၊ မုတ်ဆိတ်၊ နှုတ်ခမ်းမွေး၊ မျက်ခုံးမွေးများ ဖြူဖွေးနေပြီး မျက်လုံးနှစ်လုံးက နီရဲတောက်ပြောင်နေကြောင်း တွေ့မြင်ရသည်။

ဆိုင်ထဲရှိလူအားလုံးက အဘိုးအိုထံသို့ ရောက်ရှိနေသော်လည်း အဘိုးအို၏မျက်လုံးက ဟန်ချင်အိထံသို့ ရောက်ရှိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရယ်သံများ ပျောက်ကွယ်သွားသည်နှင့် စားသောက်ဆိုင်ထဲ၌ အပ်ကျသံမျှမကြားရလောက်အောင် ငြိမ်သက်တိတ်ဆိတ်လွားသည်။

'တန်ဂေဖာစာ မိန်းကလေးပျောက်ဆုံးမှုကို သတင်းထောက်လှမ်းဖို့ စီနေရာကို မင်းရောက်လာတယ်မဟုတ်လား၊ ဟန်ချင်အိ...

'မင်းသိချင်တဲ့ အကြောင်းကို ပြောနိုင်တဲ့လူက ကျုပ်တစ်ယောက်ပဲရှိတယ်၊ တန်မိန်းကလေး ဘယ်မှာရှိတယ်ဆိုတာ မင်းသိချင်ရင် ကျုပ်နောက်ကို မင်းတစ်ယောက်တည်း လိုက်ခဲ့ပါ'

အဘိုးအိုက စကားဆုံးသည်နှင့် ရပ်နေရာမှ လျှင်မြန်စွာလှည့်ထွက်သွားသည်။

ဟန်ချင်အိက ထိုင်နေရာမှ လျှင်မြန်စွာထရပ်ပြီး ဆိုင်တံခါးပေါက်ရှိရာသို့ လျှောက်လှမ်းလာသည်။

ဟန်ချင်အိသည် ဆိုင်ရှေ့လမ်းမပေါ်သို့ရောက်သည်နှင့် အဘိုးအိုမှာ အတော်ဝေးဝေးသို့ ရောက်ရှိသွားပြီဖြစ်ကြောင်း တွေ့မြင်ရသည်။



ဟန်ချင်အိက ပခုံးတွန့်ပြီး ခြေလှမ်းအရှိန်ကို မြှင့်တင်လိုက်လေသည်။

သူ၏ခန္ဓာကိုယ်မှာ မီးခိုးတန်းတစ်ခုလို ရွေ့လျားသော အဘိုးအိုနောက်မှ လိုက်ပါလာသည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

တောင်ထိပ်ပေါ်၌ လေကြမ်းတမ်းစွာတိုက်ခတ်လျက်ရှိလေသည်။

အေးစက်ကြမ်းတမ်းစွာတိုက်ခတ်နေသော်လည်း လေကြမ်းတိုက်ခတ်မှုကို အလေးမထားဘဲ လူနှစ်ယောက် တစ်ယောက်စက်မျက်နှာ တစ်ယောက်ကြည့်ကာ ကျောက်ရုပ်များလို ငြိမ်သက်နေသည်။

အတန်ကြာမှ ဖာန်ချွင်အိအေ ငြိမ်သက်ခြင်းကို လှုပ်နိုးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'တန်မိန်းကလေး၊ ဘယ်မှာလဲ'

အဘိုးအိုထံမှ အေးစက်သောရယ်သံသဲ့သဲ့ ထွက်ပေါ်လာလေသည်။

'တန်မိန်းကလေး၊ ဘယ်မှာရှိတယ်ဆိုတာ သိချင်ရင် ကျုပ်ကို အနိုင်တိုက်ရလိမ့်မယ်၊ ခုချိန်ထိတော့ သိုင်းလောကမှာ ကျုပ်ကို အနိုင်ရအောင်တိုက်နိုင်တဲ့လူ တစ်ယောက်မှမရှိသေးဘူး—

'ကျုပ်နဲ့ သိုင်းပညာယှဉ်ပြိုင်မှုမပြုခင်မှာ ကျုပ် ဘယ်သူဆိုတာကိုတော့ မင်းသိထားဖို့လိုလိမ့်မယ်'

ဟန်ချင်အိက နှုတ်ခမ်းထောင့်စွန်းကို တွန့်ကွေးကာ ပြုံးလိုက်သည်။

'ဒီအချိန်ဒီနေရာမှာ ဒီလိုစကားမျိုးကို ပြောပြနိုင်သူက သံကောလက်ဝါးက လွဲပြီး ဘယ်သူမှမဖြစ်နိုင်ဘူး'

ဟန်ချင်အိက ထိုသို့ပြောလိုက်သည်နှင့် အဘိုးအိုမျက်နှာမှာ ပြောင်းလဲသွားသည်။

'မင်းဟာ ကျုပ်ထင်ထားတာထက်ပိုပြီး ပါးနပ်မှုရှိတဲ့ လူတစ်ယောက်ပဲ၊ မင်းလိုဉာဏ်ထက်တဲ့လူတစ်ယောက် သေဆုံး



သွားမှာ နှမြောစရာပဲ၊ မရှောင်သာတဲ့အခြေအနေကြောင့် မင်းကိုသတ်ရလိမ့်မယ်'

အနက်ရောင်သိုင်းလောကအဖွဲ့ ရက်စက်မှုသရုပ်ဆောင်ထားသော မရဏလက်ဝါးလို လူတစ်ယောက်ကို မည်သူက အကျပ်ကိုင် စေခိုင်းမှုပြုအံ့နည်းဟု ဟန်ချင်အိ တွေးသည်။

'ခင်ဗျားကို ဘယ်သူက အကျပ်ကိုင် စေခိုင်းတာလဲ၊ ခင်ဗျားကို ခိုင်းနိုင်တဲ့လူဟာ ခင်ဗျားထက် သိုင်းပညာ တော်နေလို့လား....'

မရဏလက်ဝါးက ခေါင်းယမ်းသည်။

'ကျုပ်ရဲ့တူတစ်ယောက် အဆိပ်သင့်နေတာ ဘယ်လို ဖြေဆေးနဲ့မှ ကုလို့မရဘူး၊ တန်မိသားစုရဲ့ အဆိပ်ပဒေသာကျမ်းစာအုပ်ကိုရမှ အဆိပ်ဖြေဆေးကို ဖော်စပ်နိုင်မယ်—

အဆိပ်ပဒေသာကျမ်းထဲမှာ အဆိပ်ဖော်စပ်နည်းအမျိုးမျိုးနဲ့ အဆိပ်ဖြေဆေး ဖော်စပ်နည်းအမျိုးမျိုးရှိတယ်၊ ဒါကြောင့် အဆိပ်ဖြေဆေးရဖို့ အဆိပ်ပဒေသာသိုင်းကျမ်း အလိုရှိနေတာပါပဲ....'

ဟန်ချင်အိ စိတ်မသက်မသာ အမူအရာဖြင့် သံကောလက်ဝါးကို ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'တန်မိန်းလေးကို ကျုပ်လက်ထဲပြန်အပ်ရင် ခင်ဗျားတွေ အဆိပ်သင့်နေတာကို ကျုပ် ဖျောက်ပေးမယ်'

မရဏာလက်ဝါး၏မျက်လုံးများ အရောင်ပြောင်းသွားလေသည်။

'မင်းကိုသတ်ဖို့အတွက် ကျုပ် လူတစ်ယောက်ကို ကတိပေးထားပြီးပြီ'

အသက်လုပွဲတစ်ခု ကျင်းပရတော့မည်ဖြစ်ကြောင်း ဟန်ချင်အိ နားလည်လိုက်သည်။

'တန်မိန်းလေး ဘယ်မှာရှိတယ်ဆိုတာ ခင်ဗျားအမှန်သိနေလား'

'စားသောက်ဆိုင်ထဲမှာ တိုက်ခိုက်မှုမပြုချင်လို့ မင်းကိုတမင် ခေါ်လာတာ၊ တန်မိန်းလေးကို ဘယ်ဂိုဏ်းကဖမ်းထားတယ်ဆိုတာ ကျုပ်မသိဘူး'

မိမိကို သံမဏိလက်ဝါး လိမ်ညာခေါ်ဆောင်လာသောကြောင့် ဟန်ချင်အိ ဒေါသပေါက်ကွဲသွားသည်။

'ခင်ဗျားက အသက်ကြီးနေတာတောင် လိမ်ညာကောက်ကျစ်တဲ့အကျင့်ကို မဖျောက်ဘူးဆိုတော့ ခင်ဗျားလိုလူတစ်ယောက် အသက်ရှင်နေဖို့မသင့်တော့ဘူး'



ဟန်ချင်အိ စကားဆုံးသည်နှင့် သံမဏိလက်ဝါး ရှေ့သို့ တက်လာပြီး လက်တစ်ဘက်ကို ရှေ့သို့ဆန့်ထုတ်လိုက်သည်။

ပြင်းထန်သော လေလှိုင်းအားတစ်ခုက ဟန်ချင်အိဆီသို့ တိုးဝင်လာသည်။

သတိရှိနေသော ဟန်ချင်အိက ဘေးသို့ခုန်ဆုတ်တိမ်းရှောင် လိုက်သည်။

သံမဏိလက်ဝါးက သိုင်းကွက်တစ်မျိုးပြီးတစ်မျိုး ပြောင်းလဲတိုက်ခိုက်သည်။

ဟန်ချင်အိက လိပ်ပြာတစ်ကောင်ပျံဝဲသလို လွန့်လူး၍ တိမ်းရှောင်လိုက်သည်။

သံမဏိလက်ဝါး ရိုက်ချက်တစ်ချက်ထိမှန်ကာ အသက်ရှင် နေလမ်းမရှိနိုင်ကြောင်း ဟန်ချင်အိ တွေးမိသည်။

သံမဏိလက်ဝါး၏ လက်ဝါးရိုက်ချက်သည် အရှိန်အဟုန် ပြင်းထန်ပြီး မရိုးအီယမ်းများသော တိုက်ကွက်များဖြစ်သည်။

သို့သော်...

www.burmeseclassic.com



သိုင်းကွက်ဆယ်ကွက် ပြည့်သောအချိန်ထိ သံမဏိလက်ဝါး၏ ရိုက်ချက်က ဟန်ချင်အိကို ထိမှန်အောင်တိုက်ခိုက်မှုမပြုနိုင်ဘဲ ရှိသည်။

သံမဏိလက်ဝါးက သိုင်းကွက်များကို တစ်မျိုးပြီးတစ်မျိုး ပြောင်းလဲတိုက်ခိုက်သော်လည်း ဟန်ချင်အိက သေသပ်လှပစွာ နဂါးပျံသိုင်းကွက်များကို အသုံးပြုကာ ရှောင်နေသည်။

သိုင်းကွက်နှစ်ဆယ်ပြည့်ချိန်ထိ သံမဏိလက်ဝါး၏ တိုက်ခိုက်မှုအရှိန်အဟုန် လျော့နည်းသွားခြင်းမရှိဘဲ ပိုမိုပြင်းထန်လာသည်။

ဤတွင် ဟန်ချင်အိက ဓားအိမ်ထဲမှဓားကို စတင်ထုတ်ယူလိုက်သည်။

ဝင်းခနဲလက်သွားသောဓားရောင်ကို မြင်သည်နှင့် သံမဏိလက်ဝါး နောက်သို့ လျင်မြန်စွာဆုတ်လိုက်သည်။

'ဖွစ်....'

'ဒုတ်....'

သံမဏိလက်ဝါးက နောက်သို့ လျင်မြန်စွာခုန်ဆုတ်လိုက်သော်လည်း ရှေ့သို့ဆန့်ထုတ်ထားသောလက်ကို ရုပ်သိမ်းရာ၌ အနည်းငယ်နှေးကွေးသွား၍ ဟန်ချင်အိ၏ဓားသွားက လက်ဖျံပေါ်သို့ ကျရောက်လာသည်။



သံမဏိလက်ဝါး၏ ညာဖက်လက်တစ်ဖက် လက်ကောက်ဝတ်အထက်မှ တိခနဲပြတ်ကျသွားသည်။

နှစ်ပေါင်းများစွာ သိုင်းလောကအ၌တည်တံ့ခဲ့သော သံမဏိလက်ဝါး၏ လက်သည် ယခုတော့ မြေပြင်ပေါ်သို့ သက်ရောက်သွားရပြီဖြစ်သည်။

မြေပြင်ပေါ်သို့ကျရောက်သွားသော လက်နှင့်အတူ သံမဏိလက်ဝါးဟူသော နာမည်လည်း သိုင်းလောကမှ ပျောက်ကွယ်သွားတော့မည်ဖြစ်သည်။

မြေပြင်ပေါ်သို့ ကျသွားသောလက်ကို ငေးကြောင်ကြည့်နေသော သံမဏိလက်ဝါး၏နားထဲသို့ ဟန်ချင်အိ၏ရယ်သံ ဝင်ရောက်လာသည်။

'ခင်ဗျားရဲ့လက်နဲ့ လူသတ်ခဲ့တာ များပြီဆိုတော့ သိုင်းလောကမှာ နောက်ထပ် လူသတ်မှုတွေ ထပ်မံပေါ်ပေါက်မလာစေအောင် ကျုပ်က ခင်ဗျားလက်ကို အနားပေးလိုက်တာပါ။ ခုချိန်ကစပြီး ခင်ဗျား လူသတ်တဲ့အလုပ်ကို လုပ်ခွင့်မရှိတော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



သံမဏိလက်ဝါးက ဟန်ချင်အိကို နှာကျည်းမုန်းတီး ဟန်ဖြင့်ကြည့်ကာ တောင်အောက်သို့ခုန်ချလိုက်သည်။

ထိုစဉ်မှာပင် ဟန်ချင်အိအနီးသို့ လိန်လင်ရှန် ရောက်လာလေသည်။

'တောင်အောက်ကိုခုန်ဆင်းပြီး သူ့ကိုယ်သူသတ်သေသွားတဲ့ အဘိုးကြီးက ဘယ်သူလဲ'

'အနက်ရောင်သိုင်းလောကမှာ ထင်ရှားတဲ့ သံမဏိလက်ဝါး ပါပဲ'

ဟန်ချင်အိက ထိုသို့ပြောလိုက်စဉ်မှာပင် လူတစ်ယောက် အနားသို့ရောက်လာသည်။

မရဏဓားရှင် ဟူရင်လုံပင်ဖြစ်သည်။

'မိန်းကလေးက ကိုယ့်မေ့ခွစည၊ အတော်ထူးချွန်တာပဲ၊ ကျုပ် မိန်းကလေးနောက်က မီအောင်မလိုက်နိုင်ဘူး၊ မင်းက မိန်းကလေးနဲ့ ဘယ်အချိန်က အသိမိတ်ဆွေဖြစ်နေတာလဲ'

'ကျွန်မက ကြာဖြူဂိုဏ်းက လိန်လင်ရှန်ပါ'

ဟူရင်လုံက မျက်ခုံးနှစ်ဘက် အပေါ်သို့မြင့်တက်သွားလေသည်။



'အဆိပ်ပန်းသခင်မ လိန်လင်ရှန်ဆိုတာ မိန်းကလေးဖြစ်လိမ့်မယ်လို့ ကျုပ်မထင်မိဘူး၊ မိန်းကလေးက လူသတ်ရက်စက်တယ်လို့ သိုင်းလောကမှာ နာမည်ကြီးနေတယ်'

လိန်လင်ရှန် စိတ်ဆိုးဒေါသထွက်ခြင်းမရှိဘဲ ကိုယ်လေးသိမ့်သိမ့်ခါအောင် ရယ်မောလိုက်သည်။

'သိုင်းလောကမှာ လူသတ်ရက်စက်တယ်လို့ နာမည်ကြီးနေပေမယ့် ကျွန်မသတ်တဲ့လူက လူကောင်းတစ်ယောက်မှမပါဘူး၊ သိုင်းလောကမှာ သိုင်းပညာအစွမ်းနဲ့ ဆိုးသွမ်းပြီး သောင်းကျန်းနေတဲ့လူတွေပါ'

ဟူရင်လုံက သဘောပေါက်နားလည်ဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

ထို့နောက်....

ဟူရင်လုံက ဟန်ချင်အိဘက်သို့ မျက်နှာလှည့်လိုက်သည်။

'စားသောက်ဆိုင်မှာ ကျောင်းအိမ် ကျန်ခဲ့တယ်၊ နောက်ထပ် ဘယ်လိုရန်သူရောက်လာဦးမယ်ဆိုတာ မသိနိုင်ဘူး၊ ကျုပ်တို့ စားသောက်ဆိုင်ကိုသွားကြမယ်'

ဟန်ချင်အိက နားလည်စွာခေါင်းညိတ်ပြီး သုံးယောက်အတူ တောင်အောက်သို့ဆင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၈ )

ညဉ့်ယံပိုင်းသို့ ချဉ်းနင်းဝင်ရောက်စပြုလာပြီဖြစ်၍ ဆိုင်ထဲ၌ ...သောက်သူလျော့နည်းသွားပြီဖြစ်၍ စားပွဲထိုးအချို့ ထိုင်ခုံ ...းပေါ်ထိုင်တာ အိပ်ငိုက်မနေသလို ငွေသိမ်းကောင်တာ ...ပွဲ၌ ထိုင်နေသော ဆိုင်ရှင်ဖြစ်သူ မိန်းမပျိုက တစ်နေ့တာ ...င်းရငွေများကို ရေတွက်လျက်ရှိသည်။

ထိုအချိန်အခါ၌ စိတ်ရှည်စွာစောင့်ဆိုင်းနေသော ...နီချင် ...ာ ထိုင်နေရာမှထရပ်ကာ ကောင်တာစားပွဲရှိရာသို့ လျှောက် ...းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်တာ၌ထိုင်၍ ငွေများရေတွက်နေသော မိန်းကလေးမှာ ဟန်ချင်အိကို အကဲခတ်ဟန်ဖြင့် ကြည့်လိုက်သည်။

ဟန်ချင်အိ ကောင်တာရှေ့သို့ လျှောက်လာပြီး မိန်းကလေးနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်သည်။

'မိန်းကလေးက ကျင်ယုလင်း မဟုတ်လား'

ကောင်တာ၌ထိုင်နေသော မိန်းကလေးက ဟုတ်မှန်ကြောင်း ခေါင်းညိတ်ပြသည်။

'ကျွန်မက ကျင်ယုလင်းပါ၊ ရှင်ကဘယ်သူလဲ၊ ရှင့်ကို ဒီမြို့မှာ တစ်ခါမှမမြင်မိဘူး'

ဟန်ချင်အိက ခေါင်းတစ်ချက်ဆတ်လိုက်သည်။

'ကျုပ်က နယ်လှည့်ခရီးသွားနေတဲ့ လူတစ်ယောက်ပါ၊ မိန်းကလေးကျင်ယုလင်းရဲ့ အရင်းနှီးဆုံးမိတ်ဆွေ မီးအိမ်နီနဲ့ တိုင်ပင်စရာကိစ္စတစ်ခုရှိနေလို့ ဒီမြို့ကိုရောက်လာတာပါ...'

'မီးအိမ်နီနဲ့တွေ့ဆုံဖို့ မိန်းကလေးက ကျုပ်ကို အကူအညီ ပေးနိုင်တယ်မဟုတ်လား'

ဟန်ချင်အိထံမှ မျှော်လင့်မထားသောစကားကို ကြားလိုက်ရသည့်ကြောင့် မိန်းကလေး၏မျက်နှာမှာ အပြောင်းအလဲ ဖြစ်ပေါ်သွားသည်။



'ရှင် ဘာတွေပြောနေတာလဲ၊ ရှင်ပြောတာတွေ ကျွန်မ ဘာမှနားမလည်ဘူး'

မိန်းကလေး ကျင်ယုလင်းက ဒေါသထွက်ဟန်ဖြင့် မေးလိုက်သည်။

ဟန်ချင်အိက အပြုံးတစ်စကို မျက်နှာပေါ်တင်ထားပြီး ခေါင်းယမ်းလိုက်သည်။

'ကျုပ်က မိန်းကလေးရဲ့ချစ်သူ မီးအိမ်နီကို ဒုက္ခပေးမယ့် သူတစ်ယောက် မဟုတ်ပါဘူး၊ သူ့အတွက် အကျိုးရှိမယ့်စကား ပြောဖို့ ရောက်လာတာပါ၊ သူနဲ့တွေ့ဆုံခွင့်ရဖို့ မိန်းကလေးရဲ့ အကူအညီ လိုအပ်ပါတယ်'

ကျင်ယုလင်းက နားမလည်နိုင်ဟန်ဖြင့် တစ်ချက်ကြည့် လိုက်သည်။

သူမမျက်နှာထက်၌ ဝေခွဲရခက်သောအမူအရာများ ဖြစ်ပေါ်လျက်ရှိသည်။

'ရှင်က ဘယ်သူလဲ'

'ကျုပ်ဘယ်သူဆိုတာပြောလို့ မိန်းကလေးသိနိုင်မှာမဟုတ်ပေမယ့် မိန်းကလေးရဲ့ချစ်သူ မီးအိမ်နီကတော့ သိနိုင်ပါလိမ့်

www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ကျုပ်ကို သိုင်းလောကအသားတွေက သရဖူဓားသမား ဟန်ချင်အိလို့ ခေါ်ကြတယ်'

သူ၏နာမည်ကို ဖွင့်ဖော်ပြောလိုက်သည်နှင့် ကျင်ယုလင်၏ မျက်ခုံးနှစ်ဖက် အပေါ်သို့မြင့်တက်သွားသည်။

ကျင်ယုလင်းသည် သိုင်းလောက၌ ကျင်လည်သွားလာနေသူတစ်ယောက် မဟုတ်သော်လည်း မီးအိမ်နီ၏ပြောစကားများအရ သိုင်းလောကမှ နာမည်ကျော်ကြားသော သိုင်းသမားများ၏ နာမည်ကို ကြားသိထားသည်။

မီးအိမ်နီကို တွေ့ဆုံလိုသူအချို့သည် ကျင်ယုလင်းထံ ရောက်လာပြီး သူ့သတင်းကိုမေးမြန်းကြသည်။

ကျင်ယုလင်းမှာ အတန်ကြာသည်အထိ တွေဝေစဉ်းစားနေပြီး သက်ပြင်းတစ်ချက်ချလိုက်သည်။

'ရှင်ထိုင်နေတဲ့စားပွဲမှာပြန်ထိုင်နေလိုက်ပါ၊ ထမင်းတစ်အိုးချက်လောက်ကြာရင် မီးအိမ်နီရှိမယ့်နေရာကို ရှင်သိရလိမ့်မယ်'

ဟန်ချင်အိက စကားထပ်မံပြောဆိုမှုမပြုတော့ဘဲ ကောင်တာအနီးမှ လှည့်ထွက်လာကာ စားပွဲခုံသို့ ပြန်ထိုင်နေလိုက်သည်။

ဆိုင်ရှင်မိန်းကလေးမှာ ထိုင်နေရာမှထရပ်ကာ စားသောက်ဆိုင် အပေါ်ထပ်သို့တက်ရာ လှေကားအတိုင်း တက်ရောက်သွားသည်ကို တွေ့ရသည်။



မကြာမီ စားသောက်ဆိုင်အပေါ်ထပ်သို့ တက်သွားသော မိန်းကလေး ပြန်လည်ရောက်ရှိလာသည်။

မိန်းကလေးက ဟန်ချင်အိထိုင်နေသော စားပွဲရှိရာသို့ လျှောက်လှမ်းလာသည်။

မသိမသာဖြင့် သူမက ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်ပြီး စကားတိုးတိုးပြောလိုက်သည်။

'ကျွန်မနောက်က လိုက်ခဲ့ပါ'

စကားဆုံးသည်နှင့် မိန်းကလေးက ရပ်နေရာမှလှည့်ထွက်သွားသည်။

ဟန်ချင်အိ ထိုင်နေရာမှထရပ်ပြီး မိန်းကလေးနောက်မှ ကပ်လျက်လိုက်ပါသွားသည်။

မိန်းကလေးက စားသောက်ဆိုင်အပေါ်ထပ်သို့တက်သော လှေကားအတိုင်း တက်သွားသည်။

ဟန်ချင်အိက မိန်းကလေးနောက်မှ ကပ်လျက်လိုက်ပါလာရင်း မီးအိမ်နီမှာ စားသောက်ဆိုင်အတွင်းပိုင်းတစ်နေရာ၌ ရှိနေကြောင်း တွေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ် စင်္ကြံအမိုးပေါ်သို့ရောက်သည်နှင့် အခန်းများကို တစ်ခုပြီးတစ်ခုကျော်ဖြတ်ပြီး မိန်းကလေးက ခွဲခြားသော အခန်းတံခါးတစ်ခုရှေ့သို့အရောက်၌ အခန်းတံခါးကို တွန်းဖွင့်ကာ လှမ်းဝင်လိုက်သည်။

ဟန်ချင်အိုက တုံ့ဆိုင်းနေခြင်းမရှိဘဲ မိန်းကလေးနှင့်အတူ အခန်းထဲသို့ဝင်လိုက်သည်။

အခန်းက ကျယ်ဝန်းသောအခန်းတစ်ခုဖြစ်၍ ခန်းလုံးပြည့် အနီရောင်ကော်ဇောချပ်များကို ခင်းထားသည်။

မိန်းကလေးက အခန်းအလယ်သို့ရောက်သည်နှင့် ကော်ဇော ချပ်တစ်ခုကို ဆွဲလှန်လိုက်သည်။

ထို့နောက်....

ဖျည်သုံးချပ်ကို ခွာလိုက်သည်နှင့် အောက်သို့ဆင်းသော လှေကားတစ်ခုပေါ်လာ၏။

မိန်းကလေးက အခန်းထဲ၌ ချိတ်ဆွဲထားသော မီးအိမ် တစ်လုံးကို ဖြုတ်ယူလိုက်သည်။

ပြီးနောက် သူမနောက်မှလိုက်လာရန် ခေါင်းတစ်ချက်ဆတ် ပြပြီး လှေကားအတိုင်း ရှေ့ဦးဆောင်၍ဆင်းသွားသည်။



ဟန်ချင်အိုက သတိကြီးစွာထား၍ မိန်းကလေးနောက်မှ လိုက်လာသည်။

လှေကားထစ်များကို ဖြတ်ကျော်ပြီး လှေကားထစ်ပေါင်း သုံးဆယ်နှစ်ထစ်မြောက်သို့ အရောက်၌ မြေတိုက်ခန်းတစ်ခုကို တွေ့ရသည်။

မီးအိမ်ကိုင်ဆောင်ထားသော မိန်းကလေးက ဟန်ချင်အို ဘက်သို့ မျက်နှာလှည့်လိုက်သည်။

'အခန်းထဲမှာ မီးအိမ်ရှိတယ်၊ အခန်းတံခါးကိုတွန်းဖွင့် ပြီး အထဲကိုဝင်သွားပါ၊ ကျွန်မက ဒီမြေအောက်ခန်းထဲကို လူ ဝင်မလာနိုင်အောင် အပေါ်တံခါးပေါက်နဲ့ အခန်းတံခါးကို ပြန်ပိတ်ရဦးမယ်'

မိန်းကလေးက ပြောပြီး အပေါ်ထပ်သို့ ပြန်တက်သွား လေသည်။

မိန်းကလေးကို မြင်ကွင်းထဲမှပျောက်ကွယ်သည်အထိ သတိ ထား စောင့်ကြည့်နေပြီးမှ ဟန်ချင်အိုက မြေတိုက်ခန်းတံခါးကို တွန်းဖွင့်လိုက်သည်

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၉ )

အခန်းတံခါးပွင့်သွားသည်နှင့် အခန်းထဲ၌ မီးအိမ်တစ်လုံး ထွန်းထားသည်ကိုတွေ့မြင်ရပြီး စားပွဲတစ်လုံး၌ အရက်သောက်နေသော သက်လတ်ပိုင်းအရွယ် လူတစ်ယောက်ကို ဟန်ချင်အီ တွေ့ရသည်။

ထိုလူသည် သိုင်းလောကအားတိုင်း စိတ်ဝင်စားမှုရှိနေသော မီးအိမ်နီမင်းဖြစ်မည်ဟု ဟန်ချင်အီ တွေးသည်။

စားပွဲခုံဘေးရှိ ထိုင်ခုံတစ်လုံးပေါ်၌ ထိုင်နေသူမှာ ထိုင်နေရာမှ ထရပ်ပြီး ဟန်ချင်အီကို လှိုက်လှဲစွာ ပြုံးပြသည်။

www.burmeseclassic.com

www.burmeseclassic.com



သရဖူမော၊သမား၊ ဟန်ချွန်အိကို ကျုပ်က ကြိုဆိုပါတယ်၊ သိုင်းလောကမှာ ခင်ဗျားလို လူထူးလူဆန်းတွေ များများ ပေါ်ထွက်လာစေချင်တယ်၊ ကျုပ်တို့ စားသောက်ရင်း စကား ပြောကြမယ်'

မီးအိမ်နီ၏မျက်နှာထက်၌ တောက်ကျစ်စဉ်းလဲသော အရိပ်များ မရှိကြောင်း ဟန်ချွန်အိ သတိပြုမိသည်။

သူက စားပွဲအနီးသို့ လျှောက်လာပြီး မီးအိမ်နီနှင့် မျက်နှာချင်းဆိုင်ထိုင်ခုံတစ်လုံး၌ နေရာယူလိုက်သည်။

စားပွဲပေါ်၌ စားသောက်ဖွယ်ရာများ ပြင်ဆင်ထားသည်မှာ ကြာမြင့်မှုမရှိသေးကြောင်း အငွေ့ထွက်နေသည်ကိုကြည့်၍ သိနိုင်သည်။

မီးအိမ်နီက အရက်အိုးထဲမှအရက်တစ်ခွက်ငှဲ့ယူပြီး ဟန်ချွန်အိထံ ကမ်းပေးသည်။

ဟန်ချွန်အိက အရက်ခွက်ကိုလှမ်းယူ၍ မေ့ဆောက်လိုက်လေသည်။

'ကျုပ်ဆီမှာ သတင်းပေးတဲ့လူမှန်သမျှ အပြင်တစ်နေရာမှာပဲ ကျုပ် လက်ခံတွေ့ဆုံတယ်၊ ကျုပ်နေထိုင်တဲ့ ဒီအခန်းထဲကို ရောက်လာတဲ့ သိုင်းလောကသားဆိုလို့ ခင်ဗျားတစ်ယောက်ပဲ ရှိတယ်....



'ဒါပေမဲ့ ခင်ဗျားကို ကျုပ်မမြင်ဘူးပေမယ့် ခင်ဗျား အကြောင်း အတော်များများသိထားလို့ ခုလိုလက်ခံတွေ့ဆုံ တာပေါ့'

ဟန်ချွန်အိက သဘောပေါက်ဟန် ခေါင်းညိတ်လိုက်သည်။

'ခင်ဗျားက ကျုပ်အကြောင်း အတော်များများ သိထား တယ်ဆိုတော့ ကျုပ် ဘယ်လိုအကြောင်းနဲ့ ခင်ဗျားကိုလာတွေ့ တယ်ဆိုတာကိုလဲ ခင်ဗျား သိနေလိမ့်မယ်ထင်တယ်'

ဟန်ချွန်အိ ထိုသို့ပြောလိုက်သည်နှင့် မီးအိမ်နီမျက်နှာမှာ အမူအရာပြောင်းလဲသွားသည်။

ထို့နောက်....

အပြုံးယဲ့ယဲ့ဖြင့် ဟန်ချွန်အိကိုကြည့်သည်။

'ခင်ဗျား ကျုပ်ဆီကို ဘယ်လိုအကြောင်းနဲ့ရောက်လာတယ် ဆိုတာ ကျုပ်သိတယ်၊ ဒါပေမယ့် ကျုပ်ပြောတာထက် ခင်ဗျား ပြောတာက ပိုပြီး ဆီလျော်လိမ့်မယ်ထင်တယ်'

ဟန်ချွန်အိက အရက်အိုးထဲမှ အရက်တစ်ခွက်ငှဲ့ယူသောက် လိုက်သည်။

'ကျုပ် ခင်ဗျားဆီကိုရောက်လာရတဲ့အကြောင်းကို မှန်မှန် ကန်ကန် ပြောရမယ်ဆိုရင်တော့ တန်ဂေဟာက မိန်းကလေး

www.burmeseclassic.com



ပျောက်နေလို့ အယ်လီရန့်သူလက်ထဲ ရောက်နေတယ်ဆိုတာ ကျုပ်သိချင်တယ်'

'ဟား...ဟား...ဟား...ဟား'

မီးအိမ်နီထံမှ ကျယ်လောင်စွာဟစ်အော်ရယ်မောသံ ထွက်ပေါ်လာသည်။

ဟန်ချင်အီက အံ့ဩမကျသေးပုံစံမျိုးဖြင့် မီးအိမ်နီကို အကဲခတ်သလိုမျိုး ကြည့်လိုက်သည်။

'တန်ကျင်းကျွင်းလူ ဟန်ချင်အီရဲ့ဇနီးလေခင်းဆိုတာ ကျုပ်သိအားတယ်၊ ခုလို မိန်းကလေး ရန်သူလက်ထဲရောက်နေတဲ့ အချိန်မှာ ခင်ဗျား ဘယ်လိုခံစားရမယ်ဆိုတာ ကျုပ် သဘောပေါက်ပါတယ်၊ ဒါကြောင့် ကျုပ်ရယ်တာကိုဘယ်လိုမှသဘောမထားပါနဲ့'

မီးအိမ်နီ၏မျက်နှာထက်မှ အရယ်ရိပ်တို့ပျောက်ကွယ်သွားလေသည်။

ဟန်ချင်အီက အိတ်ကပ်ထဲသို့လက်နှိုက်ပြီး ရွှေတုံးတစ်တုံးကို ထုတ်ယူကာ မီးအိမ်နီရှေ့သို့ ချပေးလိုက်သည်။

'တန်မိန်းကလေး တစ္ဆေဂိုဏ်းရဲ့လက်ထဲမှာရှိတယ်၊ တစ္ဆေဂိုဏ်းအနေနဲ့ အဆိပ်ပဒေသာကျမ်းကို အလိုရှိနေတော့ မိန်းကလေးနဲ့ အဆိပ်ပဒေသာသိုင်းကျမ်းကို အလဲအလှယ်ပြုလိမ့်မယ်လို့ထင်တယ်....



'တစ္ဆေဂိုဏ်းဟာ သေမင်းတောင်ကြားမှာ ခိုအောင်းနေတဲ့ သိုင်းသမားဆိုးတွေကို စည်းရုံးသိမ်းသွင်းခြေကုတ်ယူပြီး သိုင်းလောကတစ်ခုလုံးကို လွှမ်းမိုးအနိုင်ယူမယ်ဆိုတဲ့ အကြံအစည်ရှိနေတယ်...

'တန့်မိသားစုပိုင်ဆိုင်တဲ့ အဆိပ်ပဒေသာကျမ်းသာ တစ္ဆေဂိုဏ်းရဲ့လက်ထဲရောက်သွားရင် သိုင်းလောကတစ်ခုလုံးအတွက် အန္တရာယ်ရှိလာနိုင်တာအမှန်ပဲ'

မီးအိမ်နီက စကားဖြတ်ပြီး အရက်အိုးထဲမှအရက်တစ်ခွက် ငှဲ့ချ၍သောက်လိုက်သည်။

ဟန်ချင်အီက တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားတွေးတောနေဟန်မျိုးဖြင့် အတန်ကြာမျှ နှုတ်ဆိတ်ငြိမ်သက် တိတ်ဆိတ်နေသည်။

မြေတိုက်ခန်းအတွင်း၌ အပ်ကျသံမျှပင် မကြားရလောက်အောင် ငြိမ်သက်တိတ်ဆိတ်နေသည်။ အတန်ကြာမျှ ငြိမ်သက်ခြင်းကို ဟန်ချင်အီက စတင်လှုပ်နှိုးလိုက်သည်။

'တစ္ဆေဂိုဏ်းက တန်မိန်းကလေးကိုဖမ်းယူသွားတာ အမှန်ဖြစ်ခဲ့ရင် ဘယ်နေရာမှာ တန်မိန်းကလေးရှိတယ်ဆိုတာကို ကျုပ်သိချင်တယ်၊ ကျုပ်ကိုကူညီတဲ့အတွက် အခွင့်သာတစ်နေ့မှာ ခင်ဗျားကိုကျေးဇူးပြန်ဆပ်မှာပါ'

www.burmeseclassic.com



ဟန်ချင်အိ လေးနက်တည်ကြည်သော အမူအရာဖြင့် ပြောလိုက်သည်။

မီးအိမ်နီထံမှ သက်ပြင်းချသံသဲ့သဲ့ ထွက်ပေါ်လာသည်။

'တရွှေဂိုဏ်းနဲ့ အပေးအယူမလုပ်ဘဲ ခင်ဗျားက တစ်ကိုယ်တော်စွန့်စားပြီး တန်မိန်းကလေးကို တရွှေဂိုဏ်းသားတွေရဲ့ လက်ထဲက ကယ်ထုတ်ဖို့ကြိုးစားမယ်ဆိုရင် ခင်ဗျားအတွက် အန္တရာယ်ကြီးမားလိမ့်မယ်....

'တန်မိန်းကလေးကို သေမင်းတောစင်ကြာအလွန်မှာရှိတဲ့ ဓားအုပ်ထဲက မရဏဝေကီပါလိုက်ဂူမှာ ချုပ်နှောင်ထားတယ်လို့ သိရတယ်၊ ခင်ဗျားအနေနဲ့ သေမင်းတောစင်ကြာဆို ဖြတ်ကျော်နိုင်တာတောင် မရဏဝေကီပါလိုက်ဂူထဲကို ဝင်ဖို့မလွယ်ပါဘူး'

မီးအိမ်နီက ကြောက်လန့်အောင် တမင်ခြိမ်းခြောက်နေခြင်း မဟုတ်ကြောင်း ဟန်ချင်အိ သဘောပေါက်သည်။

ချစ်သူတစ်ယောက်ဆုံးရှုံးရသည်ထက် သိုင်းလောကတစ်ခုလုံး၏ အန္တရာယ်ကိုကာကွယ်နိုင်ဖို့အဓိကကျကြောင်း နားလည် ဆင်ခြင်မိသည်။

'ခင်ဗျားကိုသတင်းပေးမှုကြောင့် တရွှေဂိုဏ်းက ကျုပ်ကို အနှေးနဲ့အမြန် ရန်ရှာသတ်ဖြတ်ဖို့ ကြိုးစားလာမယ်ဆိုတာကို ကျုပ် တွက်ဆမိပါတယ်....



'ခင်ဗျားလာတဲ့လမ်းမှာ ဘယ်လိုအန္တရာယ်တွေနဲ့ ရင်ဆိုင်ခဲ့ရတယ်ဆိုတာကို ခင်ဗျားမပြောသော်လည်း ကျုပ်သိပါတယ်....'

ဟန်ချင်အိ ခေါင်းညိတ်လိုက်သည်။

မီးအိမ်နီထံမှ တန်ကျင်းကျော်နှင့်သက်ဆိုင်သောသတင်းကို ရရှိလိုက်၍ မြေတိုက်ခန်းထဲမှထွက်ခွာရန် အချိန်တန်ပြီဖြစ်ကြောင်း ဟန်ချင်အိ နားလည်လိုက်သည်။

'ကျုပ်လိုချင်တဲ့သတင်းကို အတိအကျ ပေးတဲ့အတွက် ခင်ဗျားကို အထူးကျေးဇူးတင်ပါတယ်၊ အခါအခွင့်သင့်လို့ ကျုပ်ဘက်က ကူညီနိုင်စရာအကြောင်းရှိလာရင် ကူညီဖို့အဆင်သင့်ရှိနေမယ်ဆိုတာ ခင်ဗျားယုံကြည်ထားပါ'

ဟန်ချင်အိ ထိုသို့ပြောပြီး ထိုင်နေရာမှထရပ်ကာ မီးအိမ်နီကို ကျောခိုင်းပြီး မြေတိုက်ခန်းထဲမှ သုတ်ထွက်လိုက်သည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၀ )

ဆန်ချင်အီ စားသောက်ဆိုင်ထဲမှ အပြင်သို့လှမ်းထွက်လိုက်သည်နှင့် လူရိပ်တစ်ရိပ်က အနားသို့လျှင်မြန်စွာတိုးကပ်လာသည်။

ခေါင်းတစ်လုံးအကွာသို့ ရောက်ရှိလာသော မိန်းကလေးကို ကြည့်ကာ သူက အံ့အားသင့်သွားသည်။

'မိန်းကလေး လိန်လင်ရှန့်'

လိန်လင်ရှန့်သည် ကြည်လင်သောအပြုံးဖြင့် ခေါင်းညိတ်ပြီး ရှေ့သို့ခြေတစ်လှမ်းတိုးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ ဆိုင်ထဲဝင်ဖောက်တော့မလို့ စိတ်ကူးနေခိုက်မှာ ရှင်ထွက်လာတာမြင်လိုက်လို့ပဲ၊ ရှင်ပြန်မထွက်လာနိုင်ရင် ကျွန်မ တစ်ဆိုင်လုံးကို မီးလောင်တိုက်ဆွင်းဖို့ဆုံးဖြတ်ထားတယ်'

လိန်လင်ရှန်က စကားအမှန် ပြောနေခြင်းဖြစ်ကြောင်း မာန်ချင်အိ သိသည်။

တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံမှုအချိန်ကာလတိုသော်လည်း လိန်လင်ရှန်သည် ရန်သူမဟုတ်သော မိတ်ဆွေကောင်း တစ်ယောက်ဖြစ်ကြောင်း မာန်ချင်အိ သဘောပေါက်နားလည် လာသည်။

'ကျုပ် ဒီဆိုင်ထဲမှာရှိနေတယ်ဆိုတာ မိန်းကလေး ဘယ်လို သိလဲ'

လိန်လင်ရှန်မှာ ကိုယ်လေးသိမ့်သိမ့်ခါအောင် ရယ်မော လိုက်သည်။

'ကျွန်မ ရှင့်ရဲ့ကိုယ်ဖော့ပညာကို မမှီပေမယ့် ရှင်ဘယ်မှာ ရှိမယ်ဆိုတာကို မပြောဘဲသိနိုင်တယ်၊ ရှင် ကျွန်မကိုရှောင်ကွင်းပြီး တစ်နေရာကိုထွက်သွားမယ်ဆိုရင်လဲ ကျွန်မက တွေ့လိုတဲ့ ဆန္ဒရှိရင် ရှင့်ကိုတွေ့အောင်ရှာနိုင်တယ်ဆိုတာကို ရှင် ယုံကြည် ထားပါ'



မာန်ချင်အိက ပခုံးနှစ်ဘက်တွန့်၍ ပြုံးလိုက်သည်။

'ဂစ်…ဂစ်…ဂစ်'

အမှောင်ထဲမှထူးခြားသောငှက်အော်သံတစ်မျိုးထွက်ပေါ် လာသဖြင့် နှစ်ယောက်လုံး တိုင်ပင်ထားသည့်အလား အသံ လာရာသို့ ပြိုင်တူမျက်နှာလှည့်လိုက်သည်။

ထိုအခိုက်မှာပင် လေတိုးသံများ ထွက်ပေါ်လာပြီး အမှောင်ထဲမှ အနက်ရောင်ဝတ်စုံများကို ဝတ်ဆင်ထားသော လူတစ်စုထွက်ပေါ်လာသည်။

တစ်ဆယ်ကျော်မနည်းသော အနက်ရောင်ဝတ်စုံရှင်တစ်စုက ထိုသူတို့နှစ်ယောက်ကို စက်ဝိုင်းသဏ္ဌာန် ဝိုင်းရံထားလိုက် လေသည်။

'အဆိပ်ပန်းသခင်မ လိန်လင်ရှန် စည်းဝိုင်းအပြင်ဘက်ကို ထွက်နေလိုက်ပါ၊ ကျုပ်တို့ မာန်ချင်အိနဲ့ စာရင်းရှင်းရမယ့်ကိစ္စ မှာ မိန်းကလေး ဝင်မရှုပ်စေချင်ဘူး'

ခေါင်းဆောင်ဖြစ်ဟန်ရှိသောသူတစ်ယောက်ထံမှ စကားသံ ထွက်ပေါ်လာသည်။

လိန်လင်ရှန်က အေးစက်သောလေသံဖြင့် ရယ်မောလိုက် လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟန်ချင်အိဏာ ကျွန်မမိဏ်ဆွဲဆိုတော့ သူ့ကိုရန်ပြုလာတဲ့ လူမှန်သမျှ ကျွန်မရန်ထူမဲ့၊ ရှင်တို့မသေချင်သေးရင် ဆိုရှင်တော့ ဒီမှာနေရာက အမြန်ဆုံးထွက်သွားပါ'

လိန့်လင်ရှန်ကာ တင်းမာသောအသံဖြင့် ပြောလိုက်သည်။

အနက်ရောင်ဝတ်စုံရှင်များ လှုပ်လှုပ်ရွရွဖြစ်သွားပြီး ရှေ့ဆက်၍ချိတ်လွယ်ထားသော ဓားများကို ထုတ်လိုက်သည်။

'တိုက်....'

လူတစ်ယောက်၏ ကျယ်လောင်စွာ အော်ဟစ်အမိန့်ပေးသံနှင့်အတူ ဓားရောင်များ ဝင်းလက်သွားသည်။

'ဟိုင်း....'

'ယား....'

'ဂွစ်....'

'ရှွင်း....'

ဖာစ်အော်မာန်သွင်းကြုံးဝါးသံ၊ လေးကိုးသံ၊ လက်နက်ချင်း ထိခတ်သံများ ထွက်ပေါ်လာသည်။



လိန့်လင်ရှန်ကာ လက်တစ်ဘက်ကိုဝှေ့ယမ်းကာ လက်နက်ပုန်းများ ပစ်လွှတ်လိုက်သည်။

'အား....'

'အင့်....'

အနက်ရောင်ဝတ်စုံရှင်လူနှစ်ယောက် လက်နက်ပုန်းထိမှန်ပြီး မြေပေါ်သို့လဲကျသွားသည်။

ဟန်ချင်အိ ဓားအိမ်ထဲမှ ဓားကိုထုတ်ယူကာ ထိုးနှက်တိုက်ခိုက်လိုက်သည်။

'ဂွစ်....'

'ရှွင်း....'

'အား....'

အနက်ရောင် ဝတ်စုံရှင်များ တစ်ယောက်ပြီးတစ်ယောက် မြေပြင်ပေါ်သို့လဲကျကုန်သည်။

လူအင်အားများသော်လည်း ဆိုင်းပညာအဆင့် ကွာခြားသဖြင့် အနက်ရောင်ဝတ်စုံရှင်များ ဆုတ်ခွာတိမ်းရှောင်ရန်အခက်သို့ပြေးရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲအချိန်ကာလ ကြာမြင့်မှုမရှိသော်လည်း၊ အနက်ရောင် ဝတ်စုံရှစ်ခုနစ်ယောက် မြေပြင်ထက်၌ ထိုကျသေဆုံး ကျန်နေရစ်သည်။

ဟန်ချင်အီသာ သွေးစွန်းနေသောဓားကို ဓားအိမ်ထဲသို့ ထည့်လိုက်စဉ်မှာ လိန်လင်ရှန့်တာ အနားသို့တိုးကပ်လာသည်။

'ရန်ပွဲတစ်ပွဲဟာ ပြီးဆုံးသွားပြီပေါ့လေ၊ အင်း…. ဒါပေမယ့် ဒီပွဲမှာအနိုင်ရလို့ ရှင် ဝမ်းမသာနဲ့၊ ရန်သူက ရှင့်ကို မဖြစ်မနေ သတ်ဖို့ကြိုးစားလိမ့်မယ်…

'ခြေတစ်လှမ်းမှားတာနဲ့ ရန်သူက လက်ဦးမှုယူသွားလိမ့်မယ်၊ တစ္ဆေဂိုဏ်းရဲ့ အဓိကပစ်မှတ်က တန်မိသားစုမဟုတ်တော့ဘူး၊ သရဖူဓားသမား ဟန်ချင်အီ ဖြစ်နေပြီ'

ဟန်ချင်အီက စိတ်မသက်သာဟန်ဖြင့် ခေါင်းညိတ်လိုက်လေသည်။

'ကျုပ်အတွက်ကြောင့် မိန်းကလေးမှာ ရန်သူတွေများလာပြီ၊ ကျုပ်နောက်ကဆက်မလိုက်ဘဲနေတာ မိန်းကလေးအတွက် အန္တရာယ်ကင်းလိမ့်မယ်ထင်တယ်…

'ကျုပ်အပေါ်မှာထားတဲ့ မိန်းကလေးရဲ့စေတနာကို အသိအမှတ်မပြုလို့ ခုလိုစကားမျိုးပြောတာမဟုတ်ပါဘူး။ ကျုပ်



အတွက်ကြောင့် ဘယ်သူမှ ဒုက္ခမရောက်စေချင်လို့ စေတနာနဲ့ ပြောတာပါ'

ဟန်ချင်အီက လေသံအေးအေးဖြင့် ရှင်းလင်းပြောဆိုလိုက်လေသည်။

သို့သော်…

လိန်လင်ရှန့်ထံမှ စကားသံထွက်ပေါ်လာခြင်းမရှိ

အတန်ကြာမျှ တွေဝေငေးငိုင်နေသည်။

ထို့နောက်…

ဟန်ချင်အီဘက်သို့ မျက်နှာလှည့်ကာ ဟန်ချင်အီကို အတန်ကြာ စူးစိုက်ကြည့်ပြီး ရပ်နေရာမှ လှည့်ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၁)

လိန်လင်ရှန်မှာ စိတ်မကောင်းဖြစ်သွားကြောင်း ဟန်ချင်အီ သိသော်လည်း တန့်တားမှုမပြုဘဲ လိန်လင်ရှန်၏ကျောပြင်ကိုသာ ငေးကြည့်နေလိုက်မိသည်။

ယင်းအခိုက်မှာပင် ဟန်ချင်အီ၏ကျောနောက်ဘက် ဝါး တစ်ပြန်အကွာမှ မြွေတွန်သံသဲ့သဲ့ကို ကြားလိုက်ရသည်။

ဟန်ချင်အီ လျှင်မြန်သော လှုပ်ရှားမှုဖြင့် မြွေတွန်သံ ထွက်ပေါ်လာရာဘက်သို့ မျက်နှာလှည့်လိုက်သည်။

အမှောင်ထဲမှရန်သူကို တွေ့မြင်ရခြင်းမရှိသော်လည်း ကျွန်း အနီးပတ်ဝန်းကျင်၌ မြွေဘုရင်ရောက်ရှိနေပြီဟု ဟန်ချင်အီ တွက်ဆမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထဲမှ ထွာအချို့ ဆော့ပ်ရွှေးသံကို ကြားလာရသည်။

'ဝှစ်...'

'ဖွှစ်....'

လေတိုးသံများနှင့်အတူ အဖြူရောင် အလင်းတန်းများက ဟန်ချင်အိထံသို့ ပြေးဝင်လာသည်။

ဟန်ချင်အိ သတိရှိရှိဖြင့် တိမ်းရှောင်လိုက်သည်။

လက်နက်ပုန်းများထိမှန်ခြင်းမရှိဘဲ လွဲချော်သွားသည်နှင့် လူတစ်ဦးက ဟန်ချင်အိကို တရကြမ်းဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

'ဟိုင်း....'

'ယား....'

မှောင်အောင်းမာန်သွင်း၊ ကြွေးဝါးသံနှင့်အတူ ဓားရိပ်လှုရိပ်များ ရှုပ်ထွေးသွားသည်။

ဟန်ချင်အိက ဓားအိမ်ထဲမှဓားကိုထုတ်ယူကာ တွေ့ယမ်းတိုက်ခိုက်လိုက်သည်။



'အား....'

'အင့်....'

နာကျင်စွာဟစ်အော်သံများနှင့်အတူ အနက်ရောင်ဝတ်စုံရှင်များ၊ တစ်ယောက်ပြီးတစ်ယောက် မြေပြင်ပေါ်သို့လဲကျကုန်သည်။

'ဟန်ချင်အိ ငါ့တို့လာပြီဟေ့'

လူတစ်ယောက်၏ ကျယ်လောင်စွာဟစ်အော်ပြောဆိုသံနှင့်အတူ ကျောင်းအိမ်နှင့် ဟူရင်လုံတို့ တိုက်ပွဲအတွင်းသို့ဝင်ရောက်လာသည်။

'ဖွစ်....'

'ချွင်း....'

'အား....'

'အ....'

ကျောင်းအိမ်နှင့် ဟူရင်လုံ၏ တိုက်ခိုက်မှုကြောင့် လူနှစ်ယောက်ထံမှ နာကျင်စွာဟစ်အော်သံများထွက်ပေါ်လာသည်။

ဟန်ချင်အိက ဓားကို အဆက်မပြတ်တွေ့ယမ်းတိုက်ခိုက်ပြီး မြေဘုရင်ကို အလျင်အမြန်ရှာဖွေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုတ်ပွဲရှောင်းသို့ မြေဘူရင် ဝင်ရောက်လာခြင်းမရှိကြောင်း ဟန်ချင်အိ သတိပြုမိသည်။

လူ့အင်အားများသော်လည်း သိုင်းပညာအဆင့်ကွာခြား၍ ရန်သူသိုင်းသမားများ နောက်သို့ဆုတ်ခွာရှောင်ရန်သည်။

မြေပြင်ထက်၌ လဲကျသေဆုံးနေသော အလောင်းများ၏ အလယ်၌ လူသုံးယောက် မျက်နှာချင်းဆိုင်ရပ်လိုက်သည်။

မိန်းကလေး လိန်လင်ရှန်ကို တွေ့ပြီးပြီလား၊'

ဟန်ချင်အိက စိတ်မသက်သာဟန်အမူအရာမျိုးဖြင့် ခေါင်း ညိတ်လိုက်သည်။

ထို့နောက်—

သေဆုံးနေသောအလောင်းများကို ကျော်ခိုင်းကာ သုံး ယောက်အတူ မြို့တွင်းသို့ဝင်သောလမ်းအတိုင်း လျှောက်လာ ခဲ့ကြလေသည်။

အချိန်မှာ ညဥ့်ယံပိုင်းသို့ရောက်ရှိလာပြီဖြစ်၍ လမ်းမကြီး ပေါ်၌ လူအသွားအလာကင်းရှင်းလျက်ရှိသည်။

လမ်းမပေါ်၌ ယှဉ်တွဲလျှောက်လှမ်းလာသော ဟန်ချင်အိတို့ သုံးယောက် စားသောက်ဆိုင်တစ်ဆိုင်ရှေ့သို့အရောက်၌ လှမ်း နေသော ခြေလှမ်းများကို ရပ်တန့်လိုက်သည်။



ဆိုင်ထဲ၌ မီးရောင်မှားလင်းနေပြီး စားသောက်နေသူ ငါး ယောက်ခန့်သာရှိသည်။

ဟန်ချင်အိတို့သုံးယောက် ဇိုင်းပင်ထားသည့်အလား ဆိုင် ထဲသို့ လှမ်းဝင်လိုက်သည်။

အရက်နှင့် စားစရာများမှာပြီး ဖိုခုံလေးတစ်ဆိုင်ဆိုင်ကာ အတန်ကြာမျှ အတွေးကိုယ်စီနှင့် ငြိမ်သက်နေသည်။

မကြာမီ မှာထားသောအရက်နှင့် အငွေ့ထောင်းထောင်း ထနေသောစားဖွယ်ရာများရောက်လာသည်။

ငြိမ်သက်ခြင်းကို ကျွောင်းအိမ်က စတင်လှုပ်နှိုးလိုက်သည်။

'မီးအိမ်မိုနဲ့တွေ့ပြီးပြီလား၊ ဟန်ချင်အိ၊ လိုချင်တဲ့ သတင်း အချက်အလက်ကော ရလိုက်ပြီးပြီလား၊'

ဟန်ချင်အိက ပဏ်ဝန်းကျင်ကိုမျက်လုံးဝေ့ကြည့်ပြီး ခေါင်း ညိတ်လိုက်သည်။

'တန်မိန်းကလေးရှိတဲ့နေရာကို မီးအိမ်မီက သတင်းပေး လိုက်တယ်၊ ဒါပေမယ့် အဲဒီနေရာကိုသွားနိုင်ဖို့က မလွယ်ဘူး၊ အရှေ့ဂိုဏ်းက တန်မိန်းကလေးကို သေမင်းတောင်ကြားလွန် က မရောက်မီလိုက်ဂူမှာ ဖမ်းချုပ်ပြီး ပိတ်လှောင်ထား တယ်လို့ သိရတယ်'

www.burmeseclassic.com

www.burmeseclassic.com



တာန်ချင်အိကာ လေးပင်သောလေသံဖြင့် ပြောလိုက်သည်။

ကျောင်းအိမ်နှင့် ဟူရင်လုံက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်သည်။

'တန်မီသားစုပိုင်တဲ့ အဆိပ်ပဒေသာသိုင်းကျမ်းကို ရနိုင်ဖို့အတွက် တချွေဂိုဏ်းက တန်မိန်းကလေးကို ဓားန်ဆာခံအဖြစ် ဖမ်းထားတာလား'

အရက်အိုးထဲမှ အရက်တစ်ခွက် ငှဲ့ယူပြီး ဟူရင်လုံက မေးလိုက်သည်။

'တန်မိန်းကလေးကို ဖမ်းထားတဲ့ရည်ရွယ်ချက်က အဆိပ်ပဒေသာသိုင်းကျမ်းကိုယူဖို့ပဲ၊ တန်မိသားစုက တန်မိန်းကလေး အတွက် အစဉ်အဆက် ထိန်းသိမ်းလာတဲ့ အဆိပ်ပဒေသာ သိုင်းကျမ်းကို ဒုစရိုက်သမားတွေလက်ထဲ လွှဲအပ်လိုက်ရင် သိုင်းလောကသားတွေအတွက် အန္တရာယ်တွေအများကြီးရင်ဆိုင်ရဖို့ ရှိတယ်'

ကျောင်းအိမ်နှင့် ဟူရင်လုံ သဘောပေါက်ဟန်ဖြင့် ခေါင်း ညိတ်လိုက်သည်။

တာန်ချင်အိက စိတ်ရှုပ်ထွေးသောအမူအရာဖြင့် အရက်အိုး ထဲမှ အရက်တစ်ခွက်ထည့်၍ သောက်လိုက်သည်။



'ဆက်ပြီးတော့ ဘယ်လိုလုပ်ရှာဖို့အစီအစဉ်ရှိလဲ'

ဟူရင်လုံက မေးသည်။

တာန်ချင်အိက အဖြေမပေးဘဲ နှုတ်ဆိတ်ကာ စဉ်းစားရှေ နေလေသည်။

'တစ်ခုတော့ရှိတယ်၊ ဒီအကြောင်းတွေကိုသာ တန်မိသားစု သိရင် သူတို့ဆီက အဖြေတစ်ခုထွက်လာဖို့ဘော့ရှိမယ်'

ကျောင်းအိမ်က တွေးတွေးဆဆဖြင့် ပြောသည်။

တာန်ချင်အိက ခေါင်းခါယမ်းလိုက်သည်။

'တန်မိန်းကလေးရဲ့အဖေက သူ့သမီးကို ရန်သူလက်က လွတ်မြောက်ဖို့ အစွမ်းကုန်ကြိုးစားမှာလေချာတယ်၊ ဒါပေမယ့် အလွယ်နဲ့တော့ တန်မိန်းကလေးကို ရန်သူလက်ထဲက လွယ်မြောက်အောင်ကယ်တင်ဖို့ ရနိုင်မှာမဟုတ်ဘူး....

'သွေးချောင်းစီးတိုက်ပွဲအော ဖြစ်ပေါ်လာဖို့ အကြောင်းရှိ သလို တန်ချင်းခန့်နဲ့ တန်ကျိုယွင်အတွက် အသက်အန္တရာယ် ရှိနိုင်တယ်၊ ဒါကြောင့် တန်မိန်းကလေးကိုကယ်တင်ဖို့ ကျုပ် တစ်ယောက်တည်း စွန့်စားမယ်လို့ ဆုံးဖြတ်ထားတယ်'

www.burmeseclassic.com

www.burmeseclassic.com



ဟန်ချင်အိထံမှ မျှော်လင့်မထားသော စကားကြောင့် ကျောင်းအိမ်နှင့် ဟူရင်လို လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

ကျောင်းအိမ်က မယုံနိုင်ဟန်ဖြင့် ဟန်ချင်အိကို ကြည့်သည်။

'တန်မိန်းဇာလေးကို ကယ်တင်ဖို့ မင်းတစ်ယောက်တည်း စွန့်စားမယ် ဟုတ်လား ဟန်ချင်အိ၊ အင်အားများတဲ့ ဒုစရိုက်သမားတွေကို မင်းတစ်ယောက်တည်းရင်ဆိုင်မယ်လို့ ဘာဖြစ်လို့ ဆုံးဖြတ်ရတာလဲ၊ မင်းရဲ့မိတ်ဆွေကောင်းတွေကို ဘာကြောင့် ပစ်ပယ်ချင်တာလဲ'

ကျောင်းအိမ်၏အမေးကို ဟန်ချင်အိ အဖြေမပေးရန် အခက်တွေ့သွားသည်။

တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေဟန်မျိုးဖြင့် အတန်ကြာငေးငိုင်နေပြီး ဟန်ချင်အိ စကားစသည်။

'တန်မိန်းကလေးဟာ ကျုပ်နဲ့ တစ်ချိန်မှာလက်ထပ်ဖို့ရည်မှန်းထားတဲ့ ကျုပ်ရဲ့ချစ်သူဆိုတာ ခင်ဗျားတို့အားလုံး သိထားပြီးသားပါ…

'တန်မိန်းကလေး တစ်ယောက်အတွက် မဆိုင်တဲ့လူတွေရဲ့ အသက် ဆုံးရှုံးရတာမျိုး မဖြစ်စေချင်ဘူး၊ ကျုပ်အတွက်



ကြောင့် ကျုပ်မိတ်ဆွေတွေကို ထိခိုက်နစ်နာမှုမရှိစေချင်တာ ကျုပ်စေတနာပါ'

ဟန်ချင်အိက အေးဆေးတည်ငြိမ်စွာဖြင့် ပြောသည်။

ကျောင်းအိမ်နှင့် ဟူရင်လို တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိလိုက်ကြလေတော့သည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

တစ်ယောက်နှင့် တစ်ယောက် ငယ်ပေါင်းကြီးဖော်များ မဟုတ်သော်လည်း သွေးရင်းသားရင်းလို ခင်မင်သူများဖြစ်၍ ကျောင်းအိမ်နှင့် ဟုချင်းဆိုး မျက်နှာညှိုးနွမ်းလျက်ရှိသည်။

မျက်နှာများ မတောင်းကြ။

ယင်းအချိန်မှစ၍ စားသောက်ဆိုင်အမိုးထက်မှ လသာ ဆောက်၏ လှုပ်ရှားသည့် သဲ့သဲ့ တ ဟန်ချင်အိန္ဒြာ ငေးလာ ရောသည်။

www.burmeseclassic.com

www.burmeseclassic.com



'အမိုးပေါ်မှာလူတစ်ယောက်ရှိနေတယ်၊ ခင်ဗျားတို့ ဒီမှာပဲ စားသောက်ရင်း ထိုင်နေပါ၊ ကျုပ်သွားကြည့်လိုက်မယ်'

ဟန်ချင်အိုက ထိုသို့ပြောပြီး ထိုင်နေရာမှ လျင်မြန်သော လှုပ်ရှားမှုဖြင့် ဆိုင်ပြင်သို့ပြေးထွက်သည်။

ဆိုင်ပြင်သို့ရောက်သည်နှင့် အတွင်းအားကို အသုံးပြုကာ အမိုးပေါ်သို့ခုန်တက်လိုက်သည်။

အမိုးပေါ်၌ အနက်ရောင်ဝတ်စုံများ၊ ခေါင်းစွပ်ဆင်တူ ဝတ်ဆင်ထား မျက်နှာဖုံးစွပ်ထားသော လူနှစ်ယောက် ရှိနေလေသည်။

လူနှစ်ယောက်က ဓားအိမ်ထဲမှဓားများကို ထုတ်ယူကာ ထိုင်နေရာမှ ထရပ်လိုက်သည်။

'ခင်ဗျားတို့ ဘယ်ဂိုဏ်းကလဲ၊ ဒီအမိုးပေါ်ကို ဘယ်လို အကြောင်းနဲ့ ရောက်နေတာလဲ'

ဟန်ချင်အို မျက်နှာချင်းဆိုင်၌ရှိနေသော လူနှစ်ယောက်ကို အကဲခတ်သလိုကြည့်ပြီး မေးလိုက်သည်။

'ဟား....ဟား....ဟား....ဟား'

အနက်ရောင်ဝတ်စုံရှင်တစ်ယောက်ထံမှ ကျယ်လောင်စွာ ဟစ်အော်ရယ်မောသံ ထွက်ပေါ်လာသည်။



'မင်းက သံဖူကားသမား ဟန်ချင်အို မဟုတ်လား၊ ငါတို့ ဘယ်သူဆိုတာသိလို့ မင်းအတွက် ဘာမှအကြောင်းထူးမလာ နိုင်တော့ပါဘူး၊ ဘာကြောင့်လဲဆိုတော့ မင်းဟာ သေရမယ့် လူတစ်ယောက် ဖြစ်နေပြီပဲ'

အနက်ရောင်ဝတ်စုံရှင်က စကားဆုံးသည်နှင့် လက်ထဲ၌ ကိုင်ဆောင်ထားသောဓားကို ပင့်မြှောက်လိုက်သည်။

'ဂွစ်....'

လေတိုးသံနှင့်အတူ ဓားရောင်တစ်ချက် ပင်းခနဲလက် သွားပြီး ဓားသွားက ဟန်ချင်အိုထံသို့ လျင်မြန်စွာကျရောက် လာသည်။

ဟန်ချင်အိုက သတိကြီးစွာထား၍ တိမ်းရှောင်လိုက်သည်။

ရန်သူကို ညှာတာစွာတိုက်ခိုက်သော်လည်း အကြောင်းထူးလာနိုင်မည်မဟုတ်ကြောင်း တွေးမိ၍ ဓားအိမ်ထဲမှဓားကို ထုတ်ယူလိုက်သည်။

'ဂွစ်....'

'ချွင်း....'

'အား....'

'အင့်....'

www.burmeseclassic.com

www.burmeseclassic.com



လေတိုးသံနှင့် လက်နက်ချင်းထိခတ်မိသံများ အဆက်မပြတ် ထွက်ပေါ်လာပြီး အနက်ရောင်ဝတ်စုံရှင်နှစ်ယောက် ဓားချက်ထိမှန်သွား အမိုးထက်မှ အောက်သို့ပြုတ်ကျသွားသည်။

ဟန်ချင်အီကား အမိုးထက်မှ အောက်သို့ခုန်ဆင်းကာ စားသောက်ဆိုင်ထဲသို့ ပြန်လည်ဝင်ရောက်လာသည်။

ရန်သူနှစ်ယောက်ကို လျှပ်တစ်ပြက်အတွင်း သုတ်သင်လိုက်သော်လည်း သူ၏အမူအရာမှာ အေးစက်တည်ငြိမ်လွန်းသည်။

စားပွဲဝိုင်း၌ အရက်သောက်နေသော ကျောင်းအိမ်နှင့် ဟူရင်လုံ စားပွဲဝိုင်းအနီးသို့ တည်ငြိမ်သောခြေလှမ်းများဖြင့် လျှောက်လှမ်းလာသော ဟန်ချင်အီကို အကဲခတ်ဟန်ဖြင့် ကြည့်လိုက်သည်။

ဟန်ချင်အီက မူလထိုင်ခဲ့သောခုံ၌ တည်ငြိမ်စွာ ပြန်ထိုင်လိုက်သည်။

'အမိုးပေါ်မှာ လူနှစ်ယောက်တွေ့တယ်၊ ဘယ်ဂိုဏ်းအဖွဲ့ကလဲ ဆိုတာတော့ အတိအကျပြောလို့မရဘူး၊ ကျုပ်လဲ မေးလို့မရဘဲနဲ့ လက်စတုံးရှင်းပစ်လိုက်တယ်'

ဟန်ချင်အီက ထိုသို့ပြောပြီး အရက်အိုးထဲမှ အရက်တစ်ခွက်ငှဲ၍ သောက်လိုက်သည်။



ကျောင်းအိမ်နှင့် ဟူရင်လုံတို့ အတွေးကိုယ်စီနှင့်ငြိမ်သက်နေသည်။

ဟန်ချင်အီက အရက်သောက်ရင်း သေမင်းတောင်ကြားသို့ သွားရောက်ရမည့်ခရီးစဉ်ကို စဉ်းစားနေသည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၃ )

သွေးသောက်မိတ်ဆွေများကို အသိမပေးဘဲ ဟန်ချင် တိတ်တဆိတ်ထွက်ခွာလာသည်။

ခရီးကြမ်းကို ဖြတ်သန်းလာခဲ့ရသည်ကြောင့် ရှူ မောပန်း နှမ်းနယ်နေသည်။

ခြေလျင်သွားလာစဉ်က ခရီးကြန့်ကြာမည်ဟု တွေးတောပြီး မြို့ငယ်လေးတစ်မြို့မှ မြင်းတစ်ကောင် ဝယ်စီးလာသည်။

နှင်းမြူတို့ဝေနေသော နံနက်ခင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တရုတ်ပြည်၏ အနောက်မြောက်ပိုင်း ဒေသတစ်ခွင်လုံး၌ အအေးဓာတ်က ကြီးစိုးလျက်ရှိသည်။

ဟန်ချင်အီက မြင်းညိုကြီးကို အသာတကျ စီးနှင်းလိုက်ပါလာသည်။

ကျယ်ပြန့်သော မြက်ခင်းလွင်ပြင်ကို မြင်းကြီးဖြတ်ကျော်လာသည်။

သူ စီးယူလာသော မြင်းသည် အဖိုးတန်၍ သန်မာထွားကျိုင်းသော မျိုးကောင်းမျိုးသန့် စစ်သုံးမြင်းတစ်ကောင်ဖြစ်လေသည်။

ဟန်ချင်အီက ရိုက်နှက်မောင်းနှင်ရခြင်းမရှိဘဲ မြင်းကြီးက အလိုက်သိစွာ ပြေးလွှားနေသည်။

မကြာမီ ကျယ်ပြန့်သော လွင်ပြင်ကို ဖြတ်ကျော်ပြီး တောလမ်းပေါ်သို့ ရောက်ရှိလာသည်။

တောလမ်းပေါ် ရောက်သည်နှင့် ရှေ့ဘက်မှ မြင်းစီးသမား အစုကို တွေ့မြင်လိုက်ရသည်။

'ခွပ်...ခွပ်...ခွပ်...ခွပ်'



ဆူညံစွာထွက်ပေါ်လာသော မြင်းခွာသံများနှင့်အတူ မြင်းစီးသမားတစ်စုက ဟန်ချင်အီ၏ မြင်းပြေးလမ်းကို ပိတ်ဆို့တန့်တားလိုက်သည်။

အနက်ရောင်ဝတ်စုံကိုဝတ်ဆင်ကာ မျက်နှာဖုံးများတပ်ဆင်ထားသဖြင့် ဓားပြဂိုဏ်းသားများဖြစ်ကြောင်း သိလိုက်သည်။

မြင်းစီးသမားများအနက် ခေါင်းဆောင်ဖြစ်ဟန်တူသူက ဟန်ချင်အီရှေ့ ဆယ်ပေခန့်အကွာသို့ မြင်းစီးလျက်ရောက်ရှိလာလေသည်

ထိုလူ၏ကျောထက်၌ ဓားကောက်တစ်လက်ကို ချိတ်လွယ်ထားသည်။

'မင်းက သူဖုန်းသမား ဟန်ချင်အီ မဟုတ်လား'

ဟန်ချင်အီက အေးစက်သောအပြုံးဖြင့် ခေါင်းတစ်ချက် ညိတ်လိုက်သည်။

'အရှုံးမပေးသမား ဟန်ချင်အီဆိုတာ ကျုပ်ပဲ၊ ခင်ဗျားတို့က မိစ္ဆာဂိုဏ်းရဲ့ နောက်လိုက်ခွေးတွေမဟုတ်လား'

ဟန်ချင်အီက ထိုသို့ပြောလိုက်သည်နှင့် အနက်ရောင်ဝတ်စုံနှင့် လူလူ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်း အသက်ငယ်ငယ်နဲ့ မသေချင်ဘူးဆိုရင် ဒီနေရာကနေ နောက်ကြောင်းကို မြန်မြန်လှည့်သွားပါ၊ ကျုပ်စကားကို နားမထောင်ဘဲ ရှေ့ဆက်တိုးမယ်ဆိုရင်တော့ မင်း ရှေ့ဆက်ပြီး အသက်ရှင်ခွင့်ရှိမှာမဟုတ်ဘူး'

ဟန်ချင်အိက အေးစက်သောလေသံဖြင့် ရယ်မောလိုက်လေသည်။

'သိုင်းလောကသားတွေဟာ ကျုပ်ကို အရှုံးပေးသမားဘဲ့ အကြောင်းမေ့ပေးထားတာမဟုတ်ဘူးဆိုတာ ခင်ဗျား သဘောပေါက်နားလည်ရင် ကျုပ်ကို ခုလိုစကားမျိုးမပြောသင့်ဘူး။ ခင်ဗျားတို့ ကျုပ်သွားမယ့်လမ်းရှေ့က အမြန်ဆုံးဖယ်လိုက်ပါ'

ဟန်ချင်အိ စကားဆုံးသည်နှင့် ရှေ့၌ရှိနေသော မြင်းစီးသမားက ဓားအိမ်ထဲမှဓားကို ထုတ်ယူလိုက်သည်။

'ဟိုင်း...'

'ယား...'

'ဝှစ်...'

'ချွင်း...'



ဟစ်အော်မာန်သွင်းကြုံးဝါးသံ၊ လေတိုးသံ၊ လက်နက်ချင်း ထိခတ်မိသံများ၊ အဆက်မပြတ် ထွက်ပေါ်လာပြီး ဓားရိပ် လူရိပ်များ ရှုပ်ထွေးသွားသည်။

ဟန်ချင်အိ တစ်ခုစဉ်းစားမိသည်။

တန်ကျင်းကျင်းကို အချိန်မီကယ်နိုင်ရေးအတွက် ရန်သူကို သက်ညှာစွာ တိုက်ခိုက်၍မရနိုင်ကြောင်း ဟန်ချင်အိ သိသည်။

တိုက်ပွဲကို အချိန်ကြာမြင့်စွာ တိုက်ခိုက်မှုမပြုလို၍ ဓားအိမ်ထဲမှဓားကို ထုတ်ယူသော တိမ်ခြေဓားကွက်ကို အသုံးပြု၍ တိုက်ခိုက်လိုက်သည်။

'အား...'

'အင့်...'

'အို...'

'အင့်...'

နာကျင်စွာအော်ဟစ်သံများ၊ အဆက်မပြတ်ထွက်ပေါ်လာပြီး မြင်းစီးသမားများ တစ်ယောက်ပြီးတစ်ယောက် မြေပြင်ပေါ်သို့ လဲကျကုန်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဖြူရိပ်တစ်ခု ရိပ်ခနဲ လှစ်ခနဲလှုပ်ရှားကာ တန်ချင်အိသည် ကျူးလူးဖြတ်သန်း၍ လိပ်ပြာတစ်ကောင်ပျံဝဲသလို ရွှေလျှားတိုက်ခိုက်နေသည်။

'အာ၊...'

'အား....'

တိုက်ပွဲကား၊ အချိန်ကြာမြင့်မှုမရှိ။

ခဏအတွင်းမှာ ပြီးဆုံးသွားသည်။

အလောင်းများ မြေပြင်ပေါ်၌ ပြန့်ကြဲသွားသဖြင့် ရင်ဆိုင်စီးနင်းလာသောမြင်းများ မြေဦးတည့်ရာသို့ ပြေးကုန်ကြ၏။

'ဟီး...ဟီး...ဟီး...'

ချောက်ချားဖွယ်ရာရယ်သံကြီးထွက်ပေါ်လာပြီး လေထဲမှ အရိပ်မည်းကြီးတစ်ခု မြေပြင်ပေါ်သို့ ကျရောက်လာ၏။

အရိပ်မည်းကြီးမှာ အနက်ရောင်ဝတ်စုံကို ထက်အောက် ဆင်တူဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်ပင်ဖြစ်တော့သည်။



အဘိုးအို၏လှုပ်ရှားဟန်ကို ကြည့်ခြင်းအားဖြင့် ထိုအဘိုးအိုမှာ အဆင့်မြင့်ပညာရှင်တစ်ယောက်ဖြစ်ကြောင်း သိသာလှသည်။

အဘိုးအိုက နီရဲတောက်ကျိုးသောမျက်လုံးများဖြင့် တန်ချင်အိကို စူးစိုက်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

'မင်းတော့ ခေါင်းစွမ်း အတော်ဆက်နေတယ် တော်လား၊ တန်မိသားစုလက်ထဲက အဆိပ်ပဒေသာသိုင်းကျမ်းကို ရရှိဖို့ကိစ္စမှာ မင်းအတွက်နဲ့ အချိန်တွေ နှောင့်နှေးကြန့်ကြာမှု ဖြစ်ရသလို မိစ္ဆာဂိုဏ်းတသိုင်းသမား အတော်များများလဲ ဆုံးရှုံးသွားတယ်....

'သေဆုံးသွားတဲ့မိစ္ဆာဂိုဏ်းအဖွဲ့တွေအတွက် မင်းအသက်ကို လျော်ကြေးပြန်ယူရမယ်'

www.burmeseclassic.com

www.burmeseclassic.com



ဟန်ချင်အိကာ လျှင်မြန်သောလှုပ်ရှားမှုဖြင့် မြင်းပေါ်မှဆင်းလာ၍ အဘိုးအိုနှင့် မျက်နှာချင်းဆိုင်ရပ်လိုက်သည်။

'အသာဏ ဘယ်သူလဲ၊ ဘာခွဲ့ဂိုဏ်းနဲ့ ဘယ်လိုပတ်သက်နေလဲ'

'ဟား...ဟား....ဟား...ဟား'

ဟန်ချင်အိစကား၌ ရယ်စရာမပါသော်လည်း အဘိုးအိုထံမှ ကျယ်လောင်သောရယ်သံ ထွက်ပေါ်လာသည်။

'ဝိညာဉ်ခုနစ်ဖော်ထဲက တစ်ယောက်ဆိုရင် မင်းသိနိုင်လောက်ပါတယ်၊ မင်းက ခေးစွမ်းသိပ်ထက်နေတယ်ကြားလို့ မင်းကို ငါကိုယ်တိုင်သုတ်သင်ဖို့ သေမင်းတောင်ကြားက ထွက်လာတာပဲ'

အဘိုးအိုက ထိုသို့ပြောပြီး လက်တစ်ဘက်ကိုဝှေ့ယမ်းလိုက်သည်နှင့် ကြယ်ပွင့်သဏ္ဌာန် လက်နက်ပုန်းသုံးခုက ဟန်ချင်အိထံသို့ ပြေးဝင်လာသည်။

ဟန်ချင်အိက သတိကြီးစွာထား၍ တိမ်းရှောင်လိုက်သည်။

လက်နက်ပုန်းများကို လွတ်မြောက်အောင်တိမ်းရှောင်နိုင်ကြောင်း သိသည်နှင့် အဘိုးအို၏မျက်လုံးများ အရောင်ပြောင်း



သွားပြီး သေ၏လျှင်မြန်ခြင်းမျိုးဖြင့် လက်ဝါးရိုက်ချက်ကို အဆုံးမပြတ်ပိုက်ခိုက်လာသည်။

ဟန်ချင်အိက လက်ဝါးချင်းဆိုင်၍ ခုခံခြင်းမပြုဘဲ နောက်သို့ စုန်ဆုတ်တိမ်းရှောင်လိုက်သည်။ အဘိုးအိုက လက်ဝါးရိုက်ချက်များကို အဆက်မပြတ်အဆုံးမဲ့ တိုက်ခိုက်လာသည်။

ဟန်ချင်အိက တန်ပြန်တိုက်စစ်ဆင်မှုမပြုဘဲ ခံစစ်အနေအထားမှ ခုခံတိုက်ခိုက်သည်။

သိုင်းကွက်ပေါင်းယက်ကွက် ပြည့်လာသည်အထိ အဘိုးအို၏တိုက်ခိုက်မှုမှာ ဟန်ချင်အိ၏ အင်္ကျီစကိုမျှ ထိခိုက်အောင် တိုက်ခိုက်နိုင်စွမ်းမရှိသဖြင့် အဘိုးအိုမှာ ဒေါသပေါက်ကွဲသွားလေသည်။

'ဝူး...ဝူး...ဝူး...ဝူး'

အဘိုးအို၏ပါးစပ်မှ ထူးခြားသော တိရစ္ဆာန်တစ်ကောင်၏ အော်သံမျိုး ထွက်ပေါ်လာသည်။

အဘိုးအို၏အော်သံဆုံးသည်နှင့် လေထဲမှသံမှိုက်ရှုန်းတစ်ရှုန်း ဟန်ချင်အိကိုယ်ပေါ်သို့ ကျရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟာန်ချင်အီက ပိုက်ကွန်ကိုရှောင်တိမ်းရန် ကြိုးစားသော်လည်း ခြေတစ်လှမ်းနောက်ကျ၍ ပိုက်ကွန်နှင့်လုံးထွေးသွားလေသည်။

'ဟား...ဟား...ဟား...ဟား'

အဘိုးအိုထံမှ ကျယ်လောင်သောရယ်သံ ထွက်ပေါ်လာလေသည်။

လက်နက်ကိုယ်စီကိုင်ဆောင်ထားသော အနက်ရောင်ဝတ်စုံရှင်တစ်စု တောထဲမှ ထွက်ပေါ်လာသည်။

'လူစွမ်းကောင်းလုပ်ချင်တဲ့ကောင်၊ ခုတော့ မင်း အာတတ်နိုင်သေးရဲ့၊ မင်းကို ဖမ်းမိခါတည်းသတ်ပစ်ရမယ်၊ မင်းရဲ့အဖော်တွေလဲ မင်းကိုလာကယ်နိုင်ဖို့အခွင့်အရေး မရှိတော့ဘူး'

အဘိုးအိုက ဤသို့ပြောပြီး လျှင်မြန်သောလှုပ်ရှားမှုဖြင့် ဓားအိမ်ထဲမှဓားကိုထုတ်ကာ ဟာန်ချင်အီအနီးသို့ တိုးကပ်လာလေသည်။

တစ်ဆက်တည်းဆိုသလိုပင် လက်ထဲ၌ကိုင်ဆောင်ထားသော ဓားကို ပင့်မြှောက်လိုက်သည်။



'ဝှစ်....'

လေတိုးသံနှင့်အတူ ဓားရောင်တစ်ချက် ဝင်းလက်သွားပြီး ဓားသွားသည် ဟာန်ချင်အီကိုယ်ပေါ်သို့ ကျရောက်လာသည်။

ပိုက်ကွန်ထဲသို့ရောက်နေသော ဟာန်ချင်အီမှာ တိမ်းရှောင်ရန် အခွင့်မသာတော့ မျက်စေ့ကိုမှိတ်ထားလိုက်သည်။

'ချွင်း....'

လက်နက်နှစ်ခုထိခတ်မိသံ ကျယ်လောင်စွာထွက်ပေါ်လာပြီး အဘိုးအိုလက်ထဲမှဓားမှာ လွင့်ထွက်သွားသည်။

ဟာန်ချင်အီအသက်ကို ကယ်တင်လိုက်သူမှာ လီနိုလင်ရှန်ဖြစ်သည်။

အဘိုးအိုက မမျှော်လင့်ဘဲရောက်လာသော မိန်းကလေးကို ကြည့်ကာ အံ့အားသင့်သွားသည်။

'မိန်းကလေး ဘယ်သူလဲ၊ မိန်းကလေးက သရဖူဓား အမား ဟာန်ချင်အီနဲ့ ဘယ်လိုပတ်သက်နေလဲ'

လီနိုလင်ရှန်က အေးစက်တင်းမာသောအကြည့်ဖြင့် အဘိုးအိုကို ကြည့်လိုက်သည်။

www.burmeseclassic.com



ဟန်ချွင်အီက ပိုက်ကွန်ထဲမှ လျင်မြန်စွာရုန်းထွက်လိုက်လေတော့သည်။

'ဟန်ချွင်အီက ကျွန်မရဲ့ အနှောင်းဆုံးမိတ်ဆွေတစ်ယောက်ပါပဲ၊ ဟန်ချွင်အီအသက်ကို ရှာဖွေနေတဲ့လူမှန်သမျှ ကျွန်မရန်သူပဲ....

'ကျွန်မက လိန်လင်ရှန်းပါပဲ၊ သိုင်းလောကသားတွေကတော့ အဆိပ်ပန်းဒေဝီလို့ ခေါ်ကြတယ်'

အဘိုးအိုမှာ တုန်လှုပ်ချောက်ချားဟန်မျိုးဖြင့် ကြည့်ရင်း နောက်သို့ ခြေတစ်လှမ်းဆုတ်သွားသည်။

'မိန်းကလေးက ကြာဖြူဂိုဏ်းက ကြာဖြူဓယ်ရဲ့ သမီးဟုတ်လား၊ မိန်းကလေးက ဒီကိစ္စမှာ နောက်ဆုတ်ပေးဖို့ ကျုပ်ပြောချင်တယ်'

လိန်လင်ရှန်းက ကိုယ်ကိုသိမ့်သိမ့်ခါသွားအောင် ရယ်မောလိုက်သည်။

'ဟန်ချွင်အီဆိုတဲ့လူတစ်ယောက်အတွက် ကျွန်မအသက်ကို စွန့်ဖို့ အသင့်ရှိနေတယ်ဆိုတာ ရှင်တို့သိပြီးရင် ဒီနေရာမှာ အမြန်ဆုံး လှည့်ထွက်သွားပါ'



အဘိုးအိုက စိတ်ရှုပ်ထွေးဟန်ဖြင့် ခေါင်းယမ်းခါလိုက်လေသည်။

'တိုက်....'

အဘိုးအိုထံမှ အမိန့်ပေးသံဆုံးသွားသည်နှင့် လူတစ်စုက လက်နက်ကိုယ်စီကိုင်ဆောင်ကာ ဟန်ချွင်အီတို့ နှစ်ယောက်ကို စက်ဝိုင်းသဏ္ဍာန်ဝိုင်း၍ တိုက်ခိုက်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၅)

'ဟိုင်း....'

'ယား....'

'ရှစ်....'

'ချွမ်း....'

ဖာစ်အော်မာန်ဆွင်းကြိုးဓါးသံ၊ ဆေးတိုးသံနှင့် လက်နက်ချင်း ထိခတ်မိသံများ အဆက်မပြတ်ထွက်ပေါ်လာပြီး မောင်ရိုင် လူ့ရိပ်များ ရှုပ်ထွေးသွားသည်။

www.burmeseclassic.com



ဟန်ချင်အိုနှင့် လီနံလင်ရှန် ကျောခြင်းတပ်၍ ခုခံတိုက်ခိုက်နေလသည်။

'အား...'

'အင့်...'

'အု...'

နှစ်ကျင်စွာ ဟစ်အော်သံများ၊ အဆက်မပြတ်ထွက်ပေါ်လာသည်။

ဓာတ်ရွှေဂိုဏ်းသားများ၊ တစ်ယောက်ပြီးတစ်ယောက် မြေပြင်ပေါ်သို့ လဲကျကုန်သည်။

တိုက်ပွဲအခြေအနေကို အကဲခတ်စောင့်ကြည့်နေသော အဘိုးအိုက အခြေအနေမှာမှန်းသိသည်နှင့် အစေးသို့ဆုတ်ခွာကာ တောအုပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

အလောင်းများမှာ မြေပြင်ပေါ်၌ မြင်မကောင်းအောင် ပြန့်ကြဲနေလေသည်။

ဟန်ချင်အိုက ဘေးရွှန်းနေသောဓားကို ဓားအိမ်ထဲသို့ သွင်းလိုက်သည်။



ဟန်ချင်အိုနှင့် လီနံလင်ရှန်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျှ ပြုံးလိုက်သည်။

'မိန်းကလေးသာ အချိန်မီရောက်မလာရင် ကျုပ်တာတော့ ခုချိန်မှာ အသက်ရှိတော့မှာမဟုတ်ဘူး...

'မိန်းကလေးက ကျုပ်ရဲ့ အသက်သခင်ကျေးဇူးရှင် ဖြစ်သွားပြီ၊ အခွင့်အခါသင့်တဲ့အခါနေ့မှာ မိန်းကလေးကို ကျေးဇူးတုံ့ပြန်မှာပါ'

လီနံလင်ရှန်က ခေါင်းခါယမ်းသည်။

'အကြောင်းတိုက်ဆိုင်လို့ကူညီတာ၊ ကျွန်မကိုကျေးဇူးတင်ဖို့ မလိုပါဘူး၊ ရှင့်အပေါ်ထားတဲ့ ကျွန်မရဲ့သံယောဇဉ်နဲ့ စေတနာကို နားလည်ရင် ကျွန်မကျေနပ်ပါတယ်...

'ကျွန်မ ရှင်နဲ့လမ်းခွဲထွက်လာတယ်ဆိုပေမယ့် ရှင့်နောက်မှာ ကျွန်မအရိပ် ထပ်ပါနေမှာပါတယ်'

ဟန်ချင်အိုက နားလည်စွာဖြင့် ခေါင်း ညိတ်လိုက်လေတော့သည်။

ထို့နောက်...

အလောင်းများကိုကျော်ခိုင်းကာ မြင်းကိုယ်စီနှင့် ရှေ့ဆက်၍ ခရီးထွက်ခွာလာသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်တောဝင်တစ်တောင်ထွက်ဖြင့် ခရီးထွက်လာရာ နေဝင်စအချိန်၌ သေမင်းတောင်ကြားသို့ ရောက်ရှိလာသည်။

ဟန်ချစ်အီနှင့် လိန်လင်ရှန် မြင်းပေါ်မှဆင်းပြီး တောင်ကြားထဲသို့ လျှောက်လှမ်းဝင်ရောက်လာသည်။

'ဝှစ်...'

'ဝှစ်...'

'အဆိပ်လူးမြားတွေ၊ မိန်းကလေးသတိထား'

မြားတံများက မျှားတစ်အုပ်ပျံဝဲသကဲ့သို့ ပြေးဝင်လာလေသည်။

ဟန်ချစ်အီက ဓားအိမ်ထဲမှဓားကိုထုတ်ဆွဲကာ လိန်လင်ရှန်ကို သတိပေးလိုက်သည်။

'ဝှစ်...'

'ထောက်...'

'ထောက်...'

ဟန်ချစ်အီက မန်းရှိုင်းလေးခွဲဓားကွက်ကို အသုံးပြုပြီး ဓားကိုဝှေ့ယမ်းကာ မြားတံများကို ဓားဖြင့်ခုတ်ထစ်ဖယ်ရှားပစ်လိုက်သည်။



မြားတံများမှာ အပိုင်းပိုင်းအတစ်စစ် ပြတ်တောက်ကာ မြေပြင်ပေါ်သို့ ကျရောက်ရှာသည်။

တောင်ကြားထဲမှ လက်နက်မျိုးစုံကိုင်ဆောင်ထားသော လူတစ်စု ထွက်ပေါ်လာသည်။

ဟန်ချစ်အီနှင့် လိန်လင်ရှန်မှာ အင်အားများသောရန်သူ ကျောခြင်းကပ်၍ ရင်ဆိုင်တိုက်ခိုက်ကြ၏။

သေမင်းတောင်ကြား၌ နေထိုင်သူများသည် သိုင်းလောကအတွင်း နာမည်ဆိုးဖြင့် ကျော်ကြားနေကြသော အဆင့်မြင့် သိုင်းပညာရှင်များ ဖြစ်သည်။

'ဝှစ်...'

'အား...'

'အား...'

လိန်လင်ရှန်က လက်နက်ပုန်းများဖြင့် အဆက်မပြတ် ပစ်လွှတ်တိုက်ခိုက်မှုကြောင့် ရန်သူအတော်များများ လက်နက်ပုန်းထိမှန်၍ သေဆုံးကုန်သည်။

ရန်သူအများစု၏ တိုက်ခိုက်မှုကို သတိကြီးစွာထား၍ ခုခံကာကွယ်တိုက်ခိုက်နေစဉ် ဟန်ချင်းခန်၊ ဟန်ခုန်ပေါ်နှင့် ဟူချင်

www.burmeseclassic.com



လို၊ ကျောင်းအိမ်တို့ သေမင်းတောင်ကြားထဲသို့ ဝင်ရောက်လာလေသည်။

အလေခင်းများမှာ မြေပေါ်၌ မြင်မကောင်းအောင်ပြန့်ကြဲလျက်ရှိရာ တိုက်ပွဲအရှိန်အဟုန် မြင့်မားလာသည်။

ဟန်ချင်အိုတို့ဘက်မှလူအင်အားနည်းသော်လည်း အားလုံးထိပ်ဆီးဆိုင်းမညာရှင်များ ဖြစ်ကြသည်။

ရန်သူလူစုကို အသားစီးမှတိုက်ခိုက်နိုင်၍ တန်ချင်းခန့်ကတိုက်ပွဲအောင်းမှထွက်ခွာလာ မရဏာစက်ပါလိုက်ကူရှိရာသို့ ထွက်လာသည်။

'သေမင်းတောင်ကြားကို ရောက်ရှိလာတဲ့ ရပ်ဝေးက ဧည့်သည်များကို ကြိုဆိုမှုမပေါ့လျော့ခဲ့မိတာကို တောင်းပန်လွှတ်ကြပါ'

အသံက ချိုင့်ဝှမ်းထဲမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

စဉ်းလဲရဏ်စောင်စာတယ်သူတို့မည်သည် ဤသို့သောဟန်ဆောင်မှုများ ရှိစမြဲပေ။

သူတို့စိတ်ထဲတွင် အလွန်မုန်းတီးသော ဧည့်သည်ပင်ဖြစ်လင့်ကာစေ၊ ရှုတ်တရက် မျက်နှာချင်းဆိုင်မိလျှင် အလွန်



အားနာမှုပြုကာ အလေးတစား ဟန်ဆောင်ဆက်ဆံတတ်သည်မဟုတ်ပါလား။

'အင်း.... အပြောကောင်းပါ၊ အပြောကောင်းပါ'

ဟန်ချင်အိုက အတွင်းအားများစုစည်းကာ တဟားဟားရယ်ပြီး ပြန်ပြောလိုက်သည်။

ချက်ချင်းပင် ကောင်တစ်ပါးယံကြီးအတွင်း၌ တန်ချင်အိ၏အတွင်းအားပါသည့် ရယ်မောသံကြီးက ဟိန်းတက်သွားတော့လေသည်။

ရယ်မောသံကြီးမှာ ချောက်ကြီးထဲတွင် တော်တော်နှင့်စဲမသွားဘဲ ပဲ့တင်ထပ်နေသည်။

'ကျွန်တော်တို့ဂိုဏ်းချုပ်ကြီးက ချောက်ထဲမှာစောင့်ကြိုနေပါတယ်၊ ဂေဟာထဲကြွပါခင်ဗျား'

အစောင့်ဖြစ်ဟန်ရှိသောလူရွယ်က ပြောပြီးသည်နှင့် ခန္ဓာကိုယ်ကို ဘေးသို့တိမ်းရှောင်ပေးလိုက်ပြီး ကြိုဆိုဖိတ်ခေါ်ခြင်းပြုလိုက်သည်။

ဟန်ချင်အိုက ခြေလှမ်းကျဲကြီးများဖြင့် လျှောက်ခဲ့သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လိန်ယင်ရှန်သည်၊ ဟန်ချင်အိနောက်မှ လျှောက်လှမ်းလိုက်ပါသွားသည်။

အနည်းငယ် ဆက်လျှောက်လာမိကြလျှင် ဝါးရုံကြီးထူထပ်သည့်နေရာသို့ ရောက်လာပြီး တစ်ဘက်သို့ကွေ့လိုက်သည်နှင့် မျက်စိရှေ့၌ အိမ်များ ဘွားခနဲပေါ်လာသည်။

ထိုအိမ်များမှာ အားလုံး ကျောက်အိမ်များဖြစ်ကြသည်။

'မိစ္ဆာအိုကြီး၊ ငွေ့သည်တွေလာတာကို ဟန်လုပ်နေရသေးသလား'

ဟန်ချင်အိက ထည်ဝါခမ်းနားသော ကျောက်အိမ်ကြီးတစ်အိမ်ရှေ့သို့ ရောက်သည်နှင့် ကျယ်လောင်စွာအော်ပြောလိုက်သည်။

စကားဆုံးသည်နှင့် ဟန်ချင်အိက အင်္ကျီလက်ပွကျယ်ကြီးနှစ်ခုဖြင့် ရှေ့သို့ဖွ ယမ်းလိုက်သည်။

ဤတွင် ဝုန်းခနဲမြည်ဟည်းသံကြီး ထွက်ပေါ်လာသည်နှင့်တစ်ချိန်တည်းမှာ ပြင်းထန်သောလေလှိုင်းကြီး ထွက်ပေါ်ထိမှန်သွားပြီး ပိတ်ထားသောတံခါးကြီး ပွင့်ထွက်သွားသည်။

ခန်းမကျယ်ကြီး၏ အလယ်ဗဟိုနေရာတွင် ခန့်ညားသော ကုလားထိုင်ကြီးတစ်လုံး ရှိနေသည်။



ကုလားထိုင်ကြီးကို အနီရင့်ရောင် တန်ဆာပလာကော်ဇောကြီး အပြည့်ခင်းထားသည်။

ယင်း အနီရောင်ကုလားထိုင်ပေါ်တွင် လူကြီးတစ်ယောက် ဟိတ်ဟန်အပြည့်နှင့် ထိုင်နေသည်။

ထိုင်နေသူမှာ လမ်းလျှောက်ဂိုဏ်းချုပ်ကြီး မိစ္ဆာဘုရင်ပင် ဖြစ်လေသည်။

'မထင်မှတ်ဘဲ ဒီလောက်တောကြီးခေါင်ခေါင်ဆီကို လာရောက်လည်ပတ်တဲ့ ဧည့်ထူးဆောင်ထူးတွေလဲ ရှိသေးသကိုး'

မိစ္ဆာဂိုဏ်းချုပ်ကြီးက အေးစက်စက်လေသံဖြင့် ပြောလိုက်လေသည်။

'မှန်တယ်၊ ကျုပ်တို့ရောက်လာတာ အကြောင်းထူးရှိလို့ လာခဲ့တာပဲ'

ဟန်ချင်အိက တည်ငြိမ်သောလေသံဖြင့် ပြန်ပြောလိုက်လေသည်။

'မောင်ရင်ရောက်လာတဲ့အကြောင်းကို ကျုပ်သိပါတယ်'

မိစ္ဆာဘုရင်က အေးဆေးစွာပင် ပြန်ပြောသည်။

× × ✖

www.burmeseclassic.com

www.burmeseclassic.com



မိစ္ဆာအိုကြီး၏စကားကို ကြားလိုက်ရသောအခါ လိန်လင် ရှန်မှာ ဒေါသတုန်းတုန်းထောက်သွားသည်။

ရင်ထဲတွင်မျိုသိပ်ထားသမျှ အကုန်ပွင့်ထွက်နီးနီး ဖြစ်သွား လေသည်။

မျိုသိပ်မထားနိုင်တော့သဖြင့် အော်ဟစ်ပြောဆိုလိုက်မိ တော့သည်။

'ရှင့်တစ်သက်လုံးမှာ ဒုစရိုက်မှုတွေ များစွာပြုခဲ့တယ် ဒါပေမယ့် ပြုခဲ့သမျှဒုစရိုက်တွေထဲမှ ဒီအပြုအမူက ရက်စက် ယုတ်မာဆုံးပဲ....

'တန်မိန်းကလေးကို နဂိုအတိုင်းပြန်မလွှတ်ပေးဘူးဆိုလို့ရင် တော့ ကျွန်မသေပြီးတော့ အရဲမြစ်တာတစ္ဆေ ရှင့်ကို ချမ်းသာ မပေးဘူးဆိုတာ မှတ်ထားလိုက်စမ်းပါ'

လိန်လင်ရှန်၏အသွင်မှာ လုံးဝကြောက်ရွံ့ခြင်းမရှိ။

တည်ကြည်ရဲရင့်စွာ ရှိနေသည်။

မိစ္ဆာအိုကြီးက လိန်လင်ရှန်၏စကားကို သည်းခံကာ ဆုံး အောင် နားထောင်ပြီးမှ ခနဲ့သံဖြင့် ပြန်ပြောလိုက်သည်။



'လူကြီးတွေ စကားဆောင်းတောင်းပြောနေတာကို နင်ဆော ဒီလိုဟော့ဒေါ့ရှမ်းရှမ်း ဝင်ပြောရသလား၊ ဒီမှာ မေခင်ရှင်၊ ကိုယ့်နေစတ်ပါမယ့် မိန်းကလေးအပေါ်မှာ ဆိုဆုံးမတာ သိပ် တန်မကျသေးဘူးနဲ့တူတယ်'

'မိစ္ဆာအိုကြီး၊ ခင်ဗျားရဲ့ ဒီသို့ဟန်ပန်မျိုးတွေကို ကျုပ်က အံ့ယ်တုန်းကမှသက်ခံခဲ့တာမဟုတ်ဘူး၊ အခု ခင်ဗျား တန် မိန်းကလေးကို ဘယ်မှာဝှက်ထားသလဲ'

'မောင့်ရှင့်စကားက ရယ်စရာကြီးဖြစ်နေပြီ၊ တန်မိန်းအဖေး ကို ကျုပ်က ဖော်ဝှက်ထားစရာလိုလို့'

အပိုစကားများပြောဆိုနေခြင်းကို ဟန်ချင်အိတ စိတ်မရှည် နိုင်တော့ပေ။

ထို့ကြောင့်—

ဓားကိုဆွဲထုတ်၍ မိစ္ဆာအိုကြီးရှိရာသို့ လျှောက်လှမ်းကာ မိစ္ဆာအိုကြီး၏ရင်ဝသို့ ဓားရှည်ဖြင့် လှမ်းထိုးလိုက်သည်။

မိစ္ဆာအိုကြီးမှာ မတုန်မလှုပ် ငြိမ်သက်စွာရှိနေပြီး ဓားဖျား က ရင်ဝသို့ရောက်မလုံ့အချိန်ကျမှ ခန္ဓာကိုယ်ကို သွက်လက် စွာ လှုပ်ရှားလိုက်ရင်း ဘေးသို့လွှားခနဲ ဘိမ်းရှောင်ထွက်သွား လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘေးသို့ခုန်ဘွက်သွားသည်နှင့် တစ်ချိန်တည်းမှာ ဟန်ချင်အိ၏ နံဘေးသို့လည်း မိစ္ဆာဘုရင်က လက်ပြန်တစ်ချက် ရိုက်ထည့်လိုက်သည်။

ဟန်ချင်အိသည် မီမိစေ၊ချက်လွဲသွားသည်နှင့် ကိုယ်ခန္ဓာလည်း စော်မ်းစောင်းကာ လက်ဖောက်ဝတ်ကို တစ်ချက်ဖော်လိုက်သည်။

တစ်ခက်တည်းပင် စားပန်းရိပ်များက မြောင်မြားစွာထွက်ပေါ်လာပြီး စေးဖျားမှာ တရစပ်လှုပ်ခါသွားသည်။

စေးဖျားလှုပ်ခါသွားခြင်းက မိစ္ဆာဘုရင်၏ မျက်လုံးအောင်မှီရာသို့ ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။

ဤစေးကွက်က မိုးမြေစေးကွက်ပင် ဖြစ်သည်။

တစ်ကွက်တည်းမှာပင် အဆင့်ကိုးဆင့်ရှိပြီး လိုရင်းနေရာသို့ အမိအရထိုးနှက်နိုင်မှုအတွက် အထူးဖက်မြက်သောစားကွက်ဖြစ်သည်။

မိစ္ဆာဘုရင်မှာ သူ၏စေးကို ဦးစွာထုတ်နိုင်ပါက ဟန်ချင်အိ၏ စေးကွက်ကို အနိုင်ရနိုင်၏။

သို့သော်—



မိစ္ဆာဘုရင်မှာ သူ့ကိုယ်သူ အလွန်အမင်းယုံကြည်သူဖြစ်၍ မှချနိုင်ရမည်ဟု ထင်မှတ်ထားသည်။

ထို့ကြောင့်—

စားကိုဆွဲထုတ်ရန် အနည်းငယ်နှောင့်နှေးသွားရခြင်း ဖြစ်လေသည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၆ )

နွေခင့်နွေးသည့်ကြားမှ ထွက်လာသည့်ယာဖြင့် ဟန်ချင်အီ လက်ထဲမှ ဓားရှည်ကို လုံးဖွယ်လိုသည့်အတွက် ဓားကိုဆွဲထုတ်ရန် နွေခင့်နွေးသွားရခြင်းဖြစ်သည်။

ဓားဖျားမှာ မိစ္ဆာဘုရင်၏ဦးခေါင်း အပေါ်ပိုင်းတစ်ခုလုံး ဖုံးအုပ်ခဲ့လေပြီ။

မိစ္ဆာဘုရင်မှာ ဓားကိုဆွဲထုတ်နိုင်ခြင်းသည့်အတွက် မိုးမြေဓားကျွက်ကို ဟန်ချင်အီက အသုံးပြုနိုင်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိစ္ဆာအိုကြီး၏မျက်စိရှေ့တွင် ဓားရောင်တဝင်းဝင်း ရှပ်ထွေးအောင် ပေါ်လာခဲ့တော့မှပင် မိစ္ဆာအိုကြီးမှာ ထိတ်လန့်တုန်လှုပ်သွားသည်။

မိစ္ဆာအိုကြီးမှာ နောက်ကျောရှိဓားအိမ်မှ သူ၏ဆောင်ဓားကို အလျင်အမြန်ဆွဲထုတ်လိုက်သည်။

ဓားကိုဆွဲထုတ်လိုက်သည်နှင့် တစ်ပြိုင်နက် ဟန်ချင်အိရင်ဝသို့ ဓားဖျားက တန်း၀င်လာသည်။

'အစ်ကို သတိ'

လိန်လင်ရှန်က လန့်သွားဟန် သတိပေးလိုက်သည်။

ဟန်ချင်အိသည် မိစ္ဆာအိုကြီး၏ လျှပ်တစ်ပြက် ဓားထိုးချက်ကို တိမ်းရှောင်ပေးလိုက်သည်။

တစ်ဆက်တည်းပင် မိစ္ဆာအိုကြီး၏ ညာဘက်ပခုံးဆီသို့ လက်ဝါးရိုက်ချက်တစ်ချက် ရိုက်ထည့်လိုက်သည်။

ကြီးကျယ်သော ဒဏ်ရာအနာတရမဖြစ်သော်လည်း တပည့်များနှင့် အများရှေ့မှောက်တွင် အရှက်ရစေရာမို့ မိစ္ဆာအိုကြီးမှာ ဒေါသူပုန်ထသွားသည်။



ဒေါသအမျက်ထွက်နေသော မိစ္ဆာအိုကြီးသည် သူ၏လက်စွဲတော် လက်နက်ဖြစ်သော ဓားဖြင့် ဆင်အောင်းတောသို့ တိုက်ခိုက်လေတော့၏။

ဓားရိပ်ဓားရောင်များက တလက်လက် တဖွေးဖွေးဖြာနေလေသည်။

လက်နက်ချင်းထိတွေ့သံ ခင်ဒင်ဒေါင်ဒေါင်တို့က တောင်ကြားထဲတွင် ပဲ့တင်ထပ်မျှ ဆူညံစွာပေါ်ထွက်နေသည်။

ခဏအတွင်းမှာ သိုင်းကွက်ငါးဆယ်ကျော် ရင်ဆိုင်တိုက်ခိုက်ပြီးသွားသည်။

မိစ္ဆာအိုကြီးသည် ဟန်ချင်အိကို အနည်းငယ်မသိမသာ ဖိနှိပ်တိုက်ခိုက်နေသော်လည်း ထိခိုက်အနာတရဖြစ်အောင်မှာ မလုပ်နိုင်သေးချေ။

မိစ္ဆာအိုကြီးမှာ ပို၍ဒေါသမာန်ပွားလာကာ ကြမ်းကြမ်းရမ်းရမ်း တိုက်ခိုက်သည်။

ဒေါသစိတ်ကြီးမားနေသောကြောင့် စိတ်အာရုံမကြည်လင် မတည်ငြိမ်ဘဲဖြစ်နေရာ သူ၏သိုင်းကွက်သိုင်းဟန်များမှာလည်း အစွမ်းထက်မြက်သင့်သလောက် မထက်မြက်နိုင်ဘဲ ရှိနေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖာန်ချင်အိသည် မိစ္ဆာအိုရှိရာသို့ ရုတ်တရက်ချဉ်းကပ်သွားပြီး အဘွင်းအားဖြည့်ထားသော လက်ဝါးရိုက်ချက်တစ်ချက်ဖြင့် ထိုးနှက်တိုက်ခိုက်လိုက်သည်။

ကျယ်လောင်သောအသံ ထွက်ပေါ်လာပြီးနောက် မိစ္ဆာအိုသည် လက်ဝါးချင်းဆိုင်ရိုက်ခတ်မှုမှ ထွက်ပေါ်လာသော အားအဟုန်၏ တွန်းကန်မှုကို ကြံ့ကြံ့မခံနိုင်ဘဲ နောက်သို့ ခြေသုံးလှမ်းမျှ ယိမ်းယိုင်ထွက်သွားသည်။

ဖာန်ချင်အိမှာ ခန္ဓာကိုယ်ယိမ်းယိုင်ခြင်းမရှိဘဲ နေရာတွင်ပင် တည်တည်ငြိမ်ငြိမ် ရပ်နေနိုင်သည်။

လက်ဝါးရိုက်ချက်တစ်ကြိမ်၏ ရင်ဆိုင်တိုက်ခိုက်မှုအညီနှင့် ဖာန်ချင်အိ၏ သိုင်းပညာစွမ်းရည်က မိစ္ဆာအိုထက် ပိုမိုသာလွန်ကြောင်း သိသာပေါ်လွင်သွားသည်။

မိစ္ဆာအို၏ ပါးစပ်ထဲမှသွေးစီးများ သုံးကြိမ်မျှထိုးအန်ချလိုက်သည်။

ထို့နောက်....

မြေကြီးပေါ်သို့ အရုပ်ကြိုးပြတ်လဲကျသွား၍ ငြိမ်သက်သွားတော့၏။

★

## အခန်း (၂၃)

မူလက ဖာန်ချင်အိမှာ မိစ္ဆာဂုရင်အား အရှင်လက်ရဖမ်းဆီး၍ တရားရုံးတစ်ခုခုတွင် လိန်လင်ရှန်ကိုသက်သေအဖြစ်ထား၍ တရားစွဲရန် ကြံစည်စိတ်ကူးထားခဲ့သည်။

ဤအတိုင်းလုပ်ဆောင်ရန်လည်း သူ၏စိတ်ဆန္ဒများ ထားရှိနေခဲ့သည်။

သို့သော် နေ့စဉ်ထုတ်သတင်းစာများမှ ဤကဲ့သို့ ရာဇဝတ်မှုများ ကျူးလွန်ခဲ့ပါက တရားဥပဒေ၏ အပြစ်ဒဏ်ပေးခြင်းကို မလွဲမသွေခံရမည်ဖြစ်ကြောင်း သင်ခန်းစာရရှိစေရန် အကြံနှင့် ဖြစ်သည်။

www.burmeseclassic.com



မိမိကိုယ်တိုင်လည်း တရားဥပဒေ၏အကျိတော်သား တစ်ဦးပင် ဖြစ်သည်။

ထို့နောက်....

မတရားမှုနှင့် ဒုစရိုက်မှုများကို ရှုရှာမုန်းတည်းသူလည်း ဖြစ်သည်။

ထို့ကြောင့်—

ယင်းသို့သောအမှုကိစ္စများကို သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်၏။

ယခု မိမိ၏ရည်မှန်းချက်များ အကောင်အထည် ပေါ်ခဲ့လေပြီ။

သို့သော်—

ဖာန်ချင်အိမ်မှာ တစ်ခုတော့ဘဝင်မကျဖြစ်ခဲ့၏။

မိစ္ဆာဘုရင်ကို မိမိက အရှင်လက်ရဖမ်းဆီးလိုသည်။

ယခုအခါ ဤသို့ဖြစ်မလာခဲ့။

ဒုစရိုက်ခေါင်းဆောင်ကြီး မိစ္ဆာဘုရင်ကား အသက်ရှင်လျက်နှင့် တရားဥပဒေလက်တွင်းသို့ မအပ်နိုင်ခြင်းအတွက်သာ ဖာန်ချင်အိ ယူကြုံးမရဖြစ်ရသည်။



မည်သို့ပင်ဖြစ်စေ မကောင်းမှုဒုစရိုက်ကို ကျူးလွန်ခဲ့သူများသည် မိမိပြုလုပ်သည့် ဒုစရိုက်မှုများနှင့်အညီ နေ့ခင်တစ်ချိန်ပြန်လည်တွေ့ကြုံခံစားရမည်မှာ မလွဲပေ။

တရားဥပဒေ၏ ဆုံးမအပြစ်ဒဏ်ပေးခြင်းခံရမည်။

သို့တည်းမဟုတ် ပြည်သူများ၏ လက်တုံ့ပြန်မှုကိုခံရမည်။

ထို့ထက် ဒုစရိုက်မှုပြုသူအချင်းချင်း အစွာခဖောက်ကာ တိုက်ခိုက်သတ်ဖြတ်ကြကာ နောက်ဆုံး တစ်ယောက်မှမကျန်သည့်အထိ တွေ့ကြုံရပေမည်။

ဤသည်ကား မည်သည့်ဒုစရိုက်သမားမဆို မလွဲမသွေ ကြုံတွေ့ခံစားရမည့် ဆိုးရွားသောရလဒ်ပင်ဖြစ်သည်။

ယခုလည်း လမ်းလွဲခေါင်းဆောင် ဒုစရိုက်သမားကြီး မိစ္ဆာဘုရင်မှာ သူ၏သိုင်းပညာ မည်မျှပင်နက်ရှိုင်းထက်မြက်စေကာမူ ဖာန်ချင်အိကဲ့သို့ အစွမ်းထက်မြက်သော အဖြူရောင် သိုင်းသမားများနှင့်တွေ့ပါက ဤသို့ပင်ဖြစ်ရပေမည်။

မိမိ၏ မကောင်းသော အကြံအစည်နှင့် လုပ်ရပ်များကြောင့် နောက်ဆုံး မိမိအသက်ဇီဝိန်ကို နှုတ်ယူသွားမည့်အရာဖြစ်သည်။

မကောင်းမှုလုပ်သောသူသည် ခေတ္တခဏသာ စိတ်ချမ်းသာမည် ဆင်ရသော်လည်း အဆုံး၌ နိဂုံးမကောင်းပေ။

www.burmeseclassic.com



လူ၏ အမြော်အမြင်ရှိသော လုပ်ရပ်များသည် တစ်သက်တာပတ်လုံး သူ့အား ဖေးမကူညီမည်။

စိတ်ချမ်းသာမှုကို ပေးစွမ်းမည့်အရာ ဖြစ်သည်။

အလားတူစွာပင် မှားယွင်းသော အမြော်အမြင်နည်းသော လုပ်ရပ်များသည်လည်း သူ့နောက်သို့ ထာဝစဉ်ကောက်ကောက် လိုက်၍ နှောင့်ယှက်ဖျက်ဆီးမည်။

နှိပ်စက်အလှူပြုမည်ပင် မတော်တပါလေ။

ပြီးပါပြီ။

ရွှင်လန်းချမ်းမြေ့ပါစေ

ဝင်းကြွယ်

BURMESE CLASSIC

www.burmeseclassic.com